
www.burmeseclassic.com

ယောက်ျားနဲ့ [illegible] ယောက်ျားမျိုး
မိမိနှင့် အသင့်တော်ဆုံး ဆိုတာ သိစေဖို့အတွက်...



• ပွင့်ပွင့်လင်းလင်း

# ယောက်ျားတို့ အကြောင်း

သန်းဖေမြင့်

BURMESE CLASSIC

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - (၄၅၀/၉၆) (၆)
အဖုံးခွင့်ပြုချက် - (၅၈၈/၉၇) (၁၀)
ပုံနှိပ်ခြင်း - ၁၉၉၇-ခု ဒီဇင်ဘာလ၊ဒုတိယအကြိမ်
အုပ်ရေ - (၁၀၀၀)
Graphic Design - SOE SOE (Star)
အတွင်းဖလင် - မျိုးဝင်းကျော်၊ လမ်း (၄၀)
တန်ဖိုး -
ထုတ်ဝေသူ - ဦးသန်းထွန်းအောင် (မြ-၀၃၉၆၇)
ဖိုးရာဇာ စာအုပ်တိုက်
အမှတ်(၂၇၁)၊ လမ်း ၄၀ (အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ - ဦးသန်းထွန်းအောင် (၇၃၅) ယာယီ
THUDAMA Printing House
အမှတ်(၂၇၁)၊ လမ်း ၄၀(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

www.burmeseclassic.com

◆ ယောက်ျားနှင့်မိန်းမဘယ်သူကအချစ်မေတ္တာအပေါ် သစ္စာထားနိုင်ကြသလဲ? ယောက်ျားတို့က ဘာလို့သစ္စာပိုမြဲကြသလဲ?။
◆ မိန်းမမာယာ သဲကိုးဖြာလို့ဆိုစကားရှိတယ်လေ. . .။

◆ ယနေ့ခေတ် မောင်-မယ်အားလုံး အသုံးချ၊ ဖတ်ကိုဖတ်ရမယ့် ပညာပေး သုတရသ စာကောင်းစာမွန် (သို့မဟုတ်) မိန်းတလေးတိုင်းအတွက် ဘဝသင်ခန်းစာပေးသည့် စာအုပ်ကောင်းကစ်အုပ်. . .

BURMESE CLASSIC

# မွှင့်မွှင့်လင်းလင်း

# ယောက်ျားတို့အကြောင်း

## သန်းဖေမြင့်

*

ဖိုးရာဇာစာအုပ်တိုက်
အမှတ် ၂၇၁၊လမ်း ၄၀ (အထက်)
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


၁။ ဖွင့်ဖွင့်လင်းလင်းဆိုရပါမူ ၁၆

၂။ ယောကျ်ားတို့ ဘာ့ကြောင့်အခွင့်အရေးသာကြသလဲ ၂၀

၃။ မိန်းမတို့၏သဘောကို လေ့လာထားသောယောကျ်ား ၂၆

၄။ ယောကျ်ားအများစု၏ ယေဘုယျသဘော ၃၃

၅။ ချစ်ရန်ဝန်မလေးသော ယောကျ်ား ၄၀

၆။ ကျားထက်ဆိုးသော ယောကျ်ား ၄၇

၇။ ယောကျ်ားတို့၏ဖိုမကိစ္စအရှုပ်အထွေးများ ၅၂

၈။ မိန်းမစိတ်နှင့် ကိုယောကျ်ား ၅၈

၉။ ယောကျ်ားတို့ရွေးသော အိမ်ထောင်ရှင်မိန်းကလေး ၅၉

၁၀။ နွားဆန်သော ယောကျ်ားများ ၆၆

၁၁။ ယောကျ်ားစကား ၇၈

၁၂။ ယောကျ်ားသည် မိန်းမထက်မြတ်သလား ၈၅

၁၃။ သနားစရာ ယောကျ်ားများ ၉၂

၁၄။ အိုင်တွေ့လျှင် ခြေဆေးတတ်သူများ ၉၈


BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

၁၅။ ယောက်ျားမြတ်ရှိသလား ၁၀၄
၁၆။ မိန်းမများသည် ယောက်ျားများအပေါ် ယုံကြည်သင့်သလား ၁၁၁
၁၇။ ယောက်ျားတို့ ဘာ့ကြောင့်မိန်းမယူကြသလဲ ၁၁၇
၁၈။ မိန်းမများအပေါ် ထားရှိသောယောက်ျားတို့၏ သဘောထား ၁၂၄
၁၉။ အကြံသမား ၁၃၃
၂၀။ ယောက်ျားတို့၏စကားဝိုင်း ၁၃၉
၂၁။ အသည်းနုသော ယောက်ျားများ ၁၄၅
၂၂။ ယောက်ျားပီသသော ယောက်ျား ၁၅၃
၂၃။ မိန်းမချစ်တတ်သော ယောက်ျား ၁၆၃
၂၄။ ယောက်ျားပျိုတို့၏ ချစ်ခြင်းမေတ္တာ ၁၇၂
၂၅။ အချစ်နှင့် ပတ်သက်၍ ယောက်ျားတို့၏ တကယ့်ခံစားချက်များ ၁၈၅
၂၆။ ယောက်ျားတို့ သံယောဇဉ်ထားတတ်သလား ၁၆၉
၂၇။ ယောက်ျားတို့ အကြောင်း၏ နိဂုံး ၁၆၂

www.burmeseclassic.com

www.burmeseclassic.com

**သမီးရည်းစား များပြားပေမယ့် တကယ်ချစ်တာ သူတစ်ယောက်တည်းပါဆိုတဲ့ လူငယ်တစ်ယောက်ရဲ့ အချစ်ဇာတ်ကွက်တထယ့် အဖြစ်အပျက်နှင့် အချစ်ဆိုတာကို မယုံကြည် အလေးအနက်မထားတဲ့ ပွင့်လင်းရိုးသားတဲ့ မိန်းမငယ်တစ်ယောက်ရဲ့ အမှုတရားအပေါ်ခံယူပုံနှင့် မဟာပုရိသယောကျာ်းတို့ရဲ့ အချစ်အပေါ်သဘောထားနှင့် သဘောတရားများ..** စသည့်ကိုယ်တွေ့ဇာတ်လမ်းများနှင့် ရေးဖွဲ့ထားသော ပွင့်ပွင့်လင်းလင်း ယောကျာ်းတို့အကြောင်း. . (တစ်နည်း) ယောကျာ်းအများစုရဲ့ မိန်းမများအပေါ် ထင်မြင်ယူဆချက်များနှင့် အချစ်ကြီးမှု၊ အမျက်ကြီးမှုများ. . .

ချစ်ပုံနှဲ့ပုံ၊ကမျိုးစုံနှင့် က ပြဇာတ်သော ယောကျာ်းအများတို့၏ အချစ်ဇာတ်ကွက် ဇာတ်လမ်းများ၊ အပွင့်လင်းဆုံးဖွင့်ဟပြဆိုထားသော ဤစာအုပ်ငယ်ကို (၁၉၆၉) ခုနှစ် စက်တင်ဘာလက ရိုးမစာပေမှဖြန့်ချိခဲ့ရာယခုဆိုလျှင် အနှစ်သုံးဆယ်ဝန်းကျင်သို့တိုင် ရှိခဲ့ပါပြီ။

ဤစာအုပ်ပါ အကြောင်းအရာများသည် ယနေ့ခေတ်သို့တိုင်မရိုးနိုင်မပျောက်နိုင်ရှိနေသေးသော ရသဇာတ်လမ်းဇာတ်ကွက်များနှင့်ခံစားချက်ရှိသူတိုင်း အချစ်ဝေဒနာမှာ တွယ်ငြိမိသူတိုင်း. . အသဲထဲအထိစွဲငြိစေမည့် စာအုပ်ကောင်းတစ်အုပ်. .

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်မရယ်ဘဲ ခပ်တည်တည်နှင့်
ပြောဆိုသော လူပြက်များ၏ ပြက်လုံးများကို ပရိသတ်သည်
ပိုမို၍ သဘောကျလေ ရှိကြောင်း လူပြက်တို့သည်
နားလည်ထားကြ၏။

မိန်းမသားများအပေါ် ထားရှိသော ယောကျ်ားများ၏
ချစ်ခြင်းမေတ္တာသည်
မဟာမိုးမှုယ် ခန္ဓာကိုယ် အစိတ်အပိုင်းပေါ်တွင်သော
မှတည်လေ ရှိသောကြောင့်သာ မကြာမီအချိန်အတွင်း မိတ်ပါမောဒ္ဒ
သိသိသာသာကြီး လျော့ပါးသွားခြင်းဖြစ်သည်။
ချုံး၍ပြောရလျှင် မေတ္တာတရားကြောင့်ပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတို့သည် အစဉ်အလာပမာ မိန်းမသားများအပေါ် အနိုင်ကျင့်၍ အမြတ်ထုတ်နေကြသည်မှာ သဘာဝပေး ကိုယ်ခန္ဓာ အခြေအနေနှင့် မိန်းမသားများက လိုသည်ထက်ပို၍ အထင်ကြီးလာတတ်ကြသည့် အချက်တို့အပေါ်တွင် အခြေခံပေသည်။

ယောကျ်ား အများစု၏ သဘောထားနှင့် စကားသည် တည်မြဲခြင်း မရှိပေ၊ မိန်းမသားများ ဒုက္ခရောက်ကြရသည်မှာ သူတို့၏ စကားကို အတည်ယူ၍ပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် လက်တစ်လော ကိစ္စအတွက် ဟန်ကျပန်ကျဖြစ်အောင် ပြောဆိုနိုင်ကြသလောက် ပြောဆိုပြီးသားစကားကို ဖျက်ပြီဆိုလျှင်လည်း ဘာကိုမျှ ငဲ့ညှာမည့်သူမျိုး မဟုတ်ကြပေ။

ယောကျ်ားတို့၏လောကတွင် ထင်ရှားသော အချက်တစ်ရပ် ရှိသည်။ ငွေကား မက်မောဖွယ်အဆင်းရှိသော မိန်းမသားတိုင်းကို အချိန်မရွေး ဖိတ်ခေါ်နိုင်ခြင်းပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပျို အချို့သည် အချစ်အတွက်နှင့်
အသည်းကွဲလေ့ ရှိသည်ဟုဆိုသည်။ ဝင်ဝင် ...
မိတ်ကူးယဉ်ပြီး ဗွန်လူသွားခြင်းသာ ဖြစ်သဖြင့်
တကယ်ယုံမှားမိသော မိန်းမသားများအတွက် အသည်းကွဲ
သရုပ်ပြမှုသည် ဒုက္ခတစ်ရပ်ပင် ဖြစ်ရလာနိုင်ပေသည်။

တကယ့်ချစ်ခြင်းမေတ္တာသည် လှယ်ခြင်း၊
ပစ္စည်းဥစ္စာရှိခြင်း၊ ရာထူးဂုဏ်ရှိန် မြင့်မားခြင်း
စသည်တို့အပေါ်တွင် မတည်ချေ၊ ယောက်ျား အများစုသည်
ထိုလေသံအတိုင်း လိုက်၍ဆိုတတ်ကြသလောက်
လက်တွေ့တွင် ပြောင်းပြန်ပင် ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အများအားဖြင့် ယောကျ်ားတို့၏ မိတ်ဆွေဖွဲ့သည် ရေသဘောလောက် တည်ကြည်ခိုင်မာခြင်း မရှိချေ။ အပြစ်တစ်ခုရပြီအနေဖြင့် ဆိုချင်က ဆိုနိုင်၏။

သို့ရာတွင် ယောကျ်ားဟူသည် လူထဲမှ လူများပင်ဖြစ်၍ အရေးအလင်ကြီးရာအကြောင်း မရှိချေ။

မရခင်က လိုချင်သော်လည်း ရပြီးတော့မှ တန်ဖိုးမထားချင်တော့သည့် မိတ်သည် ယောကျ်ားရော၊ မိန်းမများတွင်ပါ ကိန်းအောင်းနေ၏။



www.burmeseclassic.com

တစ်နည်းအားဖြင့် လူတိုင်းတွင် ရှိနေ၏။ ထိုစိတ်လွန်က သောအခါ ယောကျ်ားတို့သည် အချစ်ကိစ္စကို ကစားသလို မြူဆိုတတ်ကြရာမှ နာမည်ပျက်ကြရလေသည်။

ဤစာအုပ်ပါ အကြောင်းအရာများသည် မည်သူ့ကိုမျှ စောင်းပါး၍ရိပ်ခြေ ရေးသားခြင်းမဟုတ်ပါ၊ လူ့သဘာဝကို အခြေခံသည့် ယောကျ်ား အများစုပါဝင်လေ၊ စရိုက်စသည်တို့ကို အဖြစ်မှန်အတိုင်း ရေးသားဖော်ပြထားခြင်းသာ ဖြစ်ပါသည်။

သိန်းဖေမြင့်

www.burmeseclassic.com



သင် ...

ရှုစာတုကို

မဏိ — ကြည့်မိတဲ့။

ငါ့အကြောင်း ...

ငါ့ဘဝရဲ့ ဇာတ်လမ်း

ငါ့ဘဝ ဖြစ်စဉ်ကို

ရေးထားလေသလားဟု ...။

မိုးရာဇာ

www.burmeseclassic.com

www.burmeseclassic.com



## ပွင့်ပွင့်လင်းလင်းဆိုရပါမူ

ဣတ္ထိယခေါ် မိန်းမတို့အကြောင်းကို ရှေးဆရာတို့ရော ယနေ့ဆရာတို့ပါ အမျိုးမျိုးမွှေနှောက်ရေးသားခဲ့ကြပြီး ဖြစ်သည်။ ရေးသားခဲ့သမျှကို ပွင့်ပွင့်လင်းလင်း ကောက်နုတ်ချက် ချကြည့်ရည်ဆိုပါက . . . မိန်းမဟူသည် အလိုရမ္မက် အလွန်ကြီးသည်၊ မာယာများသည်၊ ကြွေ့ကောက်သည်၊ ဖောက်ပြားလွယ်သည်၊ စသည်ဖြင့် မကောင်းသည့်ဘက်ကချည်း ထောက်ပြထားသည်တို့သာ အများဆုံး တွေ့ရှိရလေသည်။

ယောက်ျားတို့အကြောင်းကိုကား များများစားစား မတွေ့ရ၊ အတောင်နှစ်ဆယ်ဝတ် ဘုရားဆုပန် မင်းယောက်ျား ဆိုသော အဆိုအနှုန်းကို အကာအကွယ်ပြု၍ ဆိုးချင်တိုင်းဆိုး ညစ်ချင်တိုင်းညစ်၊ သစ္စာမဲ့ချင်တိုင်းမဲ့ကာ အမျိုးမျိုး ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်နေကြသည့် အကြောင်းများကိုကား မည်သူတစ်ယောက်မျှ ဟုတ္တိပတ္တိ မထောက်ပြကြပေ။



www.burmeseclassic.com

www.burmeseclassic.com



လူမှန်လျှင် ယောကျ်ား၊ မိန်းမပဟူ အတူတူပင်ဖြစ်သည်။ ဆိုလိုသည်မှာ . . . အခွင့်အရေးရလျှင် မပြောပလောက်သည့် လူနည်းစုကလေးမှအပ ရရှိသောအခွင့်အလမ်း အတိုင်းအတာ အရ ဖောက်ပြန်ကြသည်သာ ဖြစ်၏။ တိကျစွာ ဆိုရလျှင်မူ ယောကျ်ားများသည် မိန်းမများထက်စာလျှင် များစွာ အခွင့် အရေးသာ၏၊ အခွင့်အရေးသာသည့်အလျောက် မိန်းမများနှင့် ယှဉ်မိသောအခါတိုင်း ရသမျှ အခွင့်အရေး ယူချင်ကြသည်။ ယူလည်းယူကြ၏။

သူမတူအောင် အခွင့်အရေးယူနိုင်အောင် အမျိုးမျိုး ကြိုးစားကြသူများဟူသော ကောက်ချက်သည် ယောကျ်ားတို့ အကြောင်းအတွက် အတော်လေး လုံလောက်သည့် နိဒါန်းတစ် ရပ်ဖြစ်ပေသည်။

ယောကျ်ားနှင့် မိန်းမယှဉ်လိုက်လျှင် မိမိတို့အဖို့ နစ်မွန်း စရာမမြင်၊ မိန်းမများကလည်း ယောကျ်ားတို့ အထင်သေးမိ လောက်အောင် စဉ်းစားနိုင်စွမ်း နည်းပါးကြသဖြင့် လှည့်ချင် တိုင်းလှည့်၍ ရသည့်အချက်ကလည်း ယောကျ်ားတို့အဖို့ အခွင့် အရေး ယူချင်စရာ ဖြစ်နေသည်။

အများအားဖြင့် ယောကျ်ားတို့သည် မိမိခြေ မိမိလက် ဆိုသကဲ့သို့ အိမ်ထောင်ရေးကို လုံးဝတာဝန်ယူကြပေရာ သို့



www.burmeseclassic.com

www.burmeseclassic.com



တာဝန်တို့ကို ယူရသည်ဆိုသော အမြင်အပေါ် အခြေခံကာ ယူသင့်ယူထိုက်သည်ထက် အခွင့်အရေး ယူကြသည်က များ၏။

ကြွင်ကြွင်နာနာ ညှာညှာတာတာနှင့် လူ့စည်းကမ်း လူ့ကျင့်ဝတ်အရ မယုတ်မလွန် ကျင့်ကြံ၍ မျှမျှတတ စဉ်းစား ယူဝံ့တိုင်သည့် ယောကျ်ားမျိုးကား အလွန်ရှား၏။

မိမိတစ်၍ မိမိကြောင့် ဖြစ်ပေါ်လာသော တာဝန်ကြီးကို ဒိုင်ခံ၍ ဖြေရှင်းရမည့်အစား . . . တစ်ကိုယ်ကောင်းဆန်ဆန် ခြေရာဖျောက်လိုက်သည်က များပေသည်။ ထို့ကြောင့်ပင် အတွေ့အကြုံရှိပြီးသော လူကြီးမိဘများအနေဖြင့် သမီးမိန်းကလေး များကို အလစ်မပေးဘဲ ကြပ်မတ်လေ့ရှိကြခြင်းပင် ဖြစ်သည်။

လူနှင့်လောက၏ သဘာဝအရ ကောင်းသူထက် မကောင်း သူက ပို၍များပြားလှပေရာ ကိုယ်ကျိုးဆန်သော ယောကျ်ားတို့ ကြောင့် မိန်းမများ၏ အန္တရာယ်မှာ အချိန်မရွေး ရှိနေရပေသည်။

သွေးသားကိစ္စကို အထူးလေ့လာလိုက်စားသော ယောကျ်ား မျိုးဆိုလျှင် အလွန်ပင် မင်မောင်းကောင်းကြ၏။

၂၀စ်နည်းဆိုရလျှင် ဟန်ဆောင်တတ်ကြသည်။ မိန်းကလေး တစ်ယောက်ကို မိမိဘက်သို့ပါအောင် မည်သို့ပြုရမည်ဆိုသည် တို လေ့လာထားပြီး ဖြစ်သည်။

www.burmeseclassic.com



သူတို့တွင် အခြား အသိပညာထက် ဤပညာတို့ ပို၍ရှေ့ ကြလေသည်။ ကြာသောအခါ ဤဘက်မှာ ပညာတွေ ပြည့်စုံ လာကာ မိန်းမများအပေါ် အခွင့်အရေးယူသည့် နေရာတွင် တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်လာ၏။ ကျွမ်းကျင် လိမ္မာလာ၏။

ထိုယောကျ်ားတို့၏ အန္တရာယ်ကား မိန်းမသားများ အတွက် မသေးငယ်လှချေ။ 'ရှောင်နိုင်မှ လွတ်မပေ့' ဟု ဆိုရ လောက်အောင် ကြိုးပမ်းကြမည့်သူများလည်း ဖြစ်သည်။ လူ့ လောက၏ ကောင်းကျိုးတည်ဆောက်မှုကို ဆန့်ကျင်ကာ တရား မျှတရေး၊ အေးဆေးတည်ငြိမ်ရေး စသည့်ကောင်းကျိုးတရား တို့ကို လှိုင်းထအောင် ပြုလုပ်သူများလည်း ဖြစ်သည်။

လောကတွင် ရသင့်ရထိုက်သော အခွင့်အရေးထက် ပိုမို၍ ရချင်သူများပိုပိ . . . မဟုတ်မတရားအမှုများကို ရှောင်ရှား၍ မရတော့သကဲ့သို့ မတရားပြုရမည်ကိုလည်း ဝန်လေးလှတော့ မည် မဟုတ်ပေ။

သူတို့ကိုမူ လူ့ကျင့်ဝတ်အပြင်ဘက်မှ ယောကျ်ားများ အဖြစ် သတ်မှတ်ရမည်ဖြစ်၏။

❋



www.burmeseclassic.com

www.burmeseclassic.com



## ယောက်ျားတို့ ဘာကြောင့် အခွင့်အရေး သာကြရသလဲ

လူလူချင်းဟု ဆိုသော်လည်း ယောက်ျားနှင့် မိန်းမ မတူညီသောအချက်ကိုမူ လူတိုင်းနားလည်နိုင်ကြ၏။

အောက်ပါ အကြောင်းအချက်များကို နှိုင်းယှဉ်ကြည့်လျှင် ယောက်ျားတို့ ဘာကြောင့် အခွင့်အရေး သာကြရသည်ကို သဘောပေါက်ကြပေလိမ့်မည်။

၁။ ယောက်ျား၏ ကိုယ်ခန္ဓာတည်ဆောက်ပုံ အခြေအနေ အစိတ်အပိုင်း စသည်တို့သည် မိန်းမထက် သိပ်သည်း ကျစ်လစ်ကာ အထိအခိုက်ခံနိုင်ခြင်း။

၂။ လူဟူ၍ ဖြစ်ပေါ်လာသည့် အချိန်မှစ၍ ယနေ့တိုင် ယောက်ျားကသာ ဦးဆောင်မှု၌ အဓိကကျခြင်း။ ●



www.burmeseclassic.com

www.burmeseclassic.com



၃။ ကိုယ်ခန္ဓာနှင့် ယောကျ်ားမိန်းမတို့၏ သဘာဝပေး အခြေအနေများအရ စိတ်ခံစားကြဲ့ နိုင်ခြင်း။

၄။ သဘာဝပေးအခြေအနေများကြောင့် မဟုတ်သော်လည်း အစဉ်အလာက ယောကျ်ားဆိုလျှင် ဤသို့ပြုမူပြောဆိုသင့်သည်၊ မိန်းမသားသည် ယင်းသို့သာ နေရာယူသင့်သည် စသဖြင့် အထင်အမြင်လမ်းကို အစဉ်တစိုက် လိုက်ခဲ့ကြရသည့် အလေ့အထက နိုင်မြဲနေခြင်း။

၅။ မိန်းမမာယာသဲကိုးဖြာဟုသာ စာဆိုရှိခဲ့သော်လည်း ယောကျ်ားချင်းသာ အများဆုံး လေ့လာခွင့်ရသည့်အတွင်းရေးအရ ယောကျ်ားတို့၏ ပရိယာယ်မာယာတို့သည် သာမန်အတွေ့အကြုံ အသိအမြင်အရ မခန့်မှန်းနိုင်လောက်အောင် များပြားခြင်း။

ဖော်ပြပါ အကြောင်းအချက်သည် အကြမ်းမျဉ်း တင်ပြချက်များသာ ဖြစ်သေးသည်။ ထို့ထက် ကျယ်ပြန့်စွာ လေ့လာမည်ဆိုပါက ယောကျ်ားတို့၏ နည်းပရိယာယ် (မာယာ)ကား ကြောတ်မက်ဖွယ်ရှိမည် ဖြစ်သည်။

လူ့သဘာဝအရ မိမိ၏အမှား၊ ချို့ယွင်းချက် စသည်တို့ကို အမှန်အတိုင်း (အရင်းအတိုင်း) ပြောဆိုဝန်ခံခြင်း မရှိသော ပိပိရိရိ သေသေဝပ်ဝပ် ပုံစံမျိုး ရှိနေတတ်ကြသော်လည်း အမှန်



www.burmeseclassic.com

www.burmeseclassic.com



ခင်စစ် လူ(ယောကျ်ား) တို့၏ သဘောထား (စိတ်ထား) ကား ထင်သလို မြင်သလို တည်ကြည်မြင့်မြတ်၍ အထင်ကြီးစရာ မရှိသည်တာ များ၏။

ရှင်းရှင်း ဥပမာတစ်ရပ်ပေးမည်။ ယောကျ်ားတစ်ယောက်သည် အိမ်ထောင်သည်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ အိမ်ပြင်သို့ ခြေတစ်လှမ်း ထွက်သည်နှင့်တစ်ပြိုင်နက် ဆန့်ကျင်ဘက် လိင်(မ)များကို အခွင့်အရေးသာလျှင် သာသလို အမြတ်ထုတ်ရန် ကြိုးစားချင်ကြသည်။ ကြိုးစားကြည့်ကြသည်။ ဖြစ်နိုင်သလောက်လည်း အမြတ်ထုတ်ကြသည်။ ကုန်ကုန်ပြောရလျှင် ဘတ်(စ်)ကား စီးသည့်အခါတွင်ပင် လူကျပ်သည်နှင့်ကြုံလျှင် မိန်းမများ၏ကိုယ်နှင့် အသားချင်းထိပြီး အမြတ်ထုတ်နိုင်အောင် ကြိုးစားကြသည်။

ဤရှင်းလင်းချက်သည် ပွင့်ပွင့်လင်းလင်း ယောကျ်ားတို့အကြောင်း၏ ဒုတိယခိုင်လုံသည့် နိဒါန်းပင်ဖြစ်၏။

ယောကျ်ားတို့၏စိတ်ဓာတ်သည် အစဉ်အလာအရ မိန်းမများအပေါ် လွှမ်းမိုးခဲ့ရလေသည်။ မည်သို့ဖြစ်ဖြစ်၊ မိမိတို့က စမှ ကိစ္စပြီးမြောက်နိုင်မည်ဟု နားလည်ထားသူပီပီ ဤ စနိုင်ခွင့်ကိုလည်း အခွင့်အရေး တစ်ရပ်အဖြစ် ကိုင်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အသီးတစ်ရာ အညှာတစ်ခု ဆိုသကဲ့သို့ အညှာတို ဖမ်း၍ ဆုပ်ထားကြသည်။ သို့ရာတွင် လိုရာအဆင့်သို့ မရောက်မချင်းတော့မူ ယောကျ်ားတို့သည် မိန်းမသားများနှင့် ဆက်ဆံရာ၌ တင်းတင်းမာမာမရှိ ပကတိပျော့ပျောင်း၍ အရာရာတို့ လိုက်လျောရန် အသင့်ရှိနေတတ်ကြသည်။ တတ်နိုင်သလောက်လည်း လိုက်လျောလေ့ ရှိကြသည်။

၎င်း လိုက်လျောချက်သည် အများအားဖြင့် အဆိပ်အတောက်ဖြစ်၏။ 'ငါ့ဆေးဝင် ဖမ်းပြင်တော့' ဆိုသလို ပေးသည့် အခွင့်အရေးထက် ပြန်၍ယူဖို့ရန်ကို ပြင်ဆင်ထားပြီး ဖြစ်သည်။

၎င်းတင်ပြချက်များသည် လူကောင်း သူကောင်း တစ်ယောက်တစ်လေမှလွဲ၍ ယောကျ်ားအများစုသည် ၎င်းအတိုင်း ပြုမူ ကျင့်ကြံနေကြသည်ကို မထိန်မချန် ရေးသားခြင်းများ ဖြစ်သဖြင့် မယုံမရှိအပ်ပေ။ တိတိကျကျ စာရင်းအင်းမရှိ၍သာ တိမ်မြုပ်နေသော်လည်း လူမှုရေးအရ ယောကျ်ားတို့၏ ဖိစီးအနိုင်ယူမှုကြောင့်၊ ဖျက်ဆီးမှုကြောင့် နစ်မွန်းပျက်စီးနေကြရသည့် မိန်းမဦးရေမှာ မနည်းလှပေ။

အများအားဖြင့် မိန်းမများသည် ကျေနပ်မှုမရှိကြသော်လည်း စားဝတ်နေရေးကြောင့် မလှုပ်သာ မလွန့်သာကြ။ သွေးသားအရလည်းကောင်း၊ စိတ်ဓာတ်အရလည်းကောင်း ချေမှုန်း



www.burmeseclassic.com

www.burmeseclassic.com



ထောင်ခြင်းတို့ နှလန်မထူနိုင်အောင် ခံစားခဲ့ကြရပြီဖြစ်၍ ပေါက်သည့်နဖူး မထူးတော့ဟု သဘောထားကာ စိတ်လျှော့ပြီး ဖြစ်သလို နေလိုက်ကြသည်ကများ၏။

အချို့ အဆင့်အတန်းနိမ့်သည့် ယောကျ်ားမျိုးဆိုလျှင် မယားဖြစ်သူအပေါ် လူမှုရေးအရ အမျိုးမျိုး ဒုက္ခပေး၏။ ဝင်ငွေမလုံမလောက်နှင့် အရက်ကို မှန်မှန်သောက်ကာ အိမ်ပြန်ပြီး မယားကို မှန်မှန်ရိုက်သည်။ ဆဲသည်၊ မဟုတ်မတရား စွပ်စွဲသည်။ ဝတ္တရားအရ လုပ်ကျွေးသည်က နည်းနည်း၊ နှိပ်စက်သည်က များများဆိုသလို အိမ်ထောင်တစ်ခုတွင် အလွန် အခွင့်အရေးယူလေသည်။

ရှာနိုင်သောယောကျ်ားမျိုး ကျပြန်တော့လည်း ရှာနိုင်သလောက် အခွင့်အရေးယူကြပြန်သည်။ အိမ်တွင်စားမိုး၍ အုပ်ချုပ်သည့်နှယ်၊ လုပ်ချင်ရာကိုလုပ်သည့် ယောကျ်ားမျိုးကိုလည်း တွေ့ရသည်။

ယောကျ်ားတို့ကား အတော်ခက်သော သတ္တဝါများ ဖြစ်ကြ၏။ အခြေအနေကိုကြည့်ပြီး အလွန်ကိုက်ညီအောင် ကျင့်ကြံပြုမူ နေတတ်လွန်းကြသူများတည်း။

ဘယ်ခရီးနှင့်ဘယ်ထီး၊ ဘယ်လမ်းနှင့် ဘယ်ပန်းဆိုသလို လိုအပ်သလို ပြောင်းလဲတတ်လွန်းကြသူများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ပြောစကားသည် စိတ်မချရသည့်တ များသည်။ ယော့ကျာ်းစကားဟူ၍ အထင်ကြီးပြီး မှတ်ယူလျှင် မှားဖို့တ များ၏။ အခွင့်အရေးကို တစ်နေ့ထက်တစ်နေ့ ပိုရအောင် ကြံနေသူများပီပီ သူလိုလူစားသည်လည်း အမှန်တူ၍ မရှိသလောက်ဖြစ်သည်။

ကုန်သည်များ ဈေးကစား သကဲ့သို့ ကုန်ပစ္စည်း အနည်းအများအပေါ် မူတည်ကြသည်။ အခွင့်အရေးယူ၍ ရလျှင် ထုံးခြင်းဖြင့် ဂုဏ်သိက္ခာမထိခိုက်လျှင် နာမည်မပျက်လျှင် အခွင့်အရေးယူသည့်နေရာတွင် နှစ်ယောက်မရှိ၊ သူတို့ ရယူလိုသော အခွင့်အရေး ဆိုသည်ကလည်း မိန်းမသားများ နစ်နာမည့် အရေးက ထပ်ချပ်မကွာ လိုက်ပါ၍ နေလေသည်။

❋



www.burmeseclassic.com

www.burmeseclassic.com



## မိန်းမတို့၏သဘောကို
## လေ့လာထားသောယောကျ်ား

**သင်ဆရာပြုရ၌ တစ်သီးတစ်ခြားမရှိသော်လည်း မိန်းမတို့၏ သဘောကို လေ့လာရာ၌ မိန်းမတို့၏ ပရိယာယ်မာယာသည် ကြာသောအခါ ယောကျ်ားတို့၏ ဆရာသမှယ် ဖြစ်၍လာသည်။**

သူတို့ (မိန်းမများ)သည် ဘယ်လိုပြောလျှင် ကြိုက်သည်။ ဘယ်လိုဝတ်စားလျှင်ကျသည်။ သူတို့ကို ဘယ်လိုအကြိုက်ပေးသင့်သည်၊ အကြည့်အပြုံ (မျက်လုံး)က မည်သို့လာလျှင် မည်သည့်အခြေအနေမျိုးသို့ ရောက်လာပြီ၊ နောက်တစ်ဆင့် ခြေလှမ်းလျှင် မည်သို့ဖြစ်လာနိုင်သည် စသောခန့်မှန်းချက်များကို အတွေ့အကြုံ အတော်အတန်ရှိသော ယောကျ်ားတိုင်း ကောင်းစွာနားလည်ကြပေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် -

(၁) အလှအပ။

(၂) အချော့အမော့။

(၃) ချိုသာစွာ ပြောဆိုတတ်မှု။

(၄) လက်ဆောင်။

(၅) အဆောင်အယောင်။

(၆) အယောင်ဆောင်၍ ဟိန်ဟန်ထုတ်မှု စသည်တို့ကို အထင်ကြီးပြီး အများအားဖြင့် ထိုအောက်သို့ ကျရောက်သွားကြသည့်ကာများကြောင်း ယောဂျီးတို့ လေ့လာထားခဲ့ကြပြီးဖြစ်သည်။

ထို့ကြောင့် လက်ရှိအခြေအနေအရ မိန်းမများကို ကျစေနိုင်သည့် မိန်းမကြိုက်အရည်အချင်းမျိုး ရှိသူများရော တကယ်မရှိသည့်တိုင်အောင် ရှိသယောင်ယောင် ဟန်ဆောင်နိုင်ကြသူများပါ မိန်းမတို့အပေါ် သဘောပေါက်ထားသလို ပြုမူပြီး အခွင့်အရေးယူလျက် ရှိကြသည်။

အခွင့်အရေးယူသလို ယူတတ်ကြသူများဖြစ်သဖြင့်ရလည်း ရကြသည်။ သာကေအနေဖြင့် တင်ပြရလျှင် မိန်းမတစ်ယောက်ကို လိုရာသို့ ဆွဲ၍မရသဖြင့် အသဲကွဲကာ ပျက်စီးရပါသည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော ယောကျာ်းဦးရေထက် ယောကျာ်းများက အခွင့်အရေး ယူမှုကြောင့် ဖျက်စီးရသော မိန်းမဦးရေက ပိုမို၍ များပြားလေသည်။

သူ့ဘက်ကိုယ့်ဘက် ချို့ယွင်းချက်များကို ကြည့်မည်ဆိုလျှင် (တောင်သူကလည်းတောင်သူ မောင်းထောင်ကလည်း မောင်းထောင် ဆိုသကဲ့သို့ ယောကျာ်းနှင့် မိန်းမတို့တွင် သူ့နေရာနှင့်သူ အသီးသီးချို့ယွင်းချက်များ၊ အားနည်းချက်များ ရှိကြသည်ချည်းသာဖြစ်၏။

မိန်းမများသည် ယောကျာ်းတစ်ယောက်က မုသားစကားတို မင်(မှင်) သေသေနှင့် ချိုချိုသာသာ ပြောလာလျှင် (တစ်ခွန်းထက် ပို၍ပြောလာလျှင်) ကျချင်လာကြသည်၊ နောက်ဆုံးကျသည်က များ၏။ ဤသည်ပင်လျှင် မိန်းမများသည် ယောကျာ်းတို့၏ ထောင်ချောက်ထဲ ကျကြရသည့် အကြောင်းအချက်တစ်ရပ် ဖြစ်ပေသည်။

ယောကျာ်းတို့ကလည်း အသီးကိုလိုလျှင် အညှာကိုချွေသကဲ့သို့ မိန်းမများကို ချဉ်းကပ်ရာ၌ ထိုယုံလွယ်တတ်မှုကို သော့ချက်သဘောမျိုးထား၍ မကျ ကျအောင် ချွေကြလေသည်။

မရခင်က ကြင်နာသည်၊ မြတ်နိုးပါသည်ဟု တဖွဖွ ရွတ်ဆိုတတ်ကြသလောက် အလိုဆန္ဒအတိုင်း ရပြန်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးမထားချင်ကြတော့သည်ကား ယောကျ်ားတို့၏ အစဉ်အလာ သဘောထားလို ဖြစ်၍နေသည်။

ဤနေရာတွင် လွယ်လွယ်ရလျှင် တန်ဖိုးမထားချင်တော့သော လူ့သဘာဝကို ထိုးပြပြီး ဆင်ခြေတက်၍ မဖြစ်ပေ၊ ယောကျ်ားတို့၏ ကိုယ်ကျိုးကြည့်လွန်းမှုကိုသာ ထောက်ပြပြီး အပြစ်ဆိုရမည်ဖြစ်၏။

အကြောင်းကား လူတိုင်းသည် လူ့သဘာဝက ဤသို့ ဤနှယ် ရှိသောကြောင့်ဟု အကြောင်းပြကာ နေရာတကာတွင် ဆန္ဒရှိသည့်အတိုင်း မပြုလုပ်ကြ၍ပင် ဖြစ်သည်။

ပြုလုပ်၍လည်း မရပေ၊ လူ့စည်းကမ်းဥပဒေ ခိုင်မာရေးအတွက် တရားဥပဒေက ရံထားသောကြောင့်ပင် ဖြစ်သည်၊ သို့သော် (ဖိုမ) ကိစ္စတွင်မူ နှစ်ဦးကျေနပ်လျှင် ဖြစ်နိုင်သောသဘောများစွာရှိသဖြင့် လူ့စည်းကမ်းနှင့် တရားဥပဒေ အငြိအစွန်း ရှိသည့်တိုင်အောင် တရားဥပဒေသဘောဖြင့် အရေးယူ၍ မရချေ၊ ယောကျ်ားတို့သည် ယင်းသဘောကိုလည်း အများအားဖြင့် နားလည်ထားကြ၏။

ဤနည်းကို အားကိုးပြု၍ ယောကျ်ားတို့သည် လိမ္မာပါးနပ်စွာဖြင့် ဖိုမကိစ္စများ၌ ရယူလိုသည့် အခွင့်အရေးများကို ရယူနေကြလေသည်၊ ရမ်းကြလေသည်၊ သောက်လေသောက်လေ



www.burmeseclassic.com

www.burmeseclassic.com



ငတ်မွတ်ခြောက်သွေ့သည့်ဆန္ဒနောက်သို့ ကောက်ကောက်ပါအောင် လိုက်တာ ကိုယ်ကျိုးရှာကြသည်။

လူနာမျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုသည့် ယောကျ်ားမျိုးဆိုလျှင် အသိတရား နည်းပါး၍ အဆင်အခြင် ခေါင်းပါးသည့် မိန်းမမျိုးကိုရွေးပြီး ချယ်လှယ်သွေးစုပ်သည်၊ ခွေး ချေးနိုင်သကဲ့သို့ နိုင်ချင်တိုင်းနိုင်၍ လှည့်ချင်တိုင်း လှည့်နေတတ်သည်။

ယောကျ်ားတစ်ယောက်၏ နည်းပရိယာယ်တွင် လူ့သဘာဝများစွာ ပါလေသည်။ ဆိုလိုသည်မှာ လူသည် အခြေအနေအရ လိုတိုးပိုလျှော့ဆိုသလို ကျင့်ကြံတတ်ကြခြင်းပင်ဖြစ်သည်၊ ယောကျ်ားတို့သည် သဘာဝအရ အခွင့်အရေး ယူသူများဖြစ်သော်လည်း အတိအလင်း ယူခွင့်မရပါက ခြေပုန်းခုတ်လေတော့သည်။

ခြေပုန်းခုတ်သည်မှာ မိမိ၏နာမည်နှင့် သိက္ခာမကျရေးဖြစ်၏။ မိန်းမများသည် ယောကျ်ားတို့လောက် ခြေလှမ်း မကျယ်နိုင်ကြပေရာ ယောကျ်ားတို့ လှည့်စားသလောက်ကို ထိထိရောက်ရောက် လှမ်းနိုင်ခြင်း မရှိကြပေ။

ယောကျ်ားတို့သည် ယင်းအချက်ကို ကောင်းစွာ သဘောပေါက်ထားကြသည်၊ 'ဒီလောက်လည်း မစုံစမ်းနိုင်ပါဘူး' ဟု သဘောထားကြသည်၊ သဘောထားသည့်အတိုင်းလည်း မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



များသည် စိတ်သွားရာ ကိုယ်မပါနိုင်ကြ၊ မဟုတ်နိုင်ဟု သံသယရှိသည့်တိုင်အောင် အလွန်အမင်း မထိခိုက်ဟု ယူဆလျှင် ယောကျ်ားတို့အပေါ် ခွင့်လွှတ်လိုက်ကြသည်က များ၏။

ဤသဘောကို ယောကျ်ားတို့သည် ကောင်းစွာ သိရှာနားလည်လာကြသည်၊ အချို့နေရာများတွင် မိန်းမများ၏ နည်းပရိယာယ်ကြောင့် နားလည်ခွင့်မရသေးသောပြဿနာများ ပေါ်လာပါမူ ယောကျ်ားတို့သည် မိန်းမများကို သွေးတိုးစမ်းစမ်းကြည့်ကြသည်။

ယင်းသို့ ခြေလှမ်းပြင်လိုက်လျှင်၊ ပြောလိုက် ဆိုလိုက်လျှင် မည်သို့ တုန့်ပြန်လာနိုင်မည်။ ယင်းတုန့်ပြန်ချက်သည် မည်သို့သော သဘောရှိသည်၊ မည်သို့သော အခြေအနေရှိသည်၊ ဘယ်ပုံဘယ်နည်းဖြင့် တစ်ဆင့်တက်ရလျှင် အပိုင်ကိုင်၍ရမည် စသည်တို့ကို စဉ်းစားတွက်ဆထားလေ့ရှိကြသည်။

အများအားဖြင့်လည်း မှန်းဆချက်နှင့် တကယ့်လက်တွေ့ဖြစ်ရပ်သည် ကွာခြားလှခြင်းမရှိဘဲ ထင်သလိုဖြစ်လာသည်က များ၏။

မိန်းမများက နည်းနည်း သံသယရှိလာလျှင် တစ်တယ့်မျက်နှာထားဖြင့် ပိုပိုမိုမို ငြင်းဆန်၍ မဟုတ်ကြောင်း ထွက်ဆိုလိုက်ခြင်းဖြင့် ကိစ္စပြီးသွားသည်လည်းရှိသည်၊ ယောကျ်ားတို့



www.burmeseclassic.com

www.burmeseclassic.com



အမှီ မိန်းမများ၏ သံသယရှိချက်နှင့် စကားနိုက်ပြီး အကြားနှင့် ရှုပ်ထွေးလာခြင်းမျိုးကို သည်လောက် ပင်ပင်ပန်းပန်း မရှင်းကြရ ပေ၊ ယောကျ်ားတို့တွင် လိုလျှင်လိုသလို သုံးစွဲရန် အရေးပေါ် နည်းရော မုံသေနည်းများပါ ရှိနှင့်နေပြီဖြစ်၏။

မိန်းမများ ဘာကိုကြိုက်ကြောင်း မည်သို့ပြောဆိုရလျှင် ကိစ္စပြီးနိုင်ကြောင်း စသည်တို့ကို ဝမ်းတွင်းမါပမာ တတ်မြောက် ထားကြပြီ ဖြစ်သည်။

ယင်းနည်းပရိယာယ်များကြောင့် မိန်းမများသည် ကျေနပ် သွားကြရ၏၊ ယုံကြည်၍ ပြေပြေလည်လည် ဖြစ်သွားကြရ၏။ အဆင်ပြေကာ မောင့်သဘော ဖြစ်သွားကြရ၏။ အမှန်စင်စစ် စကားအများအပြားသည် လတ်တလောကိစ္စပြီးရေးအတွက် ယောကျ်ားတို့၏ အလိမ်အညာများကို မိန်းမများ သဘော လွယ်စွာ လက်ခံလိုက်ခြင်းပင် ဖြစ်ချေသည်။

ဤနည်းဖြင့် ယောကျ်ားတို့သည် မိန်းမဆိုလျှင် အထင် မကြီးတော့သကဲ့သို့ ချဉ်းကပ်တော့မည် ဆိုလျှင်လည်း လိမ့်လုံး ညာလုံးများကို အသုံးပြုရန် အဆင်သင့် ပြင်ဆင်ထားလေတော့ ၏။

❋



www.burmeseclassic.com

www.burmeseclassic.com



## ယောကျ်ားအများစု၏
## ယေဘူယျသဘော

မိန်းမများသည် ကာမရာဂကိစ္စများ၌ အားရတင်းတိမ်ခြင်း မရှိဆိုသော အချက်ဖြင့် ယောကျ်ားတို့က မိန်းမများအပေါ် အမြင်သေးချင်ကြသော်လည်း ယောကျ်ားတို့ ကိုယ်တိုင်တစ္စ အတိုင်းအဆမရှိ ဆန္ဒကြီးမားကြ၏။

ဖိုမကိစ္စများနှင့် ပတ်သက်လာလျှင် မိမိတို့အနေဖြင့် မည်သို့မျှ နစ်နာနိုင်မည်မဟုတ်သဖြင့် ရဲချင်တိုင်း ရဲကြသည်။

မိန်းမများအပေါ် အထင်သေးထားကြပြီးသူများဖြစ်သည့် အတိုင်း မိန်းမမှန်လျှင် လက်တည့်စမ်းကြည့်ကြသည်၊ တန်လျှင် အမြတ်၊ မတန်လျှင် အရင်းဟု သဘောထားကြသည်။

ယောကျ်ားဟူလျှင် ပျိုပျိုအိုအို လူရိုးသချိုင်းတွင် ငိုသည်ဟု ဆိုရလောက်အောင် သရမ်းချင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးအရ သရမ်းလည်း သရမ်းကြသည်။

ငွေရေးကြေးရေးနှင့် အခြေအနေကလေးသာ ကောင်း ယျှင်ဆိုသော အတွေးမျိုးနှင့် ကြိုတင်၍ သရမ်းကြသူများက လည်း ရှိကြသေး၏။

လောကတွင် ဖြစ်ပျက်တတ်သော အစဉ်အလာတစ်ခု ရှိ လေသည်၊ ၎င်းကား အခြားမဟုတ်၊ ကြိုးစားအားထုတ်မှု ရှိသည့် အလုပ်တိုင်း၌ အားထုတ်မှု အတိုင်းအတာအလျောက် အောင် မြင်လေ့ ရှိခြင်းပင် ဖြစ်သည်။

ယောကျ်ားတို့သည် မိန်းမများနှင့် ပတ်သက်၍ အခွင့် အရေး ရရှိမှုအတွက် နည်းအမျိုးမျိုး ကြိုးစားတတ် ကြိုးစား နိုင်ကြသူများ ဖြစ်သည်။

ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို ကျ အောင်ပြုရာ၌ ကြိုးပမ်းအားထုတ်မှု ပါလေသည်၊ ထိုအားထုတ် မှုကြောင့် အများအားဖြင့် အောင်မြင်ကြသည်။

တစ်နည်းဆိုရလျှင် ရအောင်လုပ်၍ ရသည်မှာ အဆန်း မဟုတ်ပေ၊ ယောကျ်ားက တော်လွန်းလှ၍ မဟုတ်သလို မိန်းမ ဘက်မှ ညံ့လွန်းလှ၍လည်း မဟုတ်ချေ။

မစွမ်းယင်းကလည်းရှိ၊ ကန်ဒွန်းခင်းကလည်းငြိဆိုသော



www.burmeseclassic.com

www.burmeseclassic.com



စကားအတိုင်း တွေ့ဆုံဖြစ်ပျက်ကြခြင်းမျှသာ ဖြစ်၏။

ဤသည်ကို ယောကျ်ားတို့ အကြောင်းပြချက်တစ်ခုအဖြစ် သတ်မှတ်ကာ အခါအခွင့်သင့်တိုင်း မိန်းမများကို ရှုံ့ချကြသည်။ သိက္ခာချကြသည်။

"မိန်းမများသည် အလွန်ကြောက်စရာကောင်းသည်။ မိမိ၏ မိန်းမကိုလည်း မယုံရ"

ဟူ၍ သတ်မှတ်ချက်နယ်ပယ်ကို ချဲ့လာကြသည်။ ယောကျ်ား တစ်ယောက်သည် လူလွတ် (အပျို) ဖြစ်စေ၊ ကာမပိုင်ရှိသော မိန်းမသားတစ်ယောက်ကိုဖြစ်စေ၊ စိတ်ကြိုက်တွေ့သည့်အခါ ဖောက်ပြန်၍ အမြတ်ထုတ်ရန် ဝန်မလေးတတ်ကြပေ။

ဤနေရာတွင် ထူးဆန်းသောအချက်တစ်ရပ်ကား ယောကျ်ား တို့သည် မိမိကိုယ်တိုင်က မည်မျှဆိုးသွမ်း၍ ဖောက်ပြန်နေစေ ကာမူ၊ မိမိ၏ ရည်းစားအပါအဝင် ဇနီးမယား ဖောက်ပြန်မည် ကိုမူ အလွန့်အလွန် သဝန်တိုတတ်ခြင်းပင်ဖြစ်၏။

ရှုပ်ရည်ချောမောလှပခြင်းမရှိသော ဇနီးဖြစ်သူ တစ်ခြား လူများနှင့် ဖောက်ပြန်မည်စိုးပြီး ကြိုတင်၍ ဆူပူထားမှုကြောင့် ဇနီးဖြစ်သူမှာ စိတ်ညစ်ကာ အလုပ်မှထွက်လိုက်ရသည်အထိ သဝန်တိုတတ်သူ ယောကျ်ားမျိုးလည်း တွေ့ခဲ့ရဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဂျီဝါ ဖြစ်ရပ်သည် ယောကျ်ားတို့အကြောင်းတွင် အဓိကသတ်သေ (ဝါ) မျက်မြင်သက်သေတစ်ဦးပင်တည်း။

သာမန်အမြင် သာမန်အဆုံးအဖြတ်အရ ယောကျ်ားတို့၏ စိတ်ထားသည် မိန်းမများထက်တော့ ကြီးသယောင် သာသယောင် ထင်ရသော်လည်း စင်စစ် ဤသို့မဟုတ်ပြန်။

ဘဝမျှမဖြစ်မီ သဘောထားကြီးသလို ယူဆရသော ယောကျ်ား အချို့သည် နှောက်ပြောင်ကျီစယ်ပြီး ပြောသည့် စကားကိုပင် မခံမရပ်နိုင်ဘဲ မတည်ငြိမ်ဖြစ်သည်ကို တွေ့ရဖူးလေသည်။

လူ့သဘာဝအရ လူသည် မိမိ၏အကျိုး ထိပါးသည့်အခါ တုန်လှုပ်ချောက်ချားသည်မှာ အဆန်းမဟုတ်သော်လည်း ရယ်ဖွယ်ပြောသည့်စကားကိုပင် ရယ်ဖွယ်အဖြစ် မမှတ်ယူနိုင်ဘဲ ဆတ်ဆတ်ခါ နာလေ့ရှိသည့် ယောကျ်ား အတော်များများ၏ စိတ်ဓာတ်မှာ လက်မခံနိုင်ဖွယ်ရာပင် ဖြစ်သည်။

ဤခံနိုင်ရည် မရှိခြင်းနှင့် ပတ်သက်၍ အဖြစ်များပြီး လူတိုင်း တွေ့ကြုံဖူးမည့် ပြဿနာတစ်ရပ် ရှိသေး၏။ လင်နှင့် မယား လမ်းလျှောက်၍သွား၏။ နေ့စဉ် တွေ့မြင်နေကျ ဖြစ်သခြင့် တစ်ယောက်အပေါ် တစ်ယောက် စိတ်ဝင်စားလှခြင်းမရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်ကိုလည်း သတိထားလျှင် တွေ့မြင်နိုင်မည်ဖြစ်သည်။

ယှဉ်တွဲ၍သာ သွားနေကြသော်လည်း အာရုံသည် အခြား စီသို့ ရောက်နေတတ်ကြသည်။ ယောကျ်ားသည် အခြား သူစိမ်း မိန်းမများဆီသို့လည်းကောင်း၊ မိန်းမသည် မိမိယောကျ်ားမဟုတ် သော အခြားယောကျ်ားအချို့ဆီသို့လည်းကောင်း စိတ်ရောက် နေလေ့ရှိ၏။ လူလာကြည့်မည်ဆိုပါက လူသည် အသစ်အဆန်း ကိုမြင်တွေ့လိုသော သတ္တဝါဖြစ်သည်။

လမ်းတွင် မြင်သမျှ တွေ့သမျှ ရုပ်ဆိုးဆိုးလှလှ မျက်စိ တစ်မှိတ် - လျှပ်တစ်ပြက် ဖြစ်ဖြစ် ကြည့်၍ သွားတတ်ကြသည် သာ ဖြစ်သည်။

ယောကျ်ားသည် ဤအထဲတွင် အဆိုးဆုံးဖြစ်၏။ ပျိုသည် ဖြစ်စေ၊ အိုသည်ဖြစ်စေ သူ့မျက်လုံးအစုံသည် ဆန့်ကျင်ဘက် လိင် (မိန်းမများ) ကို နှိုက်နှိုက်ချွတ်ချွတ် ကြည့်သွားလေ့ရှိကြသည်။ အချို့ဆိုလျှင် အကြည့်အပြုရဲတင်းပြီး သိက္ခာမဲ့လွန်းသဖြင့် အတော်ပင် အရုပ်ဆိုး၏။

ယင်းသို့ မိမိကိုယ်တိုင်က မလွှတ်တမ်း ကြည့်လားရှုလား ကျီးကန်းတောင်းမှောက် ဖြစ်လာသော်လည်း မိမိဇနီးက အခြား ဆီသို့ လှမ်း၍ကြည့်ခြင်းကိုမူ မနှစ်မြို့နိုင်ကြ၊ သဘောမကျနိုင် ကြ။ အလားတူပင် မိမိ၏ဇနီးကို အဓိပ္ပာယ်အမျိုးမျိုးဖြင့် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကြသည့် ယောကျ်ားတို့အပေါ်တွင်လည်း ကျေနပ်ခြင်းမရှိလှပေ။

အချို့ဆိုလျှင် သိသိသာသာကြီး မျက်စိမျက်နှာပျက်၍ လာသည်၊ ထို့ထက်စိတ်မထိန်းနိုင်သော ယောကျ်ားမျိုးဆိုပါက ဇနီးဖြစ်သူကို ပြောင်ဖွင့်ပြောကာ အဟာနံ့အတားပြုလေ့ရှိ၏။ သဘောထား အလွန်သေးသော ယောကျ်ားမျိုးဆိုလျှင်ကား ဇနီးမယားနှင့် တစ်ယောက်တစ်ခွန်း စကားများကာ ခရီးစဉ်ကို ဖျက်၍ အိမ်သို့ပြန်သည်အထိ ပြုမူလေ့ရှိကြသည်။

ဖော်ပြပါယောကျ်ားမျိုးသည် ယောကျ်ားစိတ် အလွန်ခေါင်းပါးကြသကဲ့သို့ မိန်းမသားများလောက်ပင် နှလုံးမကြီးနိုင်ကြသူများတည်း၊ သူတို့၏ အပြုအမူနှင့် စိတ်ထားသည် ကိုယ်ကျိုးကို အနည်းငယ်မျှ အထိမခံနိုင်ကြောင်း ပြသရာ ရောက်လေသည်။

သူတို့သည် အသိတရား အတော်အတန် ရှိကောင်းရှိမည်ဖြစ်သော်လည်း အရာရာကို မျှမျှတတ တရားသဖြင့် စဉ်းစားလုပ်ကိုင်နိုင်သူများ မဟုတ်ပေ။

မိမိ၏အကျိုး ပဲ့ထွက်မည်ထင်လျှင် မည်သူကိုမျှ ထောက်ထားညှာတာလိမ့်မည် မဟုတ်သကဲ့သို့ ရက်စက်စရာရှိလျှင်လည်း သူမတူအောင် ရက်စက်နိုင်သူများ ဖြစ်၏။ သူ့ဘိုင်ပိုယောကျ်ားမျိုးသည် မိန်းမများအတွက် အန္တရာယ်ကြီးလှ



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ လူတိုင်းအတွက်လည်း အကျိုးမပြုပေ။

သူတို့နှင့်ပတ်သက်၍ စိတ်ချရသော အချက်တစ်ရပ်တော့ ရှိသည်၊ ရင်းကား မိမိသာအကျိုးရှိမည်ဆိုလျှင် (မိမိလည်း မထိခိုက်ဘူးဆိုလျှင်) ဘာမဆို ပြုမူရန် အသင့်ရှိနေတတ်ခြင်းပင် ဖြစ်၏။

❋



www.burmeseclassic.com

www.burmeseclassic.com



## ချစ်ရန်ဝန်မလေးသောယောက်ျား

ဟုတ်ဟုတ် မဟုတ်ဟုတ်၊ ချစ်ပါသည်၊ အလွန်ချစ်မိပါသည်ဟု အလွယ်တကူဆိုတတ်သော ဆိုရန် ဝန်မလေးသော ယောကျ်ားတို့သည် မိန်းကလေးများနှင့် ပတ်သက်လာလျှင် ယင်းစကားကိုဆိုရန် အလွန်ကြိုးစားသည့်သူများ ဖြစ်ကြသည်။

ချစ်မိပါသည်ဆိုသော စကားလုံးသည် မိန်းမသား တစ်ယောက်အဖို့ မက်လုံးတစ်ခုပင်ဖြစ်သည်၊ ယောကျ်ားတို့သည် ထိုအချက်ကို ကောင်းစွာသိကြပြီးဖြစ်၏။ အပြောအဆိုသာမက အမူအရာကလည်း တကယ့်ခံစားချက်ပမာ ထင်ရလောက်အောင် ပြုနိုင်ကြပါပေသည်။

ဤနေရာတွင် အိမ်ထောင်သည်အချင်းချင်းပင် ထူးခြားသော ချစ်ခြင်းမေတ္တာ၏ သဘောကြောင့် အရှုပ်အထွေးဖြစ်မိကြသည့် သဘောကိုမူ ခြွင်းချက်ထားရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုသည်မှာ ယောကျ်ားအချို့သည် မိန်းမတစ်ယောက်ကို ထူးထူးကဲကဲဆိုသလို မထိန်းနိုင်မသိမ်းနိုင် တကယ့်ကို ချစ်မိတတ်ကြသည်။

ထိုအထဲတွင် အခြားလူမှုရေး စည်းကမ်းချက်များကို သေးသေးစားစား ဂရုတစိုက် ပြုစုခဲ့ကြသည့် အသိပညာရှင်များသည် ပင် ပါဝင်လေသည်။

အမှန်ကား ချစ်ခြင်း၊ ချစ်မိခြင်းသဘောသည် အလွန်ပင် သိမ်မွေ့နက်နဲလေသည်။ အချို့ လွယ်လွယ်ပြု လွယ်လွယ်ပြော ကြခြင်းများကိုမူ ဤကဏ္ဍတွင် စာရင်းသွင်း၍ ကိုးကားရန် ခွင့် မပြုနိုင်ချေ။

အထက်ကဖော်ပြခဲ့သော ချစ်ခြင်းကိစ္စသည် ယောကျ်ား တစ်ယောက်အဖို့ အလွယ်တကူ ဖြစ်နိုင်၊ ပြောဆိုနိုင်သော သဘောရှိသဖြင့် ယုံလွယ်သည့် မိန်းမသားများသည် အများဆုံး နစ်မွန်းကြရသည်။

ယောကျ်ားသည် မိန်းမတစ်ယောက်ကို ချစ်မိပါသည်ဟု ဆိုသော ဖွင့်ဟချက်ထဲတွင် စဉ်းစားစရာများစွာပါဝင်လေသည်။ ယောကျ်ားတို့သည် ချစ်တတ်သည့်နေရာတွင် နှစ်ယောက်မရှိ သည်ကိုမူ သံသယမရှိသင့်သော်လည်း မည်သည့် 'အာ' တို့ ဖြစ်ကြောင်း သိဖို့ကားလို၏။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတို့သည် မိန်းမတစ်ယောက်ကို မြင်လျှင် . . . တပ်မက်သော (တဏှာ) မျက်လုံးဖြင့် ကြည့်ကြသည်က များသည်။

မျက်နှာကလေးက လှ၍ချစ်သည်၊ ယဉ်၍ချစ်သည်၊ ချော၍ချစ်သည်၊ အကြည့်ခံ၍ ချစ်သည်၊ ကျက်သရေရှိ၍ ချစ်သည်၊ မျက်လုံးကလေး လှ၍ချစ်သည်၊ ရင်သားလှ၍ချစ်သည်၊ တင်လှ၍ချစ်သည်၊ မျက်နှာရော ကိုယ်လုံးပါလှ၍ ချစ်သည် . . .

စသည်ဖြင့် တစ်ချစ်တည်း ချစ်နိုင်ကြလေသည်။

တစ်ခါတစ်ရံတွင်မူ ကရုဏာမျက်နှာကလေးကြောင့် သနားပြီး ချစ်ရပါသည် . . .

ဆိုသော အကြောင်းအချက်ကလေးပင် ပါလာတတ်သေး၏။

အမှန်ကား . . .

ယောကျ်ားတို့၏ အချစ်သည် ရင့်ရင့်ကျက်ကျက် တည်တည်ငြိမ်ငြိမ်နှင့် စည်းကမ်းတကျ . . . ပေါ်ပေါက်လာခဲ့သည်မှာ ရာခိုင်နှုန်းအားဖြင့် အတော်နည်းသည်။ မိန်းမသားတစ်ယောက်တွင်ရှိသည့် မကျွမ်းမောဖွယ် (ယောကျ်ားတို့အနေဖြင့် နှစ်သက်ဖွယ်) ရုပ်ချောင်းအင်္ဂါတစ်ခုခုကို တပ်မက်ရာမှ ချစ်မိခြင်းစသည်က များ၏။



www.burmeseclassic.com

www.burmeseclassic.com



ညှိမှု ရဲကြ - မြန်ကြသည်မှာ ယောကျ်ားတို့တွင် သဘာဝ ကပေးသော အာမခံချက် တစ်ရပ်ကြောင့် ဖြစ်သည်။ ၎င်းတား အခြားမဟုတ်။

ဆူးပေါ် ဖက်ကျလည်း ဖက်ပေါက်သည်၊ ဖက်ပေါ် ဆူးကျ လည်း ဖက်ပဲပေါက်သည်ဆိုသော နိယာမတရားအရ ယောကျ်ား ဟူသည် မည်သည့်နည်းနှင့်မျှ နစ်နာရန် အကြောင်းမရှိချေပင် တည်း။

သဘာဝတရားအရ အရာရာသည် အစဉ်အမြဲ ဖြစ်ပျက် ပြောင်းလဲ၍နေ၏။ ထို့အတူ အချစ်၊ ချစ်မိခြင်း၊ ချစ်ခြင်းမေတ္တာ စသည်တို့မှာလည်း တည်မြဲခြင်းမရှိပေ၊ ခိုင်မြဲခြင်းလည်း မရှိပေ။

ချစ်ပြီး မုန်းရတတ်သည်၊ မုန်းပြီးချစ်ရတတ်သည်၊ အချစ် နှင့်အမုန်းသည် ရွက်သစ်နှင့် ရွက်ဟောင်းပမာ သူ့အချိန်အခါ နှင့် သူသာဖြစ်လေသည်။

ထို့ကြောင့် ယောကျ်ားဆိုဆို၊ မိန်းမဆိုဆို၊ တည်ကြည် ခိုင်မြဲသော အချစ်ပါဆိုသည့်စကားသည် ရယ်ဖွယ်မျှသာ ဖြစ်သည်ဟု ယူဆရမလောက် အပြောင်းအလဲ မြန်ဆန်နိုင်သည် ကို သတိပြုသင့်သည်။

ယောကျ်ားတို့၏ အချစ်ကား . . . ထိုသဘော ပိုမို၍ပင်



www.burmeseclassic.com

www.burmeseclassic.com



လွန်ထဲပေသည်၊ တစ်ချက်ကွယ် တစ်မယ်မေ့ဆိုသော စကားသည် အလွန်မှန်ကန်သည့် အဆိုအမိန့်တစ်ခု ဖြစ်သည်။ မိန်းမများ သည် အလှအပနှင့် အဆူးအညှပ်ကို ခုံမင်သကဲ့သို့ ယောကျ်ားတို့ သည်လည်း လတ်တလော ခံစားရမှုနှင့် သာယာမှုအပေါ် အလွန်သံယောဇဉ် ကြီးမားကြသူများဖြစ်သည်။

ယင်းအတွက် ယောကျ်ားအများစုသည် ချစ်ပါသည်ဆို သော စကားကို ပြောဆိုရန် ထာဝရ အသင့်ရှိနေတတ်ကြသည်။

အတုသည် အစစ်ထက် သေသပ်ပိရိအောင် ကြိုးစားလေ့ ရှိသည့်နည်းတူ ယောကျ်ားတို့၏ နှုတ်ဖျားမှ ချစ်ပါသည်ဆိုသည့် မန္တာန်သည် အမြဲ အသက်ဝင်နေတတ်သည်။

သူတို့တွင် ပူးကပ်နေသော အချစ်ကား . . . ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း၊ သဘောထားကြီးခြင်း၊ အနစ်နာခံခြင်း စသည့် ကြီးမြတ်သော အရည်အချင်းများ မပါပေ၊ သွေးသားအချစ် သာလျှင် ဖြစ်သည်။

ယောကျ်ားအတော်များများ၏ စိတ်ထဲ၌ သွေးသားအရ ချစ်ရဖို့လောက်သာ အာရုံထားကြသည်။

တစ်ခါတစ်ရံ အသဲနှလုံးမှ လှိုက်လှဲစွာ ချစ်ပါသည်ဆိုသော ချစ်မေတ္တာမျိုးသည်ပင်လျှင် ရေရှည်မခံဘဲ သွေးသားအရ ချစ် ပြီးသည်နှင့် အရည်ပျော်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ချစ်လှပါသည်၊ ချစ်မိပါသည်ဆိုသော ယောကျ်ားတို့၏ အချစ်စကားသည် မိန်းမများအဖို့ အန္တရာယ် ကြီးလွန်းလှ၏။

အချစ်ကိုယုံလွန်းသဖြင့် မရှုမလှ ပျက်စီးကြရပေါင်းလည်း များလှချေပြီ။

ယောကျ်ားတို့၏ ဖျက်ဆီးမှုကြောင့် မျက်ရည်နှင့်မျက်ခွက် ဒုက္ခရောက်ကြရသည့် မိန်းမသားများ၏ အဖြစ်သည် ယောကျ်ားတို့အဖို့ ထာဝရမေ့မရသည့် သင်ခန်းစာတစ်ရပ် ဖြစ်သင့်သည်။ သူတစ်ပါး မျက်ရည်ကျပြီး ဒုက္ခရောက်ရသည့်အပြုအမူမျိုးတို တစ်သက် မပြုတော့ပါဟု သံမဏိဒွာန်ချရလည်း ကောင်းသည်။

သို့သော် . . ပြုသူပီပီ မေ့မေ့ပျောက်ပျောက်နိုင်လှသည်။ တကယ့်ဖြစ်ရပ်ကို အိပ်မက်လိုသဘောထားပြီး ဟိုတွေ့ဤပြန် တော့လည်း ဟိုအခြေအနေကို အသုံးချပြန်သည်။ ကိုယ်ချင်း စာနာသည့် နှလုံးသားများ မရှိလေရော့သလားဟု ထင်ရလောက် အောင် ရက်စက်နိုင်ကြသူများတည်း။

မည်သို့ဖြစ်စေ၊ ပြုသူအသစ်ဆိုသည့် စကားအတိုင်း သူတို့ သည် ချစ်ရန်အသင့်ရှိနေတတ်ကြသည်။ အချိန်မရွေး ချစ်နိုင် ကြသည်။ ချစ်မိခြင်းနှင့် ပတ်သက်၍ ငြီးငွေ့စရာ ကောင်းလှသော စကားလုံးအမျိုးမျိုးကို သုံးနှုန်းကြပါပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အများစုသည် သိမ်မွေ့နက်နဲသော ချစ်မေတ္တာ အရာတို့ကို အလေးအနက် မစဉ်းစားကြဘဲ သွေးသားအရ ချစ်နိုင်ကြခြင်းမျှသာတည်း၊ မည်သည့် မိန်းမသားမျိုးကိုမဆို ချစ်ရန် ဝန်မလေးသောသဘောသည် အပေါ်ယံ ရုပ်၌ စဉ်းစားကြသော ကြောင့်ဖြစ်၏။

❋



www.burmeseclassic.com

www.burmeseclassic.com



## ကျားထက်ဆိုးသောယောက်ျားများ

လူသည် တိရစ္ဆာန်ထက် ဆိုးလေသည်၊ ဆိုးနိုင်လေသည်၊ ဆိုးနိုင်သည်ကား အသိဉာဏ်ကြောင့်ဖြစ်၏၊ အသိဉာဏ်တို အသုံးပြုပြီး မိမိဘေးမကျအောင် အတတ်နိုင်ဆုံး ရှောင်၍ ဆိုးခြင်းပင် ဖြစ်သည်။

လူများအနက် ယောက်ျားတို့သည် ပို၍ဆိုးကြ၏၊ ဆိုးနိုင်ကြသည်မှာ. . . အထက်ခန်းတွင် ဖော်ပြထားသည့်အတိုင်း ဒေါင်ကျကျ၊ ပြားကျကျ နစ်နာစရာအကြောင်း နည်းပါးလွန်းလှ၍ပင်ဖြစ်သည်။

သည်ကြားထဲ တံစက်မြိတ်ကလွန်လျှင် လူပျိုဖြစ်သည်ဆိုသော ခံယူချက်ကလေးကိုပါ ဖြည့်စွက်လိုက်သည့်အခါ ဆိုး၍ ပိုကောင်းလာ၏။ သောက်လေ. . . သောက်လေ ငတ်မပြေဆိုသကဲ့သို့ မိန်းမများကို အလိုရမက် ကြီးလွန်းလှသူများပါဝေတာ မှက်ချက်ရှင် ယောက်ျားတို့၏ အလိုဆန္ဒကား တချယ်ဝန်းနှုံးပါ ချေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူသားစားဖူးသောကျားသည် ဗိုက်၌အတင့်ရဲသကဲ့သို့ အတွေ့အကြုံနှင့် အခွင့်အရေး သာခဲ့ဘူးသော ယောကျ်ားတို့၏ စိတ်သည် အလျှံတရဲရဲနှင့် ထ၍ တောက်တော့မည့် မီးခဲကဲ့သို့ အလွန် သတိထားရလေသည်။

မိန်းမကိစ္စဆိုလျှင် ဘေထိဆိုသည်နှင့် ကွဲအောင် ပြုနိုင်သည့် လက်ဝှေ့သမားကဲ့သို့ အလွန်ပင် လက်သံပြောင်၏။

ဇာတ်လမ်းဆင်၍ လှပယ်ဟန်တူသော မိန်းမသားတစ်ယောက်နှင့် တွေ့ရသည့်အခါ ချစ်ခြင်းမေတ္တာကို အခြေခံပြီး ဇာတ်လမ်း ဆင်လေတော့သည်။

အမှန်တော့ ယောကျ်ားတစ်ယောက်သည် တွေ့တွေ့သမျှသော မိန်းမတိုင်းအား တကယ့်စိတ်နှင့် မေတ္တာမရှိနိုင်သည့်မှာ လွယ်လွယ်ကူကူ စဉ်းစား၍ သိနိုင်သော ကိစ္စဖြစ်၏။

သို့ရာတွင်. . . တကယ့်စိတ်နှင့် မေတ္တာမရှိနိုင်သော်လည်း ချစ်မိကြောင်းကိုပြော၍ ထွက်သည်မှာ ယောကျ်ားတို့၏ အစဉ်အလာ မုသားစလေ့ တစ်ခုပင်ဖြစ်သည်။

မေတ္တာရှင်ကြီးများဟု ဆိုလျှင် မှားနိုင်မည်မဟုတ်ပေ။ မေတ္တာရှင်ကြီးတို့၏ မေတ္တာအား မိန်းမသားများအဖို့ အဆိပ်ဖြစ်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဆိပ်ကား ချက်ချင်းမသေစေဘဲ လူ့ပတ်ဝန်းကျင်တွင် မိန်းမသားတစ်ယောက်၏ ဂုဏ်သိက္ခာကို ရေစုံမျောကာ မသေမရှင် သတ်ထားသလိုရှိသည့် အဆိပ်မျိုးပင်ဖြစ်သည်။

ကျားသတ္တဝါကား လူသားကို စားလို၍ ကိုက်သည်သာဖြစ်၍ လူကိုအသေကိုက်၏။ ထို့ကြောင့် ကျားထက်ဆိုးသော ယောကျ်ားဟု ဆိုရခြင်းဖြစ်၏။

ယောကျ်ားတို့ ကျားထက်ဆိုးသည့် အဖြစ်အပျက်များအတွက် သက်သေအထောက်အထားများမှာ လက်ညှိုးထိုး၍ မလွတ်အောင်ပင် ရှိသည်။

အချို့ကား အေးအေးကုပ်နှင့်ဆိုး၏။ အချို့ကား ဟန်နှင့်ဆိုး၍ အချို့ကား ပြောင်ပြောင်တင်းတင်းပင် ဆိုး၏။

ဆိုးပုံဆိုးနည်းများသည် ယောကျ်ားတို့၏ အသိဉာဏ်နှင့် စီးပွားရေးအခြေအနေရ ကွဲပြားခြားနားမှုများ ရှိသော်လည်း တူညီသော အချက်တစ်ရပ်ကား ကိုယ်လွတ်ရုန်းကြသည့် အရေးအချင်းပင်ဖြစ်သည်။

ယောကျ်ားပီပီ လုပ်ရဲလျှင် ခံရဲရမည်ဆိုသောစကားသည် စကားအရာ၌သာ သီးခြားတည်နေရှာသည်။ အများအားဖြင့်မူ မိမိလုပ်ချင်ရာ လုပ်ပြီးသည့်နောက် ယောကျ်ားပီပီ ပရိယာယ်သဝှဇ်များ တစ်ပုံတစ်ခေါင်းကြီးသုံးကာ ခေါင်းရှောင်လိုက်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်အပေါ် သွေးသားအရ အမြတ်ထုတ်ပြီး နောက် မိန်းမသားအနေဖြင့် အထုပ်အထည်ရှိလာသည်နှင့် ရှောင်နေလိုက်သည့် ယောကျ်ားတို့၏ လုပ်ရပ်များသည် ဖိုမ ယောတတွင် လူသိများ၍ ထင်ရှားနေပေသည်။ မိန်းမသားကပါ စိတ်ပါ၍ အကျိုးတူခံစားကြသည့် ကိစ္စတွင်ဖြစ်လာသော တာဝန် အတွက် ဒိုင်ခံ၍ မဖြေရှင်းပေးနိုင်ဟု ဆိုသူကလည်း ဆိုသည်။

ယင်းပြဿနာမျိုးသည် ကျားထက်ဆိုးသော ယောကျ်ား မျိုးများ ရှိနေသ၍လည်းကောင်း၊ စဉ်းစားဆင်ခြင်နိုင်စွမ်းမရှိ သည့် မိန်းမများ ပေါများနေသရွေ့လည်းကောင်း၊ ပေါ်ပေါက် နေဦးမည်သာ ဖြစ်သည်။

ယောကျ်ားအချို့၏ တာဝန်မဲ့ပြုမူမှုကြောင့် ကိုယ်ဝန်ရကာ ဆောက်တည်ရာမရဘဲ လမ်းပေါ်တွင် တွေ့ရသည့် ယောကျ်ား တစ်ယောက်နှင့် လွယ်လင့်တကူ ယူလိုက်သော မိန်းကလေး တစ်ယောက်၏ အဖြစ်ကို တွေ့ခဲ့ဖူးလေသည်။ သူတို့အဖို့ ဆက် ဆံစကတည်းက လူကိုတန်ဖိုးထားသည် မဟုတ်ပေရာ၊ အ ကြောင်းတစ်စုံတစ်ရာကြောင့် အမျိုးသမီးအနေဖြင့် အသက်ဆုံး ရှုံးသွားသည့်တိုင်အောင် သစ်ရွက်ကလေး တစ်ရွက် လွင့်ကြွေ သွားသည့်နှယ် မသိမသာ နေလိုက်မည်မှာ သေချာ၏။

မိမိသရမ်းမှုကြောင့် ကိုယ်ဝန်ဖျက်ချပြီး ပိန်ချုံးနေသည့်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတစ်ယောက်၏ သတင်းကိုကြားရသော်လည်း ဘာမျှ မဖြစ်သလို အပြုံးမပျက်နေနိုင်လွန်းသည့် ယောကျ်ားမျိုးကိုလည်း တွေ့ရဖူး၏။

အချို့ယောကျ်ား ဆိုလျှင် အရွယ်ကြီးရွှဲ၍ အမုန်းကြီးမုန်းသွားသော မိန်းမမျိုး၏ အတွေ့အကြုံသည်ဖော်ပြပါ ဖြစ်ရပ်မျိုးထက် မပိုလျှင်သာရှိမည်။ လျော့နည်းမည် မဟုတ်ပေ။

ယောကျ်ားအများစု၏ ခေါင်းထဲတွင် ရှာကြွေးနိုင်လျှင် မိန်းမသားတစ်ယောက်ကို အချိန်မရွေး ခေါင်းခေါက်၍ ယူနိုင်သည်ဆိုသည့် အယူအဆသည် စည်ရှိနေလေသည်။

ဤအယူအဆသည် ဖြစ်သင့်ဖြစ်ထိုက်ခြင်း မရှိသည့်တိုင်အောင် အတော်အတန် မှန်ကန်နေသဖြင့် ယောကျ်ားတို့သည် မိန်းမများကို ဆက်ဆံရာ၌ မာနိုင်ကြခြင်း ဖြစ်သည်။

အချို့အိမ်ထောင်ရှင် ယောကျ်ားဆိုလျှင် ယင်းချက်နှင့်ပင် ခြိမ်းခြောက်ကာ ဇနီးမယားအပေါ် နိုင်ချင်တိုင်း နိုင်ကြသည်။

သူ့ဘက်ကိုယ့်ဘက် မျှမျှတတမစဉ်းစားဘဲ မိမိလုပ်လိုရာ လုပ်၍ တစ်ကိုယ်ကောင်း စိတ်ချမ်းသာမှုကို ရယူနေကြသည်။ ထိုယောကျ်ားမျိုးကို ကျားထက်ဆိုးသည်ဟု ဆိုရန်မှတစ်ပါး အခြားအမည်နာမ တပ်စရာမရှိတော့ပါချေ။

❋



www.burmeseclassic.com

www.burmeseclassic.com



## ယောက်ျားတို့၏ ပို–မကိစ္စ
## အရှုပ်အထွေးများ

ယောက်ျားတို့သည် မိန်းမကိစ္စ၌ ပွေချင်ကြသည်၊ ပွေ၍ရသမျှ ပွေကြ၏။ လူပျိုထက် လူအိုက ပို၍ပွေလေသည်။ ပွေပုံပွေနည်းကို ပို၍သိရှိနားလည်ထားပြီး ဖြစ်၍တည်း။

လူပျိုပွေပုံနည်းသည် ပျော်လိုပါးလိုမှုကို အဓိကနီးပါးထားသော်လည်း အသားစားကျားပမာ ပွေသောလူအိုများကား အညီအဟောက်ကိစ္စကို အဓိကထား၍ ပွေကြသည်။

အချို့ဆိုလျှင် တော်တော်ပင်ကျင်လည်ကြ၏။ မိန်းမတိုင်းကို မဆိုလိုသော်လည်း မိန်းမအများစုသည် စ,တတ်လျှင် ရသည်ဟု တစ်ထစ်ချ မှတ်ယူထားကြသော ယောက်ျားတို့သည် စ,တတ်သလို စကြသည်၊ ရလည်းရကြသည်။

ထိုအဖြစ်မျိုးကို လေ့လာကြည့်မည်ဆိုလျှင် နှစ်ဦးသဘောတူ၍ ဆိုရမည်ဖြစ်သော်လည်း အစဉ်အလာအရ စပြီးဦးဆောင်လေ့ရှိသည့် ယောက်ျားကြောင့် ဖြစ်ရသည်ဟူ၍သာ မှတ်ချက်ချ



www.burmeseclassic.com

www.burmeseclassic.com



ရမည်ဖြစ်သည်။

လူအို ယောကျာ်း၏ အဓိက ပန်းတိုင်ကလည်း ချစ်ကြည်နူး ဖွယ်စကားသံကလေးများ မဟုတ်ပေ။

ပွေ့ဖက်နမ်းရှုပ်ခြင်းစသော အပေါ်ယံအပယိက တို့စွကလေးများလည်း မဟုတ်အကျွံ ဖြစ်မြောက်မှုသည်သာ သူတို့၏ ပန်းတိုင်ပေတည်း။

ယောကျာ်းအများစုသည် တကယ်ချစ်၍ လက်ထပ်ပေါင်း သင်းသည့် ဇနီးမယားအပေါ်တွင်လည်း ပေါင်းသင်းပြီးတစ်နှစ် ခန့်အကြာ၌ စူးစိုက်မှုနည်းပါး (လျော့နည်း)လာလေ့ရှိကြသည်။

အချို့ဆိုလျှင် ထို့ထက်မင် အချိန်တိုတိုနှင့် ငြီးငွေ့လွယ် တတ်ကြသည်ကို တွေ့ကြရ၏။

ယောကျာ်းတို့၏ လောကတွင် ရေပန်းစားနေသည့် ရယ် ဖွယ်လိုလို စကားတစ်ခုရှိလေသည်။ ၎င်းတို့ကား . . .

"လက်ထပ်ပြီး သုံးလလောက်ကြာလျှင် ကိုယ့်မိန်းမကလွဲ ရင် ကျန်တဲ့ မိန်းမတွေအားလုံး လှတယ်" ဟူ၍ဖြစ်သည်။ ဤ စကားသည် ရယ်ဖွယ်စကားသက်သက်မျှသာဟု ပေါ့ဆစွာ မထင်လေနှင့်။ ယောကျာ်းအများစုသည် ဤအတိုင်းဖြစ်၍ နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းနေရာတွင် အိမ်ထောင်ရှင် အမျိုးသမီး၏ ချို့ယွင်းချက်များ ပါကောင်းပါမည်ဖြစ်သော်လည်း အစဉ်အလာအရဆိုမူ မိန်းမဘက်က ချို့ယွင်းချက်မရှိဘဲနှင့်လည်း ယောကျ်ားတို့သည် ထင်းသို့ပင် အကျင့်ပါနေကြသည်။

ပွင့်ပွင့်လင်းလင်း ဝန်ခံစတမ်းဆိုလျှင် "ကိုယ့်အကျိုးကို ကြည့်လွန်းမှုပင် ဖြစ်သည်"ဟု အဖြေထွက်လာမည်ဖြစ်၏။

မှန်ပေသည်။ ယောကျ်ားတို့သည် တစ်ကိုယ်ကောင်း ဆန်ဆန်ပြုမူရန် ဝန်မလေးကြသူများ ဖြစ်သည်။

မခိုင်လုံသော အကြောင်းပြချက်များဖြင့် သားမယားတို့ကို စွန့်ခွာကာ နောက်တစ်ယောက်ယူရန် ခြေလှမ်းပြင်ရာတွင် နှောင့်နှေးနေသူများလည်း မဟုတ်ကြပေ။ "အိုဝ်တွေလျှင် ခြေဆေးချင်ကြသူများ"ဟူသော မိန်းမများ၏ နာလည်ချက်သည် လည်းကောင်း၊ "ငါးစိမ်းမြင်လျှင် ငါးကင်ပစ်ချင်သူများ"ဟူသော စွပ်စွဲချက်သည်လည်းကောင်း များစွာပင် မှန်ကန်သည့် ယောကျ်ားတို့၏ အကြောင်းများပင် ဖြစ်လေသည်။

ဖို-မ ကိစ္စအရှုပ်အထွေး ကိစ္စနှင့် ပတ်သက်လာလျှင် ယောကျ်ားတိုင်းလိုလိုပင် မလွတ်ဘဲ ရှိနေသည်ကို လေ့လာတွေ့ရှိပေရာ တစ်ခါတရံ ယောကျ်ားတို့ အထဲတွင် ၎င်းကိစ္စနှင့် ပက်သက်လာလျှင် လူကောင်းမှ ရှိနိုင်ပါ့မလားဟု တွေးထင်ရသို့



www.burmeseclassic.com

www.burmeseclassic.com



မတတ် စဉ်းစားကြရလေသည်။

မယားငယ် ယူနိုင်သူကလည်း မယားငယ် ယူကြသည်။ တတ်ကိုယ်၊ စတူတ္တာ ထားသူကလည်း ထားကြသည်။ ခယ်မတို့ အပိုင်ကြံသူက ကြံကြသည်။

အိမ်ထောင်လက်ရှိ မိန်းမကို အဆွယ်တရားဟော၍ ရှုပ်သူက ရှုပ်ကြသည်။ မယားလက်ရှိ ဖြစ်လျက်နှင့် မိန်းမပျိုများနှင့် ရည်းစားထားကာ သာယာမှုရှာသူက ရှာကြသည်။ အချို့တမူ မကောင်းသော မိန်းမများနှင့် အခါအခွင့်သင့်တိုင်း ငွေကြေးကလေးရှင်တိုင်း ပျော်ပါးကြသည်။

အချို့ကလည်း အပျံသင်စ မိန်းမပျိုလေးများကို စောင့်၍ ချောင်းကာ ပျော်ပါးမှုအတွက် အသုံးချကြသည်။ ပျော်ပုံပါးပုံများ အနေဖြင့် မလေ့စရိုက်အရ ကွဲပြားခြားနားသော်လည်း သူတို့၏ ရည်ရွယ်ချက်ကား တစ်ခုတည်းဖြစ်သည်။

သွေးသားအရသာ မှုအရ ယူနိုင်ရေးသာတည်း။ ခြုံ၍ နာမည်တပ်ရလျှင် ဒုစရိုက်မှုများပင်ဖြစ်သည်။

သူတစ်ပါးက နာစေ၊ ကိုယ်က သာစေဆိုသည့် အလုပ်လောက် ကိုယ်ကျိုးဆန်သော အလုပ်မရှိပေ။ လူမှုရေး စည်းကမ်းဖောက်ဖျက်ခြင်းလည်း ဖြစ်သည်။ အခွင့်အရေးနှင့် များပြီး သွေး



www.burmeseclassic.com

www.burmeseclassic.com



ရုပ်တာ လိုသည့်အဆင့်သို့ ရောက်သည်နှင့် လှည့်၍ မကြည့်တော့သော အလုပ်သည် လူ့လောကအတွက် အရှိန်းစိုင်းခုံး ထုပ်ရုပ်တစ်ခုလည်း မည်ပေသည်။

တရားမျှ၍ သာယာအေးချမ်းမှုကို တည်ဆောက်နေချိန်၌ ဤသို့သော အမြုအမူမျိုးသည် ကွင်းဆက်အရစဉ်းစားလျှင် လူမျိုးတစ်မျိုး၏ တိုးတက်မှုကို သိနိုင်၏။ ရှုပ်ပွေ၍ ဖို-မကိစ္စ၌ အမြတ်ထုတ်လိုမှုသည် ပြုပြင်၍မရသော အစဉ်အလာတစ်ရပ်မဟုတ်ပေ။ အခြေခံ အသိဉာဏ်ရှိပြီး လူမှုရေး စည်းကမ်းအပေါ် အတော်အတန် စိတ်ဝင်စားမည်ဆိုလျှင် ရှောင်ရှား၍ရသော ကိစ္စဖြစ်သည်။ ထိန်းသိမ်း၍ ရသည့်ကိစ္စလည်း ဖြစ်သည်။

မြန်မာနိုင်ငံ အနေဖြင့် မိန်းမပေါ်၍ ပွေသည်ဟု ဆိုလျှင်လည်း မှန်ကန်သည့် အတွေးအခေါ်မဟုတ်သဖြင့် လက်ခံနိုင်စရာအကြောင်းမရှိ။ ပစ္စည်းပေါသော်လည်း ငွေမကုန်ချင်၍ ချွေတာသူများအဖို့ ဝယ်ယူခြင်း မပြုလျှင်လည်း ဖြစ်၏။

ယောက်ျားတို့ ဖို-မကိစ္စ ပွေကြသည်မှာ ကျ၍သတော တရားများသာ ပါလေသည်။ ပေါ်၍ ပွေသည်ဟုဆိုသော်လည်း ကိုယ်တိုင်ကြိုးစား အားထုတ်မှုရပါပေရာ မိမိတို့က ပြုချင်၍ ပြုနေကြခြင်းမျှသာ ဖြစ်ကြောင်းသိသာထင်ရှားလေသည်။

အချို့ ယောက်ျားများသည် ဖော်ပြပါအတိုင်း အပျော်အ ဖ



www.burmeseclassic.com

www.burmeseclassic.com



တွက်သာမက အရင်းအနှီးပါရအောင် သိုက်တူးလေ့ရှိကြသည်။ ပိုက်ဆံရှိ၊ ဂုဏ်ရှိသောမိန်းမမျိုးကို မရရအောင် ချဉ်း၍ ယူလေ့ရှိကြသည်။ အချို့ကား ဤကြိုးပမ်းချက်နှင့်ပင် လူချမ်းသာဘွဲ့ခံကာ ဟန်ကျပန်ကျ ဖြစ်သွားသည်ကို တွေ့ရဖူး၏။

အချို့ဆိုလျှင် ဤအဆင့်ပင်မရပ်ကြသေးဘဲ အသက်ကြီး ကြီးမိန်းမဆိုလျှင် ပစ္စည်းယူပြီး ထွက်ပြေးလား၊ ရှောင်တိမ်းလား လုပ်ကြပြန်သေးသည်။

ယောကျ်ားတို့ ရှုပ်ပွေပုံကား မိုးမဆုံး မြေမဆုံးပင်ဟု ဆိုရမလောက် ကျယ်ဝန်းလှပေသည်။

❋



www.burmeseclassic.com

www.burmeseclassic.com



## မိန်းမစိတ်နှင့် 'ထိုယောကျ်ား'

သာမန်အမြင်အားဖြင့် ယောကျ်ားသည် ယောကျ်ားစိတ်ရှိ၍ မိန်းမသည် မိန်းမစိတ်ရှိသည်ဟု ယူဆရလေသည်။ ဤယူဆချက်သည် အပေါ်ယံအမြင် အတွေးအရသာမှန်တန်၏။

လူဖင်ဖြစ်သော်လည်း လူစိတ်မရှိဘဲ အသိဉာဏ်ကင်းမဲ့သော တိရိစ္ဆာန်ပမာ ပြုမူကျင့်ကြံလေ့ရှိသည့် လူအချို့၏ နမူနာသည် ယောကျ်ားတွင် မိန်းမစိတ်ရှိကြောင်း သက်သေတစ်ရပ်ပင်ဖြစ်သည်။

ယောကျ်ားအတော်များများတွင် မိန်းမစိတ်ရှိကြောင်းကို ယောကျ်ားအချင်းချင်းသာမက မိန်းမများလည်း သိပြီးဖြစ်သည်။

❄



www.burmeseclassic.com

www.burmeseclassic.com



## ယောကျ်ားတို့ ရွေးသော
## အိမ်ထောင်ရှင် မိန်းကလေး

တစ်သက်တာ အရေးဖြစ်သော အိမ်ထောင်ဘက် ရွေးချယ်ရာတွင် ယောကျ်ားတို့ ရွေးချယ်ပုံမှာ အကြမ်းဖျဉ်းအားဖြင့် နှစ်လမ်းရှိလေသည်။

(က) ငွေကြေးသို့မဟုတ် ရာထူးဂုဏ် ပြည့်စုံပြီးသော ယောကျ်ားများသည် ရုပ်ရည်နှင့်ကိုယ်လုံးကိုယ်ပေါက် လှပချော မောဖွယ် မိန်းကလေးမျိုးကို အများဆုံးရွေးချယ်လေ့ရှိကြသည်။

(ဤနေရာတွင် မိဘစကားကို တစ်သဝေမတိမ်း နားထောင်ပြီး မိဘစိတ်ကြိုက်လိုက်သော သားမျိုးကို မဆိုလိုပါ)

(ခ) မိန်းကလေးသည် ရုပ်ရည်အားဖြင့် ပြောပလောက်အောင် တင့်တယ်ခြင်းမရှိသော်လည်း အလုပ်အကိုင်ကလေး အခြေအနေကလေး၊ မျိုးရိုးကလေး အတော်အတန်ကောင်းလျှင် ဘာဘာညာညာ မစဉ်းစားတော့ဘဲ ထိုမိန်းကလေးမျိုးကို ဇနီးဖော်အဖြစ် ရွေးချယ်သည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဖြူပါ အိမ်ထောင်ရွေးချယ်ပုံ နှစ်နည်းကို တိုတိုတုတ်တုတ်နှင့် ထပ်၍ရှင်းပြရပါမူ ယောကျ်ားအချို့သည် မျက်နှာရောကိုယ်လုံးကိုယ်ပေါက်လှသည့် မိန်းမမျိုးကို စဉ်းစားလက်ခံသကဲ့သို့ အချို့ယောကျ်ားများကား အိမ်ထောင်ကျပြီးသည့်နောက် အိမ်ထောင့်တာဝန်ကို မိမိချည်း တစ်ဖက်သတ် မယူရသော အခြေအနေရှိ မိန်းကလေးမျိုးကို ယူလေ့ရှိကြသည်ဟူ၍ ဖြစ်၏။

မိဘ သဘောတစ်ခုတည်းနှင့် ယူကြသည့် ကိစ္စ၊ တကယ့်မေတ္တာစစ်နှင့် ယူကြသည့်ကိစ္စမျိုးကား နည်းပါးသဖြင့် ချင်းချက်ထားရမည်ဖြစ်သည်။

ယောကျ်ားတစ်ယောက်သည် မိန်းမတစ်ယောက်ကို မည်သို့သော ရည်ရွယ်ချက်နှင့်ပင် ယူပြီးကြသည်ဖြစ်စေ၊ မိန်းမသားအပေါ် ထားရှိသည့် တူညီသဘောတစ်ခုကား ကာမပိုင်အမည်ခံအတိုင်း မိမိမှတစ်ပါး အခြားသူများ၏ ဩဇာကို လုံးဝမလွှမ်းမိုးချင်ကြပေ။

ယောကျ်ားဟူသည် ကျားကျားယားယားနှင့် စဉ်းစားဝေဖန်နိုင်ရမည် ဟူသော သဘောကို နားလည်သည့်တိုင်အောင် လက်တွေ့၌မူ သဘောထားမကြီးနိုင်ကြပေ။ ဇနီးဖြစ်သူက သူ၏ဖခင်အစ်ကို၊မောင် စသည်တို့နှင့် ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံသည်



www.burmeseclassic.com

www.burmeseclassic.com



ကိုပင် မနှစ်မြို့နိုင်သည့် ယောကျ်ားမျိုး အများအပြားရှိလေသည်။

"မျက်စပ်ပိုးဝင်, ဆံတစ်ပင်တင်း, ချစ်ခြင်းမယား" ဆိုသော စကားအတိုင်း. . .

သဘောထားမကြီးနိုင်ဖွယ်ရာ ဖြစ်ရပ်မျိုးနှင့် ကြုံလာဝါမူ ယောကျ်ားတို့သည် တကယ်ချစ်သောကြောင့် မခံမရပ်နိုင်အောင် ဖြစ်ရသည်က နည်းပြီး. . . ငါ့အပိုင်ကို ထိရကောင်းမလားဆိုသည့် ငါစိတ်အရ ခံပြင်းကြသည့်ကသာ များလေသည်။ သေသေချာချာ ဆန်းစစ်ကြည့်မည်ဆိုပါက အတ္တ(ငါ) ကိုယ့်အကျိုးကို ထိလာလျှင် ယောကျ်ားတို့သည် သဘောထားမကြီးနိုင်ကြတော့ချေ။

ယောကျ်ားတို့သည် မိမိတို့၏ ရည်းစားဇနီးတို့အနေဖြင့် အနေအထိုင် အပြောအဆို မူပျက်မည့် အရိပ်အယောင်ကိုပင် လက်မခံနိုင်ကြသော်လည်း မိမိတို့ကိုယ်တိုင်ကမူ ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်ချင်ကြသည်။ "ငါပြောသလိုလုပ် ငါလုပ်သလို မလုပ်နှင့်" ဆိုသော လူစားမျိုးများပင် ဖြစ်သည်ဟုသာ မှတ်ချက်ချရမည့် အခြေအနေမျိုးသို့ ရောက်ရှိနေကြသူများလည်း ဖြစ်၏။

ဆိုလိုသည်မှာ ယောကျ်ားအများစုသည် အိမ်ထောင်ရှင်ဘဝသို့ ကျရောက်ပြီးသည့်နောက်တွင် အရှင်သခင်အဖြစ်တို့ အပြီးအပိုင် ခံယူချင်ကြသည်။ ဝယ်သူသည် အမြဲမှန်သည်ဆို



www.burmeseclassic.com

www.burmeseclassic.com



သော တုန်သည့်လောကမှ လက်သုံးစကားတစ်ရပ်ကဲ့သို့ မိမိတို့တ အမြဲမှန်သည်။ မှန်မှန်မှားမှား မိမိတို့ဩဇာကို ခံရမည်ဟု တရားသေ စွဲမှတ်ထားချင်ကြသူများလည်း ဖြစ်ကြသည်။

မိမိကသာ အိမ်ထောင့်တာဝန်ကို လုံးလုံးတာဝန်ယူထားရသော ယောက်ျားမျိုး ဖြစ်ပါမူ ဇနီးဖြစ်သူအပေါ် ပို၍ပင် အနိုင်ယူတတ်ကြသေး၏။ အနိုင်ကျင့်၍ ဖိစီးလေ့ရှိကြ၏။ "ငါအိမ်ဦးစီး" ဆိုသော မာနသည် အတော်အတန် ရှာနိုင်ဖွေနိုင်သရွေ့ ကာလပတ်လုံး တရှိန်ရှိန် တက်မြဲ တက်ကာ ငါတကော ကောကြသည် ကများ၏။

အကယ်၍ မိန်းမအပါအဝင် မိန်းမဘက်မှ အသိုင်းအဝိုင်းများ၏ ဓနအင်အားက မိမိထက် သာနေပါမူ ထိုယောက်ျားသည် မခုတ်တတ်သည့်ကြောင်၊ မထောင်တတ်သည့် မြွေပါးပြင်းပမာ တော်သလို နေတတ်ကြပြန်လေသည်။

ဤသည်လည်း ယောက်ျားတို့အကြောင်း၏ အရေးပါသော ဖြစ်ရပ်တစ်ခုပင်ဖြစ်သည်။

ယောက်ျားအများစုသည် အိမ်ထောင်ဘက် ရွေးရာ၌ ရမ်း၍ ရွေးကြသည်က များသည်။ ယခုလို အစစအရာရာကို သုတ်ခြေတင်၍ လုပ်ကိုင်နေကြရသော ခေတ်အခါတွင် ယောက်ျားတို့ အိမ်ထောင်ဘက် ရွေးချယ်မှုသည် ပို၍မို၍ ဖရိုဖရဲ နိုင်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်၍ ယူသည်ကများသည်။ ကြိုက်၍ ဆိုရာ၌လည်း မျက်စိက သဘောကျသဖြင့် ရွေးမိကြသည်က များသည်။ အိမ်ထောင်ရေးတစ်ခု ဖြစ်မြောက်ရေးသည် နီးစပ်မှုလည်း လိုပေရာ အချို့ယောကျ်ားဆိုလျှင် ဘာရယ်ညာရှယ် မဟုတ်လှဘဲ နီးစပ်မှုကလည်းရှိ သဘောကျစရာ အကြောင်းအချက်အလက်လေးလည်း အသင့်အတင့်ရှိမည်ဆိုလျှင် ယူဖို့ ဆုံးဖြတ်လေ့ရှိကြသည်။

အစမကောင်းသည့် အယောက် ထိုရွေးချယ်မှုသည် အချိန်မကြာလှပေ။ မိန်းကလေးအပေါ် ဟိုဟာသဘောမကျ၊ သည်ဟာသဘောမကျ ဖြစ်လာတတ်ကြသည်။ ငါးစိမ်းမြင်လာပြန်သဖြင့် ငါးကင်ကို ပစ်ချင်လာသည်။ အိမ်ထောင်ရေးဟူသည် မိမိတို့ထင်သလို ထင်သလောက် မသာယာမှန်း သိလာ၍လည်း တာဝန်မဲ့ ပြုမူချင်လာသည်။

အိမ်ထောင့်တာဝန်ကို ကျေပြွန်အောင် ထမ်းဆောင်ရေးသည် ထင်သလောက်မလွယ်မှန်း နားလည်လာသည်နှင့်အမျှ ပိုနေမြဲ ကျားခုနေမြဲ ဆိုသကဲ့သို့ ကိုယ်လွတ်ရုန်းချင်လာသည်။ အချို့ မိဘ ကျောထောက်နောက်ခံရှိပြီး ဖုံးဖိနိုင်သူများဆိုလျှင် မိန်းကလေးသည်သက်သက်မဲ့ဖယ်ထုတ်ခြင်းခံရလေတော့သည်။

ဤအဖြစ်မျိုးများသည် ယောကျ်ားတို့ လောကတွင် ဖြစ်ဖို့ဖြစ်စဉ်ပမာ အဖြစ်ချင်း ထပ်၍ပင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် သံယောဇဉ်ထားတတ်သူများ မဟုတ်သဖြင့် ကြောစိတ္တင်ဝင် ဘာမျှ မဖြစ်ဖူးသကဲ့သို့ မေ့မေ့ပျောက်ပျောက် ပျော်ပျော်ရွှင်ရွှင် ဖြစ်၍နေသည်ကို တွေ့ရလေသည်။

သူတို့သည် အခြေအနေ ပေးလျှင်ပေးသလို အိမ်ထောင် ရေးကို ကစားစရာသဖွယ် ထားချင်လာကြသည်။

အိမ်ထောင်ရေးဟူသည် သွေးသားဖြေဖျောက်မှုပင် ဖြစ် သည်ဟု အယူအဆများကို လက်ခံကာ သွေးသားဖြေဖျောက်မှု အတွက်ကိုသာ ဦးစားပေး လုံးပမ်းလေတော့သည်။

အချို့ဆိုလျှင် အိမ်ထောင်ရှင်အဖြစ် ထင်ထင်ရှားရှားရွေး ချယ်၍ လူသိရှင်ကြား မထားဘဲ တော်သလို စခန်းသွားနေသည် ကို တွေ့ရ၏။

အကြောင်းကြောင်းကြောင့် မလွန်ဆန်သာတော့သော ကြောင့် အိမ်ထောင်ပြုပြန်တော့လည်း ဟုတ္တိပတ္တိ ရွေးချယ်နိုင် စွမ်းကို မတွေ့ရပေ။

အထက်က ဖော်ပြခဲ့သလို ငွေကြေးမပူရသူများ အနေဖြစ် မူ သွေးသားအရ နှစ်မြို့ဖွယ် မိန်းမမျိုးကို ရွေးချယ်ကြသည်ကို တွေ့ရလေသည်။

မိဘအသိုင်းအဝိုင်းကောင်း စည်းမလွတ်နိုင်အောင် ကြပ် ➡



www.burmeseclassic.com

www.burmeseclassic.com



မက်ပေးခြင်း ခံရသူမျိုးမှ လွဲလျှင် စိတ်ကထင်လာလျှင် ထင်သလို ပြုလိုက်ကြသည်က များသည်။

အချို့ဆိုလျှင် မျက်နှာကလေးလှ၍ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းမှုကိုသာ ကြည့်ပြီး ယူတတ်ကြသည်။

မသိမလိမ္မာမှုနှင့်တကွ အခြားအဆင်ပြေမှု အဝဝတို့ကို တဖြည်းဖြည်း ပြုပြင်ယူနိုင်လိမ့်မည်ယူဆကာ မျက်စိမှိတ်လိုက်ကြသည်။

ယင်းသို့ ရွေးချယ်မှုမျိုးသည် အစမကောင်းသည့် အလျောက် ခရီးအလယ်သို့ အရောက်တွင် စိတ်ဆင်းရဲကြရသည်ကများသည်။

စာနာစိတ် ကင်းမဲ့သူများဆိုလျှင် တာဝန်မဲ့စွာပင် ခေါင်းရှောင်လိုက်ကြသည်။ မျက်စိကန်း တစ္ဆေမကြောက်ဆိုသလို ပေါ့ပေါ့ရွှေခဲ့သလို ပစ်စရာရှိတော့လည်း ပေါ့ပေါ့ပါးပါးပင် ပစ်ခဲ့လေ့ရှိကြသည်ကို အများအပြား တွေ့ရ၏။

❋



www.burmeseclassic.com

www.burmeseclassic.com



## နွားဆန်သောယောက်ျားများ

ယောက်ျား အများစုသည် မိမိတို့၏ သားမယားများကို တကုန်းကုန်းနှင့် လုပ်ကျွေးကာ အချိန်ကုန်လေ့ရှိကြသဖြင့် ယောက်ျားနှင့် နွားသည် ခပ်ဆင်ဆင်ပင်ဖြစ်သည်ဟု မြင်သူတို့က မြင်ကြသည်။ ဟုတ်သင့်သလောက် ဟုတ်၏။

သာမန်အမြင်နှင့် သာမန်အတွေးသာရှိသော ယောက်ျား အများစုသည် ဖောက်ပြန်ရေးကိစ္စများ၊ ရှုပ်ပွေရေး လုပ်ရပ်များ၌ တစ်နည်းတစ်ဖုံအားဖြင့် ပါဝင်ကောင်းပါဝင်ကြမည်ဖြစ်သော်လည်း အများအားဖြင့်မူ မိန်းမ လုပ်ကျွေးသည့် တာဝန်ကိုမူ မလစ်ဟင်းကြပေ၊ မယားသံယောဇဉ်ထက် သားသမီး သံယောဇဉ်က ပိုမိုသောကြောင့်ဖြစ်၏။

ပတ်ဝန်းကျင်ကို မလွန်ဆန်နိုင်သော အကြောင်းတစ်ရပ်လည်း ပါဝင်လေသည်။ သာမန် ရည်ရွယ်ချက်သာ ရှိကြသူများပီပီ ထူးထူးထွေထွေလည်း လုပ်စရာ ကိုင်စရာမရှိ။ အိပ်ရေးသည်၊



www.burmeseclassic.com

www.burmeseclassic.com



စားမည်၊ ကြင်ဖော်နှင့် ပေါင်းဖက်မည်၊ ဉာဏ်မီသလောက်သော အရေးအခင်း ကိစ္စလေးများအား ပြောဆိုရင်း ဘဝအတွက် ဖျော်ဖြေမှုကလေးများနှင့်သာ အချိန်ဖြုန်းနေကြ၏။

ဥပမာ. . .စာရေးအလုပ်ကို နှစ်သက်ခုံမင်နေသူတစ်ယောက်ဆိုလျှင်. . . ရုံးသို့ သွားမည်၊ အိမ်သို့ပြန်မည်၊ အားလပ်လျှင် အပေါင်းအသင်း သို့မဟုတ် ဇနီးဖြစ်သူတို့နှင့် ရုပ်ရှင်ကြည့်မည်၊ သူ့တစ်လအတွင်း လုပ်ရပ်တို့ကား ဖော်ပြပါအတိုင်း သာမျှအဆန်းပါမည်မဟုတ်ဘဲ မုန့်လုံးစက္ကူကပ်နေမည်ဖြစ်၏။

သူ့အဖို့ အဓိက သံယောဇဉ်ထားစရာမှာ ဇနီးနှင့် သားသမီးတို့သာ ဖြစ်သည်။ သူ့တွင် ဂုဏ်ယူစရာဟူ၍လည်း ဘာမျှမရှိ၊ အခြားသူများက သူ့ကို အရေးတယူ ပြုရလောက်အောင်၊ သူ့တွင် ထူးခြားမှုမရှိသဖြင့် အိမ်ရှိဇနီး သားသမီးစသည်တို့ကိုသာ အရေးမထား၊ စိတ်မှဝင်စားခဲ့ပါလျှင် သူ့ဘဝသည် လူခြေတိတ်ဆိတ်ချိန်တွင် လယ်ကွင်းထဲ တစ်ယောက်တည်း ပြေးလွှားနေသူကဲ့သို့ ဘာမျှအဓိပ္ပာယ် ရှိနိုင်မည်မဟုတ်ပေ။

ထိုသို့သော ယောကျ်ားမျိုးကား. . . ရောင့်ရဲလွယ်မှု အစစ်အမှန်သူများအဖြစ် မှတ်ယူလျှင် မှားပေလိမ့်မည်။ သူသည် လူထဲက တစ်ယောက်ပိပိ စည်းစိမ်ချမ်းသာကို ခံစားချင်သူ သာတည်း။

သို့သော် စည်းစိမ်ချမ်းသာကို ရအောင်ယူရန် လုံလောက်သော လုံ့လဝီရိယ မရှိ။



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်သူ ထိုထက်စွမ်းဆောင်နိုင်သည်ဟုလည်း မထင်ပေ။ သူကိုယ်သူ ယုံကြည်မှု နည်းပါးထားခြင်းသည် သူဘ၀ကို နှိမ်ထားသလို ဖြစ်နေ၏။

သူစိတ်က လှည့်စား၍သာ သူကိုယ်သူ ဟုတ်သယောင်ယောင် ထင်ကောင်းထင်မည် ဖြစ်သော်လည်း အမှန်အတိုင်း စစ်တမ်းထုတ်လိုက်ပါမူ ဘာမျှမဟုတ်မှန်း သူကိုယ်သူလည်း သိ၏။

သူတစ်သက်တာတွင် သူ့ဝမ်းအပါအဝင် သားမယားတို့၏ ပါးစပ်ပေါက်များကို မဝတ်အောင် အစော်အတန်ရှာဖွေ လုပ်ကိုင်ရေးမှအပ အခြားစွမ်းဆောင်ချက် မရှိပေ။

ထို့ကြောင့် သူ့ဘဝသည် ဆုံလည်နွားပမာ အခြားသော အဝေးဆီသို့ မသွားနိုင်ဘဲ အချိန်ကုန်နေရလေသည်။

သူသည် အကြောင်းအားလျော်စွာ မခံချင်သည့် အခါမျိုးတွင် ဘာနစကား ပြောဆိုကောင်း ပြောဆိုမည်ဖြစ်သော်လည်း အမှန်စင်စစ် ဆွဲမည့်သူရှိသဖြင့် ရဲနေသည့်ရန် ဖြစ်သူပမာ ဟန်သာရှိပေသည်။ အစွမ်းနည်းပါးသူပီပီ သူအစွမ်းကုန် တည်ဆောက်ခဲ့ပြီးသည့် သားမယား အိမ်ထောင်ရေး အဆောက်အအုံကလေး ယိုယွင်းပျက်စီးသွားမည်ကို အင်မတန်စိုးရိမ်ရှာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘေးအမြင်အရ အိမ်ထောင့်အခြေအနေသည် ဘာမျှ မဟုတ်သော်လည်း သူ့အဖို့ သည်အခြေအမြစ်မျိုးကို နောက်တစ်ကြိမ် ပြန်လည်ထည်ထောင်နိုင်စွမ်း ရှိချင်မှ ရှိမည်ဖြစ်သည်။ သူဟာသူသတိထားသလောက် မဖြစ်ဖို့က များလေသည်။ သူ့ကိုယ်သူမယုံကြည်ပေ၊ သူကိုယ်တိုင်ကလည်း ထပ်ပြီးအပင်ပန်းမခံချင်တော့ပေ။ ဖြတ်ကျော်ခဲ့သမျှ အချိန်ကာလအတွင်း သာမန်မျှသော လုံ့လဝီရိယမျိုးဖြင့်သာ နေထိုင်လုပ်ကိုင်ခဲ့သူပီပီ သည့်ထက်ပိုပြီး ကြိုးပမ်းရန် သူ့တွင်အာသီသမရှိပေ။ ဆန္ဒမရှိပေ။ နည်းလမ်းကို မသိပေ။

သူနည်းလည်သောအလုပ်ကား သာမန်အစဉ်အလာဖြစ်သည့် စားရေး, ဝတ်ရေး, နေရေး,စသည်တို့၌ အသင့်အတင့်အဆင်ပြေနေမည်ဆိုလျှင် သူ့တာဝန် ကျေပွန်ပြီဟု ယူဆသည်။

တစ်ခါတရံ အများနည်းတူ အပိုဝင်ငွေရအောင် ကြိုးစားပြီး သုံးစွဲချင်စိတ် ပေါ်သော်လည်း စိတ်ကူးအဆင့်မှ လက်တွေ့နယ်သို့ မကူးသဖြင့် ဘာမျှဖြစ်၍မလာချေ။

သူ့ပတ်ဝန်းကျင်တွင် အလုပ်ကို တကယ်ကြိုးစားပြီး နေ့မအား ညမအား ငွေရှာနေသော ရွယ်တူတန်းတူယောကျ်ားအချို့ရှိနေသော်လည်း အားမကျတတ်ပေ၊ အလွန်ဆုံး မနာလိုစိတ်သာ ဖြစ်ပေါ်မိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုယောက်ျားမျိုးသည် ပို၍ယုတ်မာရက်စက်တတ်၏။ ယောက်ျားချင်းကိုလည်း ဗျက်စီးရာပျက်စီးကြောင်း ပြုလေ့ရှိသတဲ့သို့ မိန်းမသားများကိုကား အထူးပြောဖွယ်ရာ မရှိတော့ပေ။

မိန်းမစိတ်ရှိသော ယောက်ျားမျိုးသည် နှုတ်ချို၍ အကျိုးလိုသယောင် ပြုမူပြောဆိုတတ်သလောက် အတွင်းရန်သူပမာ နောက်ပိုင်းတွင် သူတစ်ပါးမပျက်စီးအောင် အခါအခွင့် သင့်တိုင်း ဖျက်လိုဖျက်ဆီး ပြုလေ့ရှိသည်။

အတင်းအဖျင်းပြော၍ တိုက်ပေးလေ့ရှိသည်။ မိမိ၏ ပြစ်ကို ဝန်မခံဘဲ ဖုံးကွယ်ထားလေ့ရှိသည်။ မိန်းမများသည် မြစ်ကဲ့သို့ ကွေ့ကောက်သည်ဆိုသော ဆိုရိုးစကားထက် ပိုမို၍ တွေ့ကောက်တတ်သလို မိန်းမစိတ်ရှိယောက်ျားများသည် မိန်းမသားများကို အနိုင်ယူအပိုင်စီးရန် အမြဲအကွက်ချောင်း၍ နေလေ့ရှိကြသည်။

မိန်းမစိတ်ရှိသော ယောက်ျားတစ်ယောက်သည် ဇနီးမိန်းမဖြစ်သူကို ကြောက်ရသည့်ကြားမှပင် ဖို-မကာစွ ပွေခဲ့သည်ကို တွေ့ရခဲ့ဖူးလေသည်။

သူသည် အိမ်တွင်းရေး၌သာမက လူမှုရေးကိစ္စတိုင်း၌ အကွက်စေ့အောင်ပင် ရှုပ်ရှုပ်ပွေပွေ ပြုလုပ်လေ့ရှိသည်ကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရလေသည်။ တစ်နည်းဆိုရလျှင် မိန်းမဆန်ဆန် ပြုမူကျင့်ကြံခဲ့လေသည်။

ဤနေရာတွင် မိန်းမစိတ်ဆိုသည့် သဘောကို ရှင်းဖို့လိုလာ၏။ အမှန်တော့ မိန်းမများသည်လည်း ဆိုးယုတ်လာပြီဆိုလျှင် အလွန်ပင် ကြောက်မက်ဖွယ်ကောင်း၏။

သို့သော် စိတ်ထားမြင့်မြတ်သော မိန်းမများ အများအပြားကားရှိလေသည်။ လူတွင် ယောကျ်ား၊ မိန်းမဟူ၍ မဟုတ်ဘဲ ဆိုးယုတ်ချင်သော သူသည် ဆိုးယုတ်သည်သာဖြစ်သည်။ ထို့ကြောင့် မိန်းမများထဲတွင် ငခုံးမများ အများအပြားရှိလေသည်။

ဆိုလိုသည်မှာ လူ့ကျင့်ဝတ်အရ မဖြစ်သင့် မဖြစ်ထိုက်သော ဆိုးသွမ်းဖောက်ပြန်မှုများကို ဆိုးသွမ်းသည့် မိန်းမများတပြုလုပ်ကြ၏။

ထစ်ခနဲရှိ အထအန ကောက်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း၊ မိမိအမှားကို သူတစ်ပါးအမှားပမာပြုလုပ်ခြင်း၊ ရှေ့တွင်မူမှန်အတိုင်း ရယ်ရယ်မောမောဆက်ဆံပြီး နောက်ကွယ်တွင် အတင်းအဖျင်းပြောခြင်း၊ မကောင်းကြံခြင်း စသည့်အလုပ်များကို မိန်းမအများစုသည် အစဉ်အလာအလုပ်တစ်ခုပမာ ဝတ်မပျက် ပြုလုပ်လေ့ရှိကြသည်။

အမှန်တော့ အဆန်းတကျယ်ကားမဟုတ်၊ လူ့လောကရှိ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းသောအကျင့်စရိုက်ရှိသူတိုင်း ပြုလုပ်နေကျ အလုပ်တစ်ခုဖြစ်သဖြင့် မိန်းမများကသာပြုလုပ်သည်ဟု တစ်ထစ်ချ မှတ်ယူ၍ မရပေ။

သို့သော် မိန်းမများက အများဆုံး ပြုလုပ်လေ့ရှိကြသောကြောင့်သာ (မိန်းမစိတ်)ဟူ၍ အမည်နာမတပ်ရခြင်းဖြစ်၏။

ထို့ကြောင့် မိန်းမစိတ်ရှိသော (ဝါ) မိန်းမလို မိန်းမရပြုလုပ်သော ယောကျ်ား၏ ပြုမူချက်များကား ဆိုးသွမ်းယုတ်မာခြင်းများသာ ဖြစ်လေသည်။

ဆိုးသွမ်းယုတ်မာမှုသည် စိတ်ကောင်းမရှိသော၊ မည်သူမဆို ပြုမူလေ့ရှိသည့် ဒုစရိုက်အလုပ်တစ်ခုသာ ဖြစ်လေသည်။

သို့သော်. . . ဘုရားဆုပန် (အတောင်နှစ်ဆယ်ဝတ်) ယောကျ်ားများက ကျင့်ကြံလာကြသောအခါ အထူးအဆန်းဖြစ်ကာ (မိန်းမစိတ်ရှိသည့် ယောကျ်ား)ဟူ၍ ထင်ရှားလာရပေတော့၏။

မိန်းမစိတ်ဆိုသည်မှာလည်း ထူးထူးဆန်းဆန်းတော့မဟုတ်ပေ။ အရေးပါးခြင်းသာ ဖြစ်၏။ မိန်းမများသည် စဉ်းစားဆင်ခြင်ဉာဏ် နည်းပါးကြသည်မှာ ထင်ရှားပေသည်။

စဉ်းစားဆင်ခြင်ဉာဏ် နည်းပါးမှုကြောင့်ပင် အနည်းငယ်သည်းခံလိုက်လျှင်လည်းဖြစ်သော ကိစ္စမျိုးများ၌ပင် ဆတ်ဆတ်ခါအောင် နာကြည်းလေ့ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာမဟုတ်သော ကိစ္စအတွက် ခွက်ထိုးခွက်လန် ရန်တွေ့ချင် ရန်တွေ့တတ်သည်။ လူမသိဘဲလည်း တစ်ဖက်သတ်စိတ်ကောက်၍ နေချင်နေမည်ဖြစ်သည်။ အပေါ်စီးရလျှင်ရသလို ဖိစီးနှိပ်စက်ချင်သည့် ခလေ့ကလေးကလည်း ပါလိုက်သေး၏။

အားလုံးခြုံ၍ စဉ်းစားလိုက်လျှင် မိန်းမစိတ်သည် အရှည်အချင်း မပြည့်ဝကြောင်း ပြဆိုပေသည်။

သို့ရာတွင် မိန်းမတိုင်းကား ဤသို့ပင် ဖြစ်သည်ဟု ဆို၍ မရပေ။ ချင့်ချိန်၍ မျှမျှတတ ဆုံးဖြတ်လေ့ရှိသော မိန်းမများလည်း အများအပြားရှိ၏။

အချို့ မိန်းမများသည် မိမိတို့ထက်ပင် စိတ်ထားယုတ်ညံ့၍ ကပ်သီးကပ်သပ်နိုင်လှသော ယောကျ်ားတို့ကို ကြည့်ပြီး တအံ့တဩရှိကြသည်။ "ဘုရားရေ" ဟု ဆိုကာ ရင်ဘတ်စည်တီးဖြစ်၍ နေကြသည်။

ဘယ်တုန်းကမျှ မမျှော်လင့်ခဲ့သော ယောကျ်ားရင့်မာတို့၏ စကားနှင့်ပြုမူချက်မှာ မရေမရာနိုင်လွန်းလှသဖြင့် ရင်သပ်ရှုမောဖြစ်မိကြခြင်းတည်း။

မိန်းမများကပင် လက်မြှောက်အရှုံးပေးရသည့် ယောကျ်ားမျိုးဖြစ်သည်။ သူလို ယောကျ်ားမျိုးသည် မပြုသင့်မှန်း နားလည်နိုင်သည့် အသိဉာဏ်မျိုးရှိသည့်တိုင်အောင် တစ်ဘို့တည်းသိုသော



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လွန်းသဖြင့် အမှားကိုထွက်တိုးခြင်း ဖြစ်သည်။

အမှားကို အမှန်လုပ်ကာ အမြတ်ထုတ်မည့်သူသည် တည်ကြည်ဖြောင့်မတ်သည့် ယောကျ်ားစိတ်မျိုး ထား၍မရပေ။

ဤစိတ်မျိုးသည် မှုတစ္စာ ဆုံးဖြတ်မည်ဖြစ်၍ အကျိုးအမြတ် နည်းမည်ဖြစ်သည်။ တစ်ခါတရံ နစ်နာမည် ဖြစ်သည်။ မိန်းမစိတ်သည် ဤအချက်ကို ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပေသည်။

တစ်ခါတရံ အနိုင်မခံ အရှုံးမပေးလိုသည့် လူ့စိတ်သဘောအရ ခေါးခေါးချင်း၊ လုံ့ လုံ့ချင်း ဆိုသလို တုံ့ပြန်ကာ မှားလေ့ရှိကြသော်လည်း မိန်းမစိတ်လွန်ကဲသူ မဟုတ်လျှင် ယင်းသို့ ပြုခဲလှသည်။ မရှောင်သာ လွန်းမှသာ ပြု၏။ ပြုခဲ့မိလျှင်လည်း ထိုအမှားမျိုး နောင်မမှားအောင် သတိထားလေ့ရှိသည်။

မိန်းမစိတ် ကငြီးစင်သူပီပီ တော်ရုံကိစ္စအတွက် သည်းခံသည်ကများသည်။ မပြော၍ ဖြစ်နိုင်လျှင်လည်း မပြောဘဲနေသည်။ စာနာစိတ်ရှိသူပီပီ မဟုတ်မတရားကိုလည်း မလုပ်မိအောင် အထူးသတိထားသည်။ သတိထားသည်မှာ စာနာစိတ်အရ အနစ်နာခံစရာလိုလျှင် လျစ်လျူမရှုမတတ်သည့် စိတ်ထားအရဖြစ်သည်။

မိန်းမစိတ်ရှိယောကျ်ားသည် မိန်းမလောကတွင်သာမက



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားအချင်းချင်းနှင့်လည်း မသင့်မြတ်တတ်ပေ။ လူမှုရေးအရလည်း အမြတ်ထုတ်တတ်သပ္ပီပီ စီးသည်ဟု ဆိုကာ သူ့ကို အတတ်နိုင်ဆုံး ရှောင်ကြသည်။

မိမိကသာ ယူမည်၊ ပေးစရာရှိလျှင် မသိဟန်ဆောင်နေတတ်သည့် လူစားမျိုး ဖြစ်သဖြင့် မျှတစိတ်ရှိသူတိုင်း ထိုလူမျိုးကိုရှောင်လေ့ရှိကြ၏။

မိန်းမစိတ်ရှိသော ယောက်ျားတို့၏ ဘဝသည် မြင့်မြတ်သည့်အမြင့်အရ၊ ဘဝတစ်ပိုင်းဆုံးနေလေသည်။

တစ်နေ့ထက်တိုးတက်ကြီးပွားအောင် ကြံဆောင်နေသူ၏ အမြင်၌ သူ့ဘဝသည် အမှောင်ကျနေ၏။ သူ့ဘဝ တက်လမ်းကို ပိတ်ဆို့ထားသူကား ကံတရားမဟုတ်ပေ။ အခြားတစ်စုံတစ်ယောက်လည်း မဟုတ်ပေ။ သူကိုယ်တိုင်သာ ဖြစ်လေသည်။

လက်ထဲက ငွေကလေး သုံးလေးဆယ်ခန့်ရှိလျှင် အလွန်အမင်း ကျေနပ်ပြီး နေ့စဉ် လုပ်နေကျ သာမန်လုပ်လအားထုတ်မှုထက်ပင် လျော့၍ အလုပ်လုပ်သော ယောက်ျားအချို့ကို တွေ့ရခဲ့ဖူးလေသည်။

ထိုယောက်ျားမျိုးသည် မည်သည့်အရာကိုမျှ ဟုတ္တိပတ္တိ စိတ်မဝင်စားသကဲ့သို့ အားကျပြီး အတုခိုးကာ တိုးတက်မှုကို ဆတတ်ထမ်းပိုး ရှာကြံသည်ဟူ၍လည်း မရှိခဲ့ဘူးပေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာဝသည် ဆုံလည်နွားပမာ သာမန်အမြင်၊ သာမန်အတွေး၊ သာမန် အလုပ်လုပ်မှုနှင့် သာမန်ခံစားရခြင်းစသည်တို့၌သာ တဝဲလည်လည် ဖြစ်နေရှာလေသည်။

ရှေ့ရေးနောင်ရေး တွေးတတ်သူဆိုလျှင် သူ့ဘာဝသည် စိုးရိမ်စရာပင်ဖြစ်၏။ သူ့တွင် စုငွေဟူ၍ မရှိပေ။

လက်ထဲတွင်လည်း သုံးစွဲစရာဟူ၍ ငွေတစ်ဆယ်ပြည့်အောင်ပင် မရှိ၊ တစ်ခါတရံ ချက်စရာ ဆန်တစ်နပ်စာကို အိမ်နီးပါးထံမှ ချေးငှားရသည်။ ကလေးမှာ ငါးယောက်ရှိသည်။ သူ့ဝင်ငွေသည် တစ်ရာ တစ်ရာကျော်ကျော်ကလေးထက်မပိုပေ။

ပိုအောင်လည်း မကြံတတ်။ ယခုလ သည်လို အကျပ်အတည်းရှိသော်လည်း ရှေ့လများ ရှေ့လများတွင် ချောင်လည်အောင် အစီအစဉ် မည်သို့ပြုလုပ်ထားသည်ဟူ၍လည်း မရှိချေ။

ခြုံ၍ အဆုံးအဖြတ်ပြုရလျှင် သူလို ယောကျ်ားမျိုးသည် ဆုံလည်နွား ဆန်သည်နှင့်အမျှ တာဝန်လည်းမဲ့လွန်းသည်။ အရင်းအနှီး မရှိသော်လည်း အကြံဉာဏ်အား၊ 'လုပ်အားတို့ကို အရင်းအနှီးပြုလျှင် ယခုထက် ချောင်လည်စရာ အကြောင်းများ ရှိ၏။

သူတို့လို ယောကျ်ားမျိုးကို ယူမိသော မိန်းမများအဖို့ရှေ့မတိုး နောက်မဆုတ်သာဘဲ အကျင်းအကျပ်ထဲ ရောက်နေကြ



www.burmeseclassic.com

www.burmeseclassic.com



ရသည်ကို တွေ့ရဖူးသည်။

တာဝန်မဲ့သော ယောကျ်ားမျိုး ဖြစ်သည်နှင့်အညီ ဝင်ဝန်းမည်ထင်သည့် အလုပ်မှန်သမျှကို ယောင်၍ပင် မပြောဘဲ မသိဟန်ဆောင်နေသော ယောကျ်ားမျိုးလောက် မိန်းမသားများအတွက် အန္တရာယ်ကြီးသည့် ယောကျ်ားမျိုး မရှိဟု မှတ်ယူရမည်ဖြစ်သည်။

❋



www.burmeseclassic.com

www.burmeseclassic.com



## ယောက်ျားစကား

ယောက်ျားတို့နှင့် ပတ်သက်၍ အထင်ကြီးပြီး ပြောဆိုထားသော စကားတစ်ရပ်ရှိလေသည်။ "ယောက်ျားပီပီ ပြောဆိုပါ" ဆိုသည့် စကားပင်ဖြစ်၏။ စင်စစ် ယောက်ျားတိုင်းသည် ယောက်ျားစကား မပြောကြပေ။

တစ်နည်းဆိုရလျှင် ယောက်ျားမဆန်ကြပေ။ ယောက်ျားတန်မဲ့နှင့် မိန်းမလို မိန်းမရဆိုသော စကားအသုံးအနှုန်းဖြင့် ယောက်ျားက ယောက်ျားစကားမပြောတတ်သော ယောက်ျားတို့ကို ရှုံ့ချထားချက်ကိုကြည့်လျှင် သိသာနိုင်ပေသည်။

အမှန်ကား ယောက်ျားအနည်းစုကလေးသာ တည်တည်ကြည်ကြည်နှင့် ခိုင်ခိုင်ခန့်ခန့် စကားဆိုတတ်ကြသည်။ ၎င်းနေရာတွင် လုပ်ငန်းတစ်စုံတစ်ရာ၌ အကြောင်းကြောင်းကြောင့် ရက်ချိန်းလွဲပြီး ကတိပျက်ကွက်ခြင်းကိုမူ ဖယ်ထုတ်၍ ထားနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတရံ ကတိပျက်ခြင်းမျိုးသည် သဘာဝတရားနှင့် ရောနှောပြီး စဉ်းစားရမည့်ကိစ္စတစ်ရပ် မဟုတ်ချေ။

ထိုယောကျ်ားမျိုးသည် အလုပ်ကိစ္စနှင့် ပတ်သက်၍ ကလေးကလား မိန်းမဆန်ဆန် (မိန်းမလို မိန်းမရ)မပြောတတ်ပေ။ မိန်းမတစ်ယောက်က မိန်းမလို မိန်းမရပြောဆိုခြင်းသည် ကောင်းမြတ်သည့်အမြင်နှင့် ပြောလျှင် အပြစ်ရှိသော်လည်း (မတည်ငြိမ် မခန့်ညားသော်လည်း)မိန်းမဟူသော ချွင်းချက်အရ ခွင့်လွှတ်နိုင်ကြသေး၏။

ယောကျ်ား ရင့်မကြီးများက မိန်းမဆန်ဆန် ဆိုလာပြောလာကြသည့်အခါတွင်မူ အဆင့်အတန်းနိမ့်ကျ၍ ယုတ်ညံ့သော သဘောမျိုးဖြစ်သဖြင့် ခွင့်မလွှတ်ချင်ကြချေ။

အမှန်ကိုချ၍ ပြောဆိုသည့်စကားမျိုးမဟုတ်ဘဲ ငါ့စကားနွားရဆိုသလို အနိုင်ရအောင် ပြောဆိုခြင်းမျိုးသာ ဖြစ်သဖြင့် အမှန်ဘက်မှ မြင်သူကြည့်သူတို့အဖို့ ယုတ်ညံ့သောသူအဖြစ် သတ်မှတ်မည်ဖြစ်၏။

ယောကျ်ားသည် လူပင်ဖြစ်၍ ယုတ်မာမှုကို မပြုရဟု သတ်မှတ်ထားရန်မဖြစ်နိုင်သော်လည်း ကိစ္စအတော်များများတွင် ယောကျ်ားအများစုသည် လူမှုရေးအရ ရှောင်ကြဉ်သင့်လျှင်နှင့် ရှောင်ကြဉ်လျှင်လည်းဖြစ်လျက်နှင့် ဝါးလုံးကိုဝါးပြီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် ပြောဆိုကာ ကိုယ့်တစ်ကိုယ်တည်း၏ အကျိုးအတွက် ဖွတ်တိုးလေ့ရှိကြလေသည်။

မိမိနစ်နာချက်မရှိအောင် ကိုယ့်လိုရာကို ဖြည့်လေ့ရှိကြသည်။ လူတစ်ယောက်သည် မိမိ၏ လိုအင်ဆန္ဒကိုရအောင် ယူသည့် နေရာတွင် အနည်းဆုံး နည်းနှစ်နည်းလောက်ကို သုံးရလေ့ရှိ၏။ (၁) သူတစ်ပါးအကျိုးကို မထိခိုက်စေဘဲ ရယူသောနည်းနှင့် (၂) သူတစ်ပါးပျက်စီးအောင် ပြုလုပ်ပြီးကာမှ မိမိ၏ အလိုဆန္ဒကို ဖြည့်ဖွတ်နည်းတို့ဖြစ်သည်။

အများစုဖြစ်သည့် ယောက်ျားတို့သည် အမှတ်(၂)နည်းကို ပြုလုပ်လေ့ရှိကြသည်။ ပြုရန်လည်း ဝန်မလေးဘဲ ရှိကြသည်။ ယင်းသို့ ပြုရာ၌ ကိုယ့်အမှားကို သူ့အမှား ဖြစ်အောင် ကိုယ့်အလွန်ကို သူ့အလွန်ဖြစ်အောင် အင်မတန်ပြုလုပ်တတ်ကြ၏။

အဆိုးဆုံးကား ရှေ့တစ်မျိုး နောက်တစ်မျိုး ဆက်ဆံပြီး နောက်ကျောမှ ဓားနှင့်ထိုးသလို သတ္တိကြောင်စွာ (နည်းစွာ) ပြောဆိုပြုမူတတ်ခြင်းပင် ဖြစ်လေသည်။

ယောက်ျားပီပီ ယောက်ျားစကားမပြောဘဲ အခြေအနေကိုကြည့်ပြီး တော်သလိုကြည့်၍ ပြောကာ လိုသည့် အခွင့်အရေးကို ယူလေ့ရှိသော ယောက်ျားမျိုးသည် လက်တလေးအတွင်း တည်တည်ကြည်ကြည် ယောက်ျားတို့ထက် အရာရာ၌ အောင်



www.burmeseclassic.com

www.burmeseclassic.com



မြင်တတ်သည်။

မိန်းမများနှင့် အပြောကို ဦးစားပေး၍ အဆုံးအဖြတ် ပြု လေ့ရှိကြသူများကလည်း သူတို့လို ပြောဆိုသူများကိုမှ အဟုတ် ထင် အကောင်းထင်လေ့ရှိကြသည်။

နှုတ်ချို လျှိုတစ်ပါးဆိုသော စကားအတိုင်း အပြော ကောင်းသဖြင့် အထင်ကြီးသည့် သဘောပင်ဖြစ်သည်။

သူတို့သည် နောင်ခါလာ နောင်ခါစျေးဟု ယူဆထားသူ များပီပီ ကြွမ်းပိုးကို လိပ်ဖြစ်အောင် ပြောရမည်ကိုလည်း ဝန်မ လေးပေ။

မဟုတ်သည်ကို အဟုတ်လုပ်ကာ လက်တလောတွင်၌ အဆင်ပြေအောင် လုပ်နိုင်ကြသည်။ ယုတ္တိရှိအောင်လည်း တစ် စွန်းတစ်စ ပြမယ့်ရှိသည်။ ပြောတတ်သည်။

စင်စစ် သူတို့စကားသည် ယောကျ်ားစကားများ မဟုတ် ချေ။ ယောကျ်ားစကားသည် ရှင်းသည်၊ ပြတ်သည်။ ပြောသော စကားအတွက် တစ်ကုယ်လုပ်ပေးနိုင် မနိုင်ကိုလည်း ချိန်ဆပြီး မှ ထွက်ဆိုလေ့ရှိသည်။ ပြီးပြီးရောမရှိ၊ ယောကျ်ားဖြစ်၍ ယောကျ်ားနှင့် တူအောင်ပြောသော ယောကျ်ားမျိုး၏ စိတ်ထား သည်လည်း ကောင်းသည်ကများသည်။

ပြောသည့်စကား၌ အမှန်အများဆုံးပါသည်။ မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



လည်းပါ၏။ သဘာဝတရားအရ မုသားလွှတ်မှ လွတ်ကင်းမည် ဖြစ်သော်လည်း ယင်းမုသားသည် မည်သူ့အကျိုးကိုမျှ လွန်လွန် မင်းမင်း မထိခိုက်တတ်ပေ။

ဝမ်းနှုတ်ဆေး အဝင်ကောင်းရန် အပေါ်မှ သကြားဖုံးအုပ် ထားသည့် မုသားမျိုးသာတည်း။

ယောက်ျားတိုင်း ယောက်ျားစကားမပြောတတ်ကြပေ။ မပြောနိုင်သည်တို့ကို လေ့လာကြည့်သည့်အခါ အကြမ်းဖျင်း အားဖြင့် အောက်ပါအချက်အလက်အချို့ကို တွေ့ရှိရလေသည်။

၁။ မျိုးရိုးဗီဇ ညံ့ဖျင်းမှု။

၂။ ပတ်ဝန်းကျင်ကောင်းတွင် မကြီးပြင်းခဲ့ရမှု။

၃။ အခြေခံပညာ နည်းပါးမှု။

၄။ စာပေအသိပညာ ခေါင်းပါးမှု။

၅။ စဉ်းစားဆင်ခြင်နိုင်စွမ်း မရှိမှု။

ဖော်ပြပါ မှန်းဆချက်ကား ဖြစ်နိုင်သည့်သဘောကိုသာ ပြဆိုခြင်းဖြစ်ပြီး အမှန်တရားမဟုတ်ပေ။

လူ့စိတ်လူ့သဘော လူ့သဘာဝစသည့်တို့ အကြောင်းသည် သိမ်မွေ့နက်နဲလှ၏။

လူ့စိတ်(ဝါ)လူနှင့် ပတ်သက်သောအကြောင်းအခြင်းအရာ



www.burmeseclassic.com

www.burmeseclassic.com



သည် မိနစ်ပိုင်းနှင့်အမျှ ပြောင်းလဲနေပေရာ ကောင်း၏၊ ဆိုး၏ ဆိုသည်တို့ကို တစ်ထစ်ချတွင် တွက်ဆ၍မရပေ၊ မဖြစ်နိုင်ပေ၊ အထက်ပါ ပတ်ဝန်းကျင်အခြေအနေမျိုးမှ ယောကျ်ားတို့၏ စကားသည် ပို၍ပင် စိတ်မချရပေ။

အသိ ဆင်ခြင်ဉာဏ် နည်းပါးရသည့်ပြင် ကိုယ်တိုးကို ကြည့်လွန်းသော သူတို့၏စကားသည် မယုံကြည်ရဲလောက် အောင်ပင် အနှစ်သာရ နည်းပါးနေ၏။

မြွေမြွေချင်း ခြေမြင်သဖြင့် ယောကျ်ားစကားမပြောသော ယောကျ်ားတို့သည် အချင်းချင်းထက် လှည့်စား၍ ရသည့်ကများ သည့် မိန်းမများအပေါ် အမြတ်ထုတ်လေ့ရှိကြသည်။ ယောကျ်ား အများစုထက် ရည်ရွယ်ချက် မြင့်မြင့်မားမားမရှိကြသည့်အ လျောက် အချိန်အားနေတတ်ကြပေသည်။

ထိုအချိန်အားတွင် စိတ်ကိုလွှတ်ပေးကာ လေနေကြသည် ကများသည်။ အပေါင်းအသင်းများနှင့် အကျိုးမဲ့စကား ပြောဆို ကာ အချိန်ကုန်ကြသည်လည်းရှိသည်။

အရက်နှင့် အချိန်ဖြုန်းကြသည်လည်း ရှိသည်။ အများအား ဖြင့်မူ မိန်းမမူပွေကြသည်။ ပွေသည် ဆိုကတည်းက မဟုတ်မတ ရားမှုများ ပါလာပြီဖြစ်၏။ မဟုတ်မတရားမှုများ ပါလာသည်နှင့် အမျှ မှန်ကန်မှုတသည့်စကားကို ယင်းနေရာမျိုးတွင် အသုံးချ



www.burmeseclassic.com

www.burmeseclassic.com



၍ ဓရပေ။

ကြား၍ကောင်းပြီး အနှစ်သာရကင်းမဲ့သည့် စကားမျိုးတို့သာ တွင်တွင်သုံးကြတော့သည်။

ဤစကားမျိုးများကို အဟုတ်ထင်မိသူများသည် (အထူးသဖြင့် မိန်းမများသည်) တစ်ခုမဟုတ် တစ်ခုဆိုသလို ဒုက္ခတွေ့ကြရသည်က များသည်။

ယောကျ်ားပြောတိုင်း ယောကျ်ားစကားမဟုတ်ကြောင်း အမှန်တကယ်သဘောပေါက်သရွေ့ ကြားရသည့်အခါ တွေဝေမိသရွေ့ အနှစ်သာရမယ့် ယောကျ်ားစကားကြောင့် မိန်းမသားများဆက်၍ ဒုက္ခတွေ့နေကြဦးမည်မှာ သေချာပေသည်။

❋

၁



www.burmeseclassic.com

www.burmeseclassic.com



# ယောကျာ်းသည် မိန်းမထက် မြတ်သလား

မည်မျှပင် ညံ့ဖျင်းသော လူတစ်ယောက်ပင်ဖြစ်စေ၊ ထိုသူသည် မိမိကိုယ်ကို ညံ့သည်ဟု ထင်ချင်မှ ထင်မည်ဖြစ်သည်။ သူတစ်ကိုယ်လုံး ထင်တစ်လုံးဆိုသည့် စကားအတိုင်း သူ့ကိုယ်သူ (ဟုတ်သည် မဟုတ်သည် အပထား) ထင်နေဖို့များ၏။

ထို့အတူ ယောကျာ်းနှင့် မိန်းမတို့တွင်လည်း ဤသို့ပင် ထင်တစ်လုံး ရှိကြ၊ ထားကြမည်မှာ သေချာပေသည်။ ဘုရားဆုပန် မင်းယောကျာ်းဟုဆိုကာ လက်ခမောင်းခတ်လေ့ရှိသော ယောကျာ်း၏ ကြွေးကြော်ချက်များသည်လည်းကောင်း၊ ပုခတ်လွှဲသောလက်သည် ကမ္ဘာကို လွှမ်းမိုးနိုင်သည်ဟူသော မိန်းမများ၏ တင်ပြချက်သည်လည်းကောင်း၊ သူတို့တွင် ထင်ထားသည့် မာန်အသီးသီး အပြည့်အဝရှိကြောင်း သက်သေပြ၏။

ထို့ကြောင့် ယောကျာ်းနှင့်မိန်းမသည်၊ တို့ကမြတ်သည်



www.burmeseclassic.com

www.burmeseclassic.com



ညောင်သုတ ယုတ်ညံ့သည်ဆိုသော ဆုံးဖြတ်ချက်ကို ရှေ့တန်းတင်ထားဝါတမူ စကားအငြင်းအခုံသည်သာ အဖက်တင်လိမ့်မည်ဖြစ်သည်။ အချို့သော အဆိုအမိန့်နှင့် ရှေးဟောင်းစကားတို့သည် ပြောဆိုလာဖန်များ၍သာ မှန်ကန်သယောင်ယောင် ထင်ရသော်လည်း အမှန်တရားများ မဟုတ်ပေ။

မှန်သည်ဆိုလျှင်လည်း တစ်စုံတစ်ရာသော အတိုင်းအတာအရသာ မှန်ဖို့ရှိ၏။ ယောကျ်ားသည်မြတ်၍ မိန်းမသည် ယုတ်ညံ့သည်ဆိုသော စကားသည် အမှန်တရားတစ်ခု မဟုတ်ကြောင်း မည်သူမျှ ငြင်းချက်ထုတ်၍ ရမည်မဟုတ်ပေ။

အချို့သော ကိစ္စများတွင် မိန်းမက ယောကျ်ားထက် မြင့်မြတ်စွာ ပြုမူလိုက်ခြင်းများက သက်သေတည်ပေသည်။

ဥပမာ . . . ယောကျ်ား အတော်များများသည် အိုင်တွေ့လျှင် ခြေဆေးသည့်စနစ်ဖြင့် မိန်းမများကို မှိုလိုပေါက်အောင်ယူပြီး သားသမီးတန်းလန်းနှင့် ချန်ပစ်ခဲ့ကြ၏။ အချို့တိရစ္ဆာန်များသည်ပင် ဤသို့မရက်စက်တတ်ကြသော်လည်း သူတို့ကား ရက်စက်နိုင်ကြသည်။

သို့သော် မိန်းမကမူ ရင်သွေးအစစ်များဖြစ်၍ ယောကျ်ားအဲ့သို့ မရက်စက်နိုင်ဘဲ တတ်နိုင်သမျှ ကျွေးမွေးသုတ်သင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမများထဲတွင်လည်း ဤသို့ တိရစ္ဆာန်အချို့ထက် မိုက်မဲယုတ်ညံ့စွာ ပြုမူလေ့ရှိကြသည်ကိုတွေ့လျှင်- အထက်တွင် တင်ပြခဲ့သကဲ့သို့ ယောက်ျား၊ မိန်းမမဟူ ရက်စက်ယုတ်မာသူသည် ရက်စက်ယုတ်မာသည်သာဖြစ်၏။

မရိုမ်းသီးသည် ချဉ်သည်ဟု သဘာဝတရားပမာ သတ်မှတ်နားလည်ထားကြသော်လည်း၊ မရိုမ်းချိုသီးများလည်း ရှိသည်ကိုတွေ့လျှင် လောက၌ သဘာဝတရားများကိုပင်လျှင် ပုံသေကားကျ တွက်ဆထား၍ မရကြောင်း လက်စံနိုင်ဖွယ်ပင် ဖြစ်သည်။

အမှန်စင်စစ် ယောက်ျား၊ မိန်းမတို့၏ စိတ်ထားသည် သဘာဝတရားအတိုင်း တွေ့ထိဖြစ်ပေါ်၍ ခံစားနေကြရသည် မဟုတ်ပေ။ တစ်ခါတစ်ရံ အကောင်းပြောသော်လည်းအကောင်း မထင်ဘဲ ပြုပြင်လေ့ရှိပုံများကိုတွေ့လျှင် အခြေအနေ အချိန်အခါအရ ဖြစ်ပျက်ပြောင်းလဲနေကြောင်း ထင်ရှား၏။

ဤတွင် ယောက်ျားသည် မိန်းမထက် မြတ်သလောဆိုသော မေးခွန်းအတွက် အဖြေသည် ရှင်း၍နေ၏။ မြတ်သည်ဟူ၍ ကောက်ချက်ချရန် မဖြစ်သကဲ့သို့ မမြတ်ပါဟူ၍လည်း တွက်ဆ၍ မရချေ။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ အချိန်အခါနှင့် လက်ရှိဖြစ်ပေါ်ခံစားနေကြရသည့် အကြောင်းတို့ကသာ အဆုံးအဖြတ်ပေးသည်ဟု နားလည်ထားကြဖို့ ရှိလေသည်။

လူ့လောကတွင် မြတ်သည်၊ ယုတ်ညံ့သည်ဆိုသော သဘောသည် မွေးကတည်းက ကပ်ငြိ၍ ပါလာသည့်ကိစ္စ မဟုတ်ပေ၊ ကာယကံရှင်၏ အသိတရားအလျောက် လုပ်ဆောင်သည့်အလုပ် (လုပ်ရပ်) ပေါ်တွင် တည်လေသည်။

တစ်မြို့တစ်နယ်လုံးက တရားဓမ္မဆရာကြီးအဖြစ် သတ်မှတ်ကာ ကြည်ညိုလာခဲ့သည့်ပုဂ္ဂိုလ်ကြီးက တရားရှာရန်လာသူ မိန်းမပျိုကလေးအား မတော်မတရား ပြုမူလိုက်ခြင်းကဲ့သို့သော တိစ္ဆမျိုးကို စဉ်းစားကြည့်လျှင် လုပ်ရပ်သာ အဓိကဖြစ်ကြောင်း ထင်ရှား၏။

သီလ သမာဓိ အထူးမရှိသော်လည်း သူတစ်ပါးအကျိုး ထိခိုက်ပျက်ပြားအောင် မလုပ်သူသည် အထက်ဖော်ပြပါ ပုဂ္ဂိုလ်ကြီးထက်စာလျှင် မြတ်သည်ဟု ဆိုရပေမည်။ ယောက်ျားနှင့် မိန်းမတို့ ကိစ္စတွင်လည်း ယုတ်သည် မြတ်သည်တို့ကို ဤနည်းဖြင့် အဆုံးအဖြတ် ပြုရမည်ဖြစ်သည်။

သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ဖြစ်နိုင်သလောက် အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှမြင်ခြင်း မဖြစ်လောက်သည့် ကိစ္စများကို လစ်လျူရှုနိုင်ခြင်း (မသိလိုက် မသိဘာသာ နေလိုက်ခြင်း) စိတ်ကောင်းစေတနာကောင်းဖြင့် ကူညီခြင်း၊ စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန်ရှိခြင်း စသဖြင့် စံထားလောက်သည့် စိတ်ဓာတ် အရည်အချင်းများကို တွေ့ရှိရလေသည်။

ယောကျ်ားအချို့ကား အထက်ဖော်ပြပါ အရည်အချင်းမျိုးနှင့် ဆန့်ကျင်ဘက် ပြုမူကျင့်ကြံသည်ကို တွေ့ရသည်။

သူသည် အလွန်ပင် အရေးပါကြသည်၊ မိန်းမများထက်ပင် စိတ်ဆိုးစိတ်ကောက်လွယ်ကြသည်။ အမြင်တို၍ မနာလိုဖြစ်တတ်လွန်းသည်၊ သူတစ်ပါးစံရသည့် သတင်းမျိုးထက် ဒုးနှင့်မျက်ရည် သုတ်နေရသည့် သတင်းမျိုး၊ အဖြစ်မျိုးကိုသာ တွေ့လိုကြသည်။

သူတို့၏ စိတ်ဓာတ်ကား အောက်တန်းကျသကဲ့သို့ သူတို့၏ အပြုအမူကြပြန်တော့လည်း စိတ်ဓာတ်ကဲ့သို့ပင် မမြင့်ပေ။ မမြတ်ပေ။ တစ်ခါတစ်ရံ အံ့ဩစရာ ကောင်းလောက်အောင်ပင် စိတ်ဓာတ်ညှံ့ဖျင်း၍ ယုတ်ညံ့သည့် ယောကျ်ားမျိုးကို တွေ့ရှုရလေသည်။

သူတို့၏ဘဝသည် ယုတ်ညံ့သော အမူအကျင့်များဖြင့်သော



www.burmeseclassic.com

www.burmeseclassic.com



လုံးဝထွေးရှုပ်ထပ်မြစ်၍နေသည်။ သက်တမ်းတစ်လျှောက် စီးပွား ဖြစ်ခဲ့သည့်တိုင်အောင် ယှုတ်ယှုတ်ညှဲ့ညှဲ့ အကြံအစည်လုပ်ရပ် ရှိသြင်သော စီးပွားဖြစ်ခဲ့ကြပေရာ သူတို့အဖို့ အကောင်းဘက် သို့ယှဉ်ရန် မေ့၍နေကြသည်။

သတိရသည့်တိုင်အောင်လည်း ခွေးမြီးကောက် ကျည် တောက်စွပ်သလို အကျင့်ပါနေပြီဖြစ်၍ ပြုပြင်ရန် မလွယ်တော့။ အာသာဝင်စိစိစစ်များဖြစ်ပါလျက် မိမိတို့၏ ဒုစရိုက်မှုများ အတွက် ဖြေသိမ့်နိုင်စေခြင်းငှာ ရုပ်ဝါဒသမားလိုလို ဘာလိုလို လုပ်ပစ်တတ်ကြပြန်သည်။

နောင်ဘဝဆိုသည်မှာ မရှိ အလကား ငရဲဆိုသည်မှာ မရှိ စသည်ဖြင့် ကြွေးကြော်ကာ ကိုယ်ကျိုးကို နယ်နယ်ပယ်ပယ်ကြီး ရှာလေတော့သည်။

သူတို့တွင် အကြောင်းယုတ္တိနှင့် ရှင်းလင်းစာပြထားသည့် အမြင်မရှိပေ၊ အတ္တကိုးအကြောင်း ရှင်းပြချက်သည် သူတို့ လောက တွင် တရားမဝင်ပေ။

သူတို့ နားလည်ထားသည့် အချက်တစ်ခုသာ ရှိသည်။ လူချင်းယှဉ်မိသည့်အခါအမြတ်ထုတ်ရေးသား ဖြစ်သည်။

◉



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်အောက်တန်းကျသူများပီပီ ယောကျ်ားအချင်းချင်းလည်း ဆံတစ်မျှင် နှာတစ်ဖျားလောက်ပင်ဖြစ်စေ၊ ခွာလေ့ရှိသကဲ့သို့ မိန်းမများနှင့် ဆက်ဆံရသည့်အခါတွင်လည်း မရသည့်အဆုံး အသားချင်းထိမှတ်သွားရခြင်းမျှလောက်တို့ပင်ဖြစ်စေ၊ အမြတ်ထုတ်လေ့ရှိကြသည်။

သူတို့ ထာဝရမေ့နေတတ်သောအရာကား မြင့်မြတ်စွာ နေထိုင်ကျင့်ကြံ လုပ်ဆောင်ခြင်းပင် ဖြစ်ချေသည်။



www.burmeseclassic.com

www.burmeseclassic.com



## သနားစရာ ယောကျ်ားများ

ယောကျ်ားတို့သည် အိမ်ထောင်ရှင်ဘဝသို့ ကျရောက်ပြီးနောက် အိမ်ထောင့်တာဝန်အတွက် ဦးဆောင်ဦးရွက်ပြုသည်ဟုဆိုသော်လည်း ယောကျ်ားအများစုသည် ပီပြင်ထင်ရှားဖြတ်သားစွာ ဆောင်ရွက်နိုင်ခြင်း ဆောင်ရွက်တတ်ခြင်း မရှိဘဲ မိန်းမဖြစ်သူ၏ ဩဇာကို နာခံလေ့ရှိကြသည်ကို တွေ့ရှိရ၏။

မိမိကိုယ်၌ ပညာအ၂ရာတွင်သော်လည်းကောင်း၊ ငွေအရာတွင်သော်လည်းကောင်း၊ မိန်းမ၏ ဆွေမျိုးအသိုင်းအဝိုင်းထက် လျော့နည်းနိမ့်ကျနေပါမူ ထိုယောကျ်ားသည် မိန်းမ၏ဩဇာအောက်တွင် ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသို့ပမာ နောက်လိုက် နီးနီး ဖြစ်ရလေတော့သည်။

အချို့ အိမ်ထောင်ဆိုလျှင် တစ်စုံတစ်ခု ဆုံးဖြတ်စရာရှိပါက မိန်းမကသာ ဆုံးဖြတ်၏။ 'သူနဲ့မပြီးဘူး . . . မကိုပြောမှဖြစ်မယ်' ဆိုသော စကားမျိုးကို မကြာခဏ ကြားရ၏။

ယောကျ်ားအချို့ကား စီးပွားရှာရာတွင်သာ ဦးစီးဖြစ်သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း အလုပ်မှအိမ်သို့ပြန်ရောက်လျှင် မိန်းမပြုသမျှ ပြောသမျှကိုသာ အမှန်တရားသဖွယ် နားထောင်လေတော့သည်။

မိန်းမကို ချစ်သောကြောင့်ဟု အကြောင်းပြစရာရှိသော်လည်း အမှန်စင်စစ် ချစ်၍မဟုတ်ဘဲ ညှို့ကွက်ရှိနေ၍ပင် ဖြစ်သည်။

အချို့ယောကျ်ားတို့ကား အတော်ကြောက်စရာ ကောင်း၏။ မိန်းမရှေ့တွင် မိန်းမစကားကို တစ်သဝေမတိမ်း နားထောင်ဟန်ပြုပြီး နောက်ကွယ်၌ လုပ်ချင်ရာ လုပ်လေ့ရှိ၏။ မိန်းမရှေ့တွင် မိမိ၏အပေါင်းအသင်းထဲမှ ဘယ်သူဘယ်ဝါသည် အရက်သောက်သည်၊ ဖဲရိုက်သည်၊ မိန်းမလိုက်သည် စသည်ဖြင့် သိတွာချပြီး မိမိကိုယ်ကိုမူ ကောင်းကြောင်းပြောကာ ဂုဏ်ယူလေ့ရှိသည်။

အမှန်တော့ ထိုယောကျ်ားမျိုးကား ရိုးသယောင်ယောင်ဟန်ဆောင်ထားသည့် လူဆိုးပေတည်း။ မာယာများပြီး အလွန်လှည့်စားတတ်သည့် ယောကျ်ားမျိုးဟုလည်း ခေါ်ဆိုနိုင်သေသည်။ သူသည် သတ္တိနည်းပြီး လက်သီးပုန်းပြကာ အနိုင်ယူတတ်သည့် လူစားမျိုးလည်း ဖြစ်သည်။

သူ့ကိုယ်သူ နည်းပရိယာယ်ကြွယ်ဝသည့် လူတစ်ယောက်ဟူ၍ ထင်ကောင်းထင်နေမည်ဖြစ်သော်လည်း သေချာစဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လျှင် အလွန်သနားစရာကောင်းသည့် လူတစ်ယောက်သာ ဖြစ်၏။

ယောကျ်ားတစ်ယောက်တွင် ရှိရမည့် ရှင်းလင်းသော အမြင်နှင့် တိကျပြတ်သားသည့် သဘောထားမရှိကြောင်း ထင်ရှားကာ ယောင်ဝါးဝါး လူစားသာဖြစ်သည်မှာ ငြင်းနိုင်မည် မဟုတ်ပေ။

ဤသို့ယောကျ်ားမျိုးသည် ဇနီးဖြစ်သူ၏ တည့်မတ်ပေးမှုတိုသာ မခံရပါက ဘဝသည် ထိုထက်ယောင်လည်လည်ဖြစ်ဖို့ ရှိလေသည်။

ထိုရာတွင် သူ၏ကြွေးကြော်ချက်နှင့် ဟန်ရေးဆောင်မှုကား သာမန်အမြင်အရ အထင်သေးဖွယ်ရာ မရှိပေ။

တကယ့်အဆုံးအဖြတ်အရသာ သနားစရာကောင်းသော ယောကျ်ားဟု ဆိုရသော်လည်း ဤကိုယ်သူမှု သနားစရာအဖြစ် မြင်ဝံ့တိ လက်မခံရှိသာမက သူကိုယ်သူ လူတော်အဖြစ် သတ်မှတ်ထား၏။

သူသည် တစ်ဖက်မှ လုပ်ချင်ရာလုပ်သော်လည်း ဇာတ်ဝန်း ကျင်အသိုင်းအဝိုင်းတွင် နာမည်မပျက်အောင်တော့ ဟန်ဆောင် မှုတစ်ခုနှင့် ခြေရာဖျက်ထားလေ့ရှိသည်။

www.burmeseclassic.com



ကြည့်လျှင် အလွန်သနားစရာကောင်းသည့် လူတစ်ယောက်သာ ဖြစ်၏။

ယောကျ်ားတစ်ယောက်တွင် ရှိရမည့် ရှင်းလင်းသော အမြင်နှင့် တိကျပြတ်သားသည့် သဘောထားမရှိကြောင်း ထင်ရှားကာ ယောင်ဝါးဝါး လူစားသာဖြစ်သည်မှာ ငြင်းနိုင်မည်မဟုတ်ပေ။

သူလိုယောကျ်ားမျိုးသည် ဇနီးဖြစ်သူ၏ စည်းမျဉ်းပေးမှုကိုသာ မခံရပါက ဘဝသည် ဟိုထက် ယောင်လည်လည်ဖြစ်ဖို့ ရှိလေသည်။

သို့ရာတွင် သူ၏ကြေးကြေခံချက်နှင့် ဟန်ဆောင်မှုတို့သာမန်အမြင်အရ အထင်သေးဝံ့စရာ မရှိပေ။

## တကယ့်အဆိုးအဖြတ်အရသာ သနားစရာကောင်းသော ယောကျ်ားတု

ဆိုရသော်လည်း သူ့ကိုယ်သူကမူ သနားစရာအဖြစ် မြင်ပုံကို လက်မခံရှိသာမက သူ့ကိုယ်သူ လူတော်အဖြစ် သတ်မှတ်ထား၏။

သူသည် တစ်ဖက်မှ လုပ်ချင်ရာလုပ်သော်လည်း မတ်တန်းကျင်အသိုင်းအဝိုင်းတွင် နာမည်မပျက်အောင်တော့ ဟန်ဆောင်မှုတစ်ခုခုနှင့် ခြေကုပ်ယူထားလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားပင်ဖြစ်သော်လည်း ယောကျ်ားကို ယောကျ်ားလို တည်တည်ကြည်ကြည်မြင်မှ ကျေနပ်တတ်သူမျိုးဆိုပါကလည်း စိတ်တသပ်သပ်နှင့် ယောကျ်ားတွေအပေါ် နားမလည်နိုင်အောင် ဖြစ်ရသည်။ တွေဝေသွားရသည်။ အတွေးအခေါ်နုပါက . . . ယောကျ်ားဆိုသည်မှာ ဤသို့ပင် ဖြစ်ပေလိမ့်မည်ဟု တွေးထင်မိဖို့ရှိ၏။

အတွေးကောင်း အမြင်ကောင်း၍ မှန်ကန်စွာ အဆုံးအဖြတ်ပြုနိုင်သော ပညာရှိ မိန်းမသားမျိုးများ ဖြစ်ပါမူ၊ ထိုယောကျ်ားအပေါ် များစွာပင် သနားမိပေလိမ့်မည်။

အမှန်စင်စစ်လည်း ထိုယောကျ်ားမျိုး၏ တန်ဖိုးသည် မိန်းမသားကပင် သနားမိသည်အထိ ဖြစ်ရခြင်းသာ ဖြစ်လေသည်။

ဆိုလိုသည်မှာ . . . ယင်းယောကျ်ားမျိုး၏ တန်ဖိုးသည် မိန်းမမြတ် တစ်ယောက်က စိတ်သပ်၍ သနားမိခြင်းသာဖြစ်၍ မှားမှန်းမသိသော အမှားထဲ လူးလိမ့်နေသူဖြစ်၍ အတွေးအခေါ်မြင့်မားသူတိုင်းအတွက် ထိုယောကျ်ားသည် တန်ဖိုးမဲ့နေမည်သာဖြစ်သည်။

သူ့သဘောတရားသည် ရှင်းလင်းပြတ်သားမှု မရှိသည်နှင့် အမျှ သူ့ဘဝ၏ လုပ်ရပ်များသည်လည်း မှန်ကန်ခြင်း မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ့အကျိုးအမြတ်အတွက် လူတစ်ကာကို လှည့်စားသတဲ့သို့ သူ့ကိုယ်သူလည်း လှည့်စားနေ၏။

သို့သော် . . . သူ့ကိုယ်သူ လှည့်စားထားမိမှန်းကား မသိရှာပေ။ အကယ်၍ မလွှဲမရှောင်သာသော အကြောင်းတစ်ခုံတစ်ရာကြောင့် သူနှင့်ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး စသည်တို့ကို စာရင်းရှင်းကြည့်လိုက်ပါမူ၊ သပွတ်အူနှင့် စာကလေး အသိုက်ပမာ ရှုပ်ထွေးပွေလီနေသည်ကို တွေ့မြင်ရဖို့ ရှိပေသည်။

သူမှားခဲ့သရွေ့ကို ပြုပြင်ရန်ကား . . . သူ့အတွေးအခေါ်ကို ပြောင်းလဲပစ်ရေးသာ အဓိကဖြစ်၏၊ ထိုအတွေးအခေါ်ကား ယောကျ်ားစိတ်ထား၍ ယောကျ်ားလို ပြုမူကျင့်ကြံရန်ပင် ဖြစ်ပေသည်။

❃



www.burmeseclassic.com

www.burmeseclassic.com



## အိုင်တော့လျှင် ခြေကိုဆေးတတ်သူများ

'အိုင်တော့လျှင် ခြေကိုဆေး ယောကျ်ားပါသနားကွယ်' ဆိုသော သီချင်းစာသားအချို့ကို ကြားဖူးကြဖို့ များလေသည်။ အကြောင်းအရာတစ်ခုသည် တစ်ကာယ်စင်စစ် ဖြစ်လေ့ဖြစ်ထ မရှိပါဘဲလျက် မဖြစ်ဖူးပါလျှင် ပြောဆိုစရာအနေဖြင့် ကျန်ရစ်ခဲ့လိမ့်မည် မဟုတ်ပေ။

ဟုတ်၍ပေါ်သည်၊ ဟုတ်၍ကျော်သည် စကားသည် အမှန်ဆိုသော စကားပင်တည်း။

ယောကျ်ား၏ ကိုယ်ခန္ဓာဖွဲ့စည်းပုံ အခြေအနေ အကျိုးပေးသည့် ယောကျ်ားတို့ကို အခွင့်အရေး ယူတတ်ချင်အောင် မဟုတ်မတရားလုပ်သော်လည်း နစ်နာမှုမရှိအောင် ဖန်တီးပေးထားသလို ရှိနေသည်။

လူမှုရေးစည်းကမ်းကိုချိုးဖောက်ချင်သူတို့အဖို့ ဤအချက်သည် အကွက်ကောင်းတစ်ခုသို့ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆူးနှင့်တူသော ယောကျ်ားတို့သည် သဘာဝပေး အခြေအနေကို အခွင့်ကောင်းယူကာ အိုင်တွေ့လျှင် ခြေဆေးချင်ကြသည်။ (ဝါ) မိန်းမသားအပေါ် အခွင့်အရေး ယူချင်ကြသည်။ ယူကြသည်။ အချို့က ကျော့ကွင်းနှင့်ထောင်၍ ဖမ်းသလို အခြင်ဖန်တီးပြီး ခြေဆေးကြသည်။

အချို့ကမူ အခါအခွင့်ပေးလာသဖြင့် လူမှုရေးစည်းကမ်းကိုမေ့ကာ မှားကြသည်။ အဖြစ်ကား အတူတူပင်ဖြစ်၏။ အကြောင်းမှာ ယောကျ်ားတို့တွင် အိုင်တွေ့လျှင် ခြေဆေးချင်သည့် အခြေခံဆန္ဒက နိုင်မာကိန်းအောင်း၍ နေသောကြောင့်ပင်တည်း။

လူတွင် မိမိသည်သာ ခံစား စံစားလိုသောစိတ် (အတ္တ) လွှမ်းကဲမှု ရှိတတ်သည်ပင်ဖြစ်သည်။ လူဟုဆိုသဖြင့် ယောကျ်ားရော မိန်းမပါ ပါမြဲဖြစ်သည်။

သို့ရာတွင် မိန်းမထက် ယောကျ်ားသည် ပို၍ အတ္တလွှမ်းကဲနိုင်စရာ အခွင့်အလမ်းများကို တွေ့ရှိလာ၍လည်း ဖြစ်သည်။ အပေါ်စီးလိုချင်သူများဖြစ်ကာမှ အပေါ်စီးရနေကြသဖြင့်လည်း ကိုယ်ကျိုးလွှမ်းကဲမှုကို စဉ်းစားကြဆနိုင်ကြခြင်း ဖြစ်၏။

ဖို မ သဘောအရရော၊ လူမှုရေး သဘောအရပါ ယောကျ်ားတို့သည် အပေါ်စီးရလိုမှုကို ကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အမြတ်ထုတ်ရန် အခြေခံဝါသနာပါသူများပီပီ ဖိုမကိစ္စနှင့် ပတ်သက်လာလျှင် အထိအတွေ့ ကလေးများ၊ (ဆန္ဒအရလွှန်တဲစွာကြည့်ခြင်း၊ အသားချင်းထိခြင်း) များ စသည်တို့နှင့် ဝင်ဖြစ်စေ၊ အမြတ်ထုတ်ချင်ကြ၊ အမြတ်ထုတ်ကြသူများဖြစ်သည်။

မည်သို့ဖြစ်စေကာမူ ဖိုမနှင့် ပတ်သက်၍ သူတို့၏ အမိကပန်းတိုင်ကား၊ အိုင်တွေ့သည့်အခါ မြေဆောင်ရှိန်ရှေ့ပင်တည်း။

စိစိစစ်ပေါက်ပေါက်တွေး၍ကြည့်လျှင် လူ့လောက၌ လူတို့၏ အသိဉာဏ်သည် အတော်အတန်မြင့်မားကား လူ့စည်းကမ်းဘောင်ခတ်ထား၍သာ တော်တော့သည်ဟု မှတ်ချက်ချရသည်။

လူ့စည်းကမ်း ဘောင်ခတ်ထားသည်ကို ကျော်၍ထွက်သည်နှင့် တရားဥပဒေသည် အသင့်စောင့်နေ၏။

ထိုက်သင့်သလို ဆုံးမရန် ဖြစ်လေသည်။

အကယ်၍ လူတို့ နေ့စဉ်နှင့်အမျှ မြင်တွေ့နေကြရသော ကိရွှာန်လောကကဲ့သို့ မည်သည့်ဘောင်၊ မည်သည့်စည်းကမ်းမျိုးမှ မရှိ မထားခဲ့ပါမူ လူ့လောက၏ အသွင်အပြင်အခြေအနေသည် တွေးဝံ့စရာ မရှိတော့ပါချေ။

အထူးသဖြင့် ဖိုမကိစ္စတွင် ယောကျ်ားတို့၏ ခြေလှမ်းသည် ယခုထက်ပို၍ သွက်ကြမည်မှာ ယုံမှားဖွယ်ရာ မရှိပေ။ တန်ခိုး



www.burmeseclassic.com

www.burmeseclassic.com



တွင်ပြခဲ့ပြီးသည့်အတိုင်း ယောကျ်ားအများစုသည် ရည်ရွယ်ချက်ဖြင့် မြင့်မြင့်မားမား မရှိကြပေ။

မရှိကြသည့်အလျောက်လည်း အချိန်တွေ အားလပ်နေတတ်ကြသည်။ ထိုအားလပ်ချိန်များကို အသုံးပြုကြပုံမှာလည်း အများအားဖြင့် ရေရှည်တွင် အကျိုးယုတ်မည့်အလုပ်က များ၏။

လေ့လာမိသလောက် ယောကျ်ားတို့သည် အရက်ကြိုက်၍ မိန်းမလိုက်စားကြသည်။ မိန်းမလိုက်စားရာတွင်လည်း အဆင့်မြင့်စွာ ဖန်တီးနိုင်ခြင်းရှိသူများမဟုတ်သဖြင့် အချောင်လမ်းကို လိုက်ကြ၏။ အချောင်လမ်းဟုဆိုကတည်းက မှတသော အမြင်အရ မပြုသင့် မပြုထိုက်သည့် အလုပ်ဟု သတ်မှတ်ထားပြီး ဖြစ်သည်။

သွေးသား သာယာမှုရှိရေးအတွက် မ,မှုပွေသည့် ကိစ္စသို့ အချောင်လမ်းမှ ဝင်ခြင်းလောက် ရှုပ်ထွေးသည့်အလုပ် မရှိချေ။ နှစ်ဦးနှစ်ဖက်၌ အလွန်အန္တရာယ်များသကဲ့သို့ ရေရှည်တွင် အကျိုးယုတ်ကုန်ကြသည်က များ၏။

ယောကျ်ားအတော်များများသည် ငါးစာကိုသာကြည့်ပြီး ဘာမဟုတ်သည့်ကိစ္စ၌ စွန့်စားလွန်းတတ်ကြသည်။

ရဲလွန်းကြသည်၊ သွေးသား ပြေငြိမ်းမှုနှင့် ပတ်သတ်သော



www.burmeseclassic.com

www.burmeseclassic.com



လျှင် တော်ရုံအသိဉာဏ်ရှိသော ယောကျ်ားသည် မိုက်မဲသွားသကဲ့သို့ အသိဉာဏ်နည်းပါးလွန်းပါမူ အိုင်တွေ့သည့်နှင့် ရွက်ဝင်ခြေဆေးကြသည်မှာ စိုးရိမ်ကြောက်မက်ဖွယ်ပင် ဖြစ်သည်။

အချို့ကား တဖက်သားယာမှုကို အသက်နှင့်မင်းလဲ၍ ယူသည်ကို တွေ့ရှိရလေသည်။

အိုင်တွေ့၍ ခြေဆေးသည့် ပြဿနာများ၌ယောကျ်ားတို့၏ ထင်မြင် တွေးခေါ် ချက်များသည် တစ်ခါတစ်ရံ အံ့ဩဖွယ်ကောင်းလောက်အောင်ပင် ညံ့ဖျင်း၍ ရှောလွန်းသည်ကို တွေ့ရှိရလေသည်။ သူတို့သည် မိန်းမများအပေါ် အရှိမ်းမှ အထင်သေးထားကြသူများ ဖြစ်သည့်အားလျော်စွာ မိန်းမဟူသည် စိတ်တွယ်ရာ လူမမြင်ရာ၌ ဖျားယောင်းရလျှင် ရနိုင်သည်၊ ရရမည်ဟု တွက်ထားကြသည်။

တွက်ထားသည့်အတိုင်း လက်တွေ့အကောင်အထည်ဖော်ကြည့်သည့်အခါ ထင်သလိုမဟုတ်ဘဲ မိန်းမများ၏ စောင့်စည်းမှုက ပိုမို၍ အဆင့်မြင့်နေသောအခါ အဆင်ခြင်မဲ့ ယောကျ်ားတို့သည် သားယာမှုအစား အချုပ်ခန်းမှတစ်ဆင့် ထောင်ထဲသို့ ရောက်ကြရသည်။

ခြုံ၍ဆိုရသော် မြွေမှန်လျှင် တွင်းဝင်ဖြောင့်ရမည်ဆိုသောစကားကဲ့သို့ အများအားဖြင့် မိမိ၏ဇနီးအပြင် အခြားမိန်းမသားများနှင့် သားယာမှု ရယူသည့်အလုပ်ကို ဝါသနာမပါ စိတ်မဝင်သူ



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ရှားလှသည်။ ငွေကြေးဂုဏ်၊ ရာထူး စသည်တို့၏ အရှိန်အဝါကြောင့်သာ ပြဿနာများကို လူမသိလိုက်ဘဲသာ ရှိမည်ဖြစ်သည်။

လူတန်းစားအသီးသီး အလွှာအမျိုးမျိုးမှ ယောကျ်ားတို့သည် အိုင်တွေ့လျှင် ခြေဆေးသည့်အလုပ်၌ အလွန်ဝါသနာပါပြီး ခြေသွက်လက်သွက် နိုင်ကြသည်။ အခြေအနေပေးလျှင် ပေးသလောက် အခွင့်အရေးယူတာ ရှုပ်ပွေကြသူများလည်း အများအပြားမြင်ရှိ၏။

လူတိုက်ဖူးသောကျားသည် ပိုမို၍ ရဲတင်းသစ္စာ၀ံ့ဝါအတွေ့အကြုံရှိသော ယောကျ်ားတို့၏ ရမ်းကားမှုကား သည်မိန်းမတိုင်းအတွက် အထူးအသဖြင့် ယောကျ်ားတို့အပေါ် အထင်ကြီးထားလွန်းသည့် မိန်းမသားများအဖို့ အလွန်မင့်အန္တရာယ်ကြီးပေသည်။

ယောကျ်ားတို့၏ ဤအကျင့်စရိုက်သည် သာမန်ရောဂါတစ်ခုမဟုတ်ဘဲ သဘာဝတရား၏ အကျိုးမေးအပေါ် အခြေခံ၍ ဆိုးယုတ်ခြင်း ဖြစ်ပေရာ၊ သူတို့ကို အဖြစ်တင်နေမည့်အစားဖက်ပမာရှိသည့် မိန်းမများဘက်မှ သတိထားဆင်ခြင်စွာ နေထိုင်နိုင်မှသာ အဓိကဟု ဆိုရဖို့ရှိ၏။

❋



www.burmeseclassic.com

www.burmeseclassic.com



## ယောကျ်ားမြတ်ရှိသလား

အရက်သောက်တတ်သူ၏ လောကတွင် အရက်နှင့် ပတ်သက်၍ ရယ်စရာစကားတစ်ခု ရှိလေသည်။ အရက်ကို မတွေ့လျှင်မသောက် မတွေ့လျှင်ကား တွေ့အောင်ရှာသည် ဆိုသည့် စကားပင်ဖြစ်သည်။ ယောကျ်ားမြတ်ဟူသည်ကား ဤနည်းနှင့်ပင် ရယ်စရာစကား ပြောရမတတ် ရှားလေသည်။ မရှိကားမဟုတ် ရှိနိုင်၏။ ရှိလည်း ရှိပေလိမ့်မည်။

သို့ရာတွင် ယောကျ်ားချင်းလည်း တွေ့ရဖူးသည်ဟု သိပ် မကြားကြရချေ။

ရှိနိုင်သည်ဟု ဆိုသည့်အတိုင်း ယောကျ်ားဖြစ်စေ မိန်းမ ဖြစ်စေ တွေ့နေကျဖို့ ရှိ၏။

တစ်ခုတော့ စဉ်းစားစရာ ရှိသည်။ ၎င်းကား အိတ်ထဲ ငွေတစ်ရာရှိနေ၍ ကောက်ရသော ငွေတစ်ကျပ်ကို ပိုင်ရှင်အား ရိုးရိုးသားသား ပြန်ပေးသူကို လူကောင်း သူကောင်းဟူ၍ ရဲဝံ့ စွာမသတ်မှတ်ဝံ့ကြသလိုရှိသည့်တွေ့ရခြင်းမျိုးသာဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုသည်မှာ မတွေ့သေး၍ ရှောင်နိုင်ခြင်းကို တရားဝင်စဉ်းစားကာ လူကောင်းလူမြတ်အဖြစ် သတ်မှတ်၍ မဖြစ်နိုင်ဘဲ တွေ့လျက်နှင့် ရှောင်နိုင်သည့်အချိန်ကို စောင့်ပြီးသာ အဆုံးအဖြတ် ပြုရမည်ဖြစ်သည်။ အတွေ့ကိုရှောင်နိုင်ခြင်းသည် သာမန်ကိစ္စ မဟုတ်သလို သာမန်လူများအဖို့ မစွမ်းဆောင်နိုင်သည့် အလုပ်တစ်ခုလည်း ဖြစ်၏။

ယောကျ်ားမြတ်ဟူသည် အတွေ့ကို ရှောင်နိုင်ရုံတစ်ခုတည်းနှင့် မပြီးသော်လည်း ရှောင်နိုင်သည့်ကိစ္စမျိုးကိုတားယောကျ်ားတို့ ရှောင်နိုင်ခဲလှသဖြင့် ဤရှုထောင့်ဖြင့် မှတ်ထမ်းတင်ပြဒါးချိန် တိုင်းရခြင်းဖြစ်၏။

အမှန်ကား ရှောင်ဖို့မဆိုထားဘိ၊ ကိုယ်ကျိုးခံစားမှုအတွက်ဖို့ မကိစ္စများ၌ ရှေ့သို့ဖွတ်တိုးနေသူများကိုသာ ထာဝရ တွေ့ကြုံနေကြရသဖြင့် အတွေ့ကို ရှောင်နိုင်ရေးအပေါ် သံသယရှိနေကြလေသည်။

•

ယောကျ်ားနှင့် အတွေ့ရှောင်နိုင်ရေးကိစ္စကား အတွေ့အကြုံ အတွေ့အမြင်များအရ ပြောရလျှင် ရှင်း၍နေ၏။

ယောကျ်ားတို့သည် ရှောင်ရမည့် အတွေ့ကိစ္စများကိုတမင်လိုက်၍ တွေ့နေကြသည်။ အကြံအဖန်လုပ်၍ တွေ့နေကြသည်။ မတွေ့တွေ့အောင် ရှာ၍တွေ့နေကြသည်။

---



www.burmeseclassic.com

www.burmeseclassic.com



ဤသို့မင်လျှင် ယောကျ်ားတို့အကြောင်းအတွက် အဖြေတစ်ရပ်လို ဖြစ်နေ၏။ ယောကျ်ားမြတ်ရှိသလားဆိုသော အမေးအတွက် တိတိကျကျ မရှိပေ၊ ကရုဏာဖြစ်သည်ဟုဆိုကာ တလေးသုံးလေးယောက်ကလေးမရှအကို လူမျိုးယောကျ်ားက ယူသည့်အဖြစ်မျိုးနှင့် စံထိုးပြီး ယောကျ်ားမြတ် ရွေးလျှင်တော့ မူ လွယ်ကူကောင်း လွယ်ကူမည် ဖြစ်သည်။

မိန်းမမြတ်၊ ယောကျ်ားမြတ် ဆိုသည်ကား ဇော်မြပါ အရည်အချင်းလောက်မျှနှင့် ပြည့်စုံနိုင်ကား မဟုတ်သဖြင့် အကယ်၍ ထိုပြဒါးချိန်အရ ရွေးချယ်မည်ဟု ဆိုပါက အရေအတွက်အရသာလျှင် မှန်ကန်ပေလိမ့်မည်။

ယောကျ်ားဟူသည် လူပင်ဖြစ်ရာ လူကမြတ်အောင် ကျင့်ကြံမှသာလျှင် ယောကျ်ားမြတ်ဟူ၍ ရှိလာနိုင်မည်ဖြစ်သည်။ အမှန်အတိုင်းပြောရလျှင် မြတ်သည့် မြင့်မြတ်သည်ဆိုသော အဆင့်ကား လူတို့အဖို့ ကြီးမားလှသည့် ဂုဏ်ပုဒ်တစ်ခု ဖြစ်ပေရာ မြင့်မြတ်မှုကို တော်ရုံလူ ခံနိုင်ရန် အရည်အချင်း မရှိနိုင်ပေ၊ ထို့အတူ အများတကာဘလည်း သတ်မှတ်ကြလိမ့်မည် မဟုတ်ချေ။

စိတ်ထားမြင့်မြတ်သော လူအချို့ ယောကျ်ား - မိန်းမ မဟူ စသည်တို့ကို မကြာခဏ တွေ့ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစိတ်ထားမြင့်မြတ်သူတို့၏ လုပ်ရပ်ကား အများသူငါ မလုပ်နိုင်သောအလုပ်၊ အပြုအမူ အပြောအဆို စသည်တို့ကို ပြုလုပ်နိုင်သူများဖြစ်၍သာ အကြွမ်းဖျဉ်းအားဖြင့် ခေါ်ဝေါ် သတ်မှတ်ကြသော်လည်း စင်စစ်မှန်မှန် စစ်တမ်းထုတ်လိုက်ပါမူ အကောင်းဆုံး၊ အတော်ဆုံး မြင့်မြတ်သူများ မဖြစ်နိုင်ပေ။

နံပါတ်တစ် ရွေးသော်လည်း တစ်မရှိသဖြင့် တစ်နှင့် အနီးစပ်ဆုံးဖြစ်သည့်နှစ်ကို ရွေးချယ်လိုက်ရခြင်းမျိုးသာ ဖြစ်လေသည်။

ယောကျ်ားမြတ်ရှိသလားဆိုသော မေးခွန်းအတွက် အဖြေသည် ပေးရန်လွယ်လည်းလွယ်သည်၊ ခက်လည်း ခက်သည်၊ လောကတွင် လူဆိုးနှင့်လူကောင်း (မကောင်းသူနှင့်ကောင်းသူ) ဟူ၍ ရှိကြစမြဲဖြစ်လေရာ မြတ်သောယောကျ်ားဟူသည် မရှိမဟုတ်ရှိလေသည်။

သို့ရာတွင် ကျွဲချိုမှ နို့နှင့်ဖြုတ်ရသည်းခြေတို့ကို ရှာရသလောက်နီးနီး မဖြစ်နိုင်သလို ထင်ရသည့် အရာမျိုးဟုပင် ထင်စရာရှိသည်။

အကြောင်းကား လူတို့၏ သက်တမ်းတစ်လျှောက်တွင် မြင့်မြတ်သည်ဆိုသော အဆင့်မှ လူကိုတွေ့ရဖို့ မဆိုထားသော် အတော်အတန် ယုံကြည်စိတ်ချရပြီး သစ္စာသမာဓိ ရှိသူများကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်တွေ့ရခဲ့လှသောကြောင့်ပင် ဖြစ်သည်။

ယောကျ်ားဟူသည် တိုးတက်ကြီးပွားရေးကို ရှာကြံသဖြင့် စိတ်ပင်ပန်း ကိုယ်ပင်ပန်း လူကလည်း ပင်ပန်းသည့် အလျောက် မိန်းမကိစ္စ အပါအဝင် အခြားဝါသနာပါရာ အရက်၊ဖဲ စသည် တို့ဆီသို့ အာရုံရောက်ရှိသွားတတ်သည်က များသည်။

ထိုအတူ အားလပ်သူများ (အချိန်ပိုပြီး ဘာလုပ်ရမှန်း မသိ ဘဲရှိသူများ)ကလည်း မိမိတို့ အခြေအနေနှင့် ကိုက်ညီသည့် (ငွေကြေး မကုန်ကျလှသည့်) သာယာမှုကို ရှာကြံကြသည်သာ ဖြစ်သည်။

ယင်းသာယာမှုဆိုသည်မှာ အများအားဖြင့် မြင့်မြတ်သော သူများအထူးရှောင်ရှားလေ့ရှိသည့် မဟုတ်မတရား အမြတ်ထုတ် မှုမျိုးများသာဖြစ်လေ့ရှိပေသည်။

လူ့သဘာဝအရ လူသည် မင်္ဂလာကင်းမှုကိစ္စများ၌သာ ပျော် ပိုက်တတ်ကြပေရာ သာယာမှုကို ခုံမင်ကြသည့် ယောကျ်ားတို့အ နေဖြင့်မြင့်မြတ် သန့်စင်သော အလုပ်ကိုလုပ်ရန် ခဲယဉ်းကြလှ သည်။

မပြေးသော်လည်း ကန်ရာရှိဆိုသကဲ့သို့ ယောကျ်ားတို့အ နေဖြင့် မိမိ၏ပျော်ပါးလိုမှုကြောင့် တစ်စုံတစ်ယောက်အတွက် ထိခိုက်နစ်နာစေလိုသော စေတနာ မရှိသည့်တိုင်အောင် ပြုမူမှု



www.burmeseclassic.com

www.burmeseclassic.com



သည် တစ်ဦးတစ်ယောက်ကို ထိခိုက်နစ်နာသည်က များ၏။

ယင်းအမှားကိုလည်း သိကြမြင်ကြသည်၊ သို့ရာတွင် လက်တလောသာယာမှုကိုရှောင်ရန် စိတ်တင်း၍ ထားနိုင်ခြင်းမရှိကြသဖြင့် အလေးအနက် တွေးထင်ချက်မထားတော့ပဲ စိတ်ကိုလွှတ်၍ပေးကြသည်က များ၏။

သူတို့၏ ဆင်ခြေဆင်လက် အကြောင်းပြချက်များတားခိုင်လုံခြင်းမရှိပေ။ ထို့အတူ လေးနက်ခြင်းလည်း မရှိ ဖျင်းနွား၍ကိုင်းရပါသည်ဆိုသော တစ်ဘက်သားအပေါ် ပုံချပြီး ကိုယ်လွတ်ရုန်းသည့် စကားမျိုးကိုသာ အများအားဖြင့် ပြောဆိုလေ့ရှိကြသည်။

ယောကျ်ား တစ်ရာတွင် တစ်ယောက်ယောက်သည်သာ အနိုင်နိုင်ဆိုသလို လူ့စည်းကမ်းကို နားလည်စောင့်စည်း၏၊ မပြုထိုက်ပါတကားဆိုသည့် အမြင်မျိုး၊ အသိတရားမျိုး ရှိ၏၊ ကျန်အစိတ်အပိုင်း (အရေအတွက်)ကား ရေရှည်ကိစ္စကို ခေါင်းထဲမထည့်ကြပေ။

မြင့်မြတ်သည့် ယောကျ်ားဆိုသည့် ထူးခြားသော လူ့ဂုဏ်ပုဒ်ကိုလည်း မမျှော်လင့်ပေ၊ မမျက်မောပေ။ လူ့ဘဝတွင် အလေးအနက်မနေလိုကြ၊ ပေါ့ပေါ့ ပါးပါးနှင့် အမြီးကျက်လျှင် အမြီးကိုသာလျှင် (ဦးစွာ) စားလိုသည်၊ ခေါင်းကျက်လျှင် ခေါင်းစားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပျော်မည်။ (စိတ်သက်သာမည်)။ ထင်သလို ပေါ့ပေါ့ ပါးပါး ပေါ့ပေါ့ဆဆ နေလိုကြသည်။ နေလည်းနေကြသည်။ စောင့်ထိန်းမှုအများအပြားပါသော ဘဝမျိုး (ယောကျ်ားမြတ်) အဖြစ်မျိုးကို မခံမင်ပေ။

မြင့်မြတ်သော စိတ်ဓာတ်ဟူသည် မည်သည့်လုပ်ရပ်မျိုးကို ဆောင်၍ မည်သည့် လုပ်ရပ်မျိုးကို ရှောင်ရမည်ဆိုသော တွေးခေါ်မှု အပိုင်းတို့လည်း အလည်အပတ် သဘောပင် မရောက်ပဲ ရှိကြလေသည်။

❋



www.burmeseclassic.com

www.burmeseclassic.com



## မိန်းမသည် ယောကျ်ားတို့အပေါ်ယုံကြည်သင့်သလား

မိန်းမများသည် ယုံလွယ်တတ်ကြသည်မှာ လူသိများ၍ ထင်ရှားသော အချက်တစ်ရပ် ဖြစ်၏။ မိန်းမအများစုက ယုံလွယ်တတ်ကြသော်လည်း မိန်းမတိုင်းမှ ကြားရသမျှစကားတို ယုံကြည်ကြသည် မဟုတ်ချေ။

ယုံလွယ်တတ်သည်ကို စိစစ်ကြည့်သည့်အခါ တွေးခေါ်စဉ်းစားနိုင်သော အသိဉာဏ် နည်းပါးမှုကို အများဆုံးထောက်ပြနိုင်ကြမည် ဖြစ်သော်လည်း ဤအကြောင်းခြင်းရာ တစ်ခုတည်းနှင့် မလုံလောက်ပေ။

ယုံလွယ်တတ်ခြင်း၌ ပစ္စည်းဂုဏ် စသည့်အရာ (လူနေမှုအဆင့်အတန်း) နိမ့်ကျမှုကြောင့် စိတ်အားလျော့ပါးမှုတမှီခိုအားထားချင်သည့်စိတ်ဓာတ် အခြေအနေ အများဆုံး ပါဝင်လေသည်။

ဆိုလိုသည်မှာ လူတစ်ယောက်သည် အလုပ်အကိုင် အပေါက်အလမ်း မတည့်သည့်အခါ တစ်စုံတစ်ရာအပေါ်



www.burmeseclassic.com

www.burmeseclassic.com



အားကိုးအားထား ပြုချင်စိတ်ပေါ်ပြီး ထိုအချိန်တွင် ကြုံရာဆုံရာတို့ အားကိုးတတ်ကြောင်းပင်ဖြစ်သည်။ ထိုအချက်သည် လူ့ဘဝ၏ အရေးပါသော အဆုံးအဖြတ်တစ်ခုပင် ဖြစ်သည်။

အိမ်ထောင်ပြုခြင်း (ဝါ) ယောကျ်ားယူခြင်း၊ မိန်းမယူခြင်းစသည့်ကိစ္စများတွင် ဤအချက်သည် အဓိကနီးပါးအရာဝင်ပေသည်။

မိန်းမများလောကတွင် အားကိုးအားထားသည် အရေးကြီးလှ၏။ ယောကျ်ားသည် မိန်းမများအတွက် သဘာဝအားကိုးအားထားပင်ဖြစ်သည်။

သို့သော် ဖို၊ မ သဘောသဘာဝအရ ဖိုသည် မဆီသို့ချဉ်းကပ်ကာ အလုပ်အကျွေးပြုပြုသော်လည်း ယောကျ်ားတို့သည် မိန်းမများအတွက် စစ်စစ်မှန်မှန် ယုံကြည်ထိုက်သူများ မဟုတ်ကြပေ။

ယုံကြည်၍ပုံအပ်သည်နှင့် ယောကျ်ားဆိုသော သတ္တဝါတို့သည် အသားရှော၊ အရိုးရော၊ သားရေပါ အသုံးချတော့သည်ဆိုသလို အစွမ်းကုန် ချယ်လှယ်ကာ အမြတ်ထုတ်လေတော့သည်။

ယုံပြီးပုံအပ်သဖြင့် အမှားကြီးမှားခဲ့ကြသော မိန်းမပျိုကလေးများ၏ လွမ်းမျက်ရည် ဇာတ်လမ်းများသည်လည်း ယနေ့တိုင် ကုန်ဆုံးခြင်း မရှိသေးပေ။ ယုံကြည်အောင်ပြော၍ ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



မိခြင်းသည် အဖြစ်မရှိသော်လည်း ယုံကြည်မိခြင်း၏ အကျိုးဆက်တရားကား သေးငယ်လှသည် မဟုတ်ပေ။

မိန်းမများသည် နှစ်နာစရာဘက်မှ အမြဲရပ်တည်နေကြသူများဖြစ်၍ ယုံလွယ်ခြင်း အလေ့အထကို သေချာစွာ စဉ်းစားစိစစ်ထက်သည့် အလေ့အထကောင်းများ အစားထိုးသင့်ကြသည်။

ရိုးသားစွာ ဝန်ခံသကဲ့သို့ မိမိအားနည်းချက် ကို လှန်ပြခြင်းသည် ယောကျ်ားတို့၏ စားကွင်းစားကွက်စားကျက်ကို ထွင်ပေးသကဲ့သို့ ရှိလေသည်။

ယောကျ်ားတို့၏ သနားကရုဏာသည် ယုံစား၍မရသောအရာဖြစ်၏။ အချို့ နစ်နာခဲ့ဖူးသော မိန်းမများဆိုလျှင် ယောကျ်ားတို့၏ သနားကရုဏာကိုအလွန်ပင်ကြောက်ကြသည်။ ယောကျ်ားတို့ကို နှုတ်ဖျားမှ သနားကရုဏာစကားသည် ရယ်စရာ စကားတစ်ခုပင် ဖြစ်၍နေလေသည်။

ယောကျ်ားတစ်ယောက်က သနားပါသည်ဆိုသော မိန်းမသားတစ်ယောက်သည် တစ်ခုမဟုတ် တစ်ခုဆိုသလို နစ်နာတော့မည်ကို အများအားဖြင့် တွက်ချက်ကြည့်၍ မြင်နိုင်နေပေသည်။

တစ်နည်းဆိုရလျှင် ယောကျ်ားတို့၏ သနားကရုဏာသည် ဆီပေးမှ ဆေးရသည့်အရာမျိုးလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူမှန်လျှင် မိမိ၏ကိုယ်ကျိုးအတွက် အလုပ်လုပ်နေသည်သာ ဖြစ်သော်လည်း ယောကျ်ားတို့၏ ကိုယ်ကျိုးလှုပ်ရှားမှုသည် လွန်ကဲလှ၏။ စီးပွားရေးတိုးတက်အောင်မြင်ရေးတို့အတွက် ကြိုးပမ်းလှုပ်ရှားမှုများသည် လွန်ကဲလှသည်။

စီးပွားရေး၊ ကြီးပွားရေးအတွက် ရုန်းကန်လှုပ်ရှား၍ တိုးတက်အောင်မြင်မှု ရရှိလာသည်နှင့်အမျှ ဘဝ၏ သာယာမှုကို ပိုမို၍ ရှာကြံလာတတ်သည်။ ပင်ပန်းသဖြင့် အပန်းဖြေမည့် နည်းများကို ရှာကြံရာမှအစ ယောကျ်ားတို့လောကတွင် ရေပန်းအစားဆုံးကိစ္စများဖြစ်သည့် မိန်းမ၊ အရက်၊ ဖဲ စသည်တို့ဆီသို့ ဝင်စားသွားလေ့ ရှိကြသည်။ အချို့က တစ်မျိုး၊ အချို့က နှစ်မျိုး၊ အချို့ကမူ အားလုံးကို ဝါသနာပါ၏။

ဝါသနာပါ၍ အလုပ်ဖြစ်အောင် လုပ်ကြသည့်နေရာတွင် တစ်ယောက်နှင့်တစ်ယောက် ကွာခြားချက်များ ရှိသေးသည်။ အချို့က အတိအလင်း ပြုလုပ်သည်။ တစ်နည်းအားဖြင့် လူသိခံလေသည်။ အချို့ကမူ သူတော်ကောင်း ကြက်သူခိုးဆိုသလို မခုတ်တတ်သည့်ကြောင်ဟန်ဆောင်၍လူကွယ်လျှင်ခုတ်လေသည်။

ဟန်ဆောင်ကောင်းသူ၊ ဟန်ဆောင်တတ်သူတို့သည်၊ အခြားတိတ်လင်းလင်း ပြုလုပ်ထားသူများထက်စာလျှင် လတ်တလော အခြေအနေအရ နာမည်ကောင်းတတ်ကြ၏။

လူအထင်သေးခြင်း မခံရတတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် မိန်းမများက အထင်ကြီး၏၊ ယုံကြည်၏၊ ဟန်ဆောင်ထားသည့် အတုများပီပီ ပိုပိုမိုမိုဟိတ်ဟန်လုပ်ထားသောကြောင့်လည်း အမြင်မစူးရှလျှင် (ဝါ) အပေါ်ယံရှုထောင့်၌ ကြည့်လျှင် သူတို့၏ဘဝသည် သွားရည်ကျစရာပင် ကောင်း၏။

ထိုယောကျ်ားမျိုးသည် အိမ်ထောင်ရှင်ဖြစ်လျှင် ဇနီးဖြစ်သူကို လှည့်စားမှု ပရိယာယ်အသွယ်သွယ်ဖြင့် လမ်းကြောင်းပြောင်းကာ မိမိလိုရာသို့ ဆွဲလေ့ရှိသည်။

တစ်နည်းအားဖြင့် မိမိလုပ်ချင်ရာလုပ်နိုင်အောင် ဘမ်းစွဲအဖြစ် ဖူးညွှန့်နေအောင် လုပ်ပြထားလေ့ရှိသလော၀က် ကွယ်ရာတွင် ကျွမ်းသန္တာလန်အောင် ရှုပ်ပွေတတ်ကြသည်။

သူတို့၏ အဓိကလက်နက်သည် မိန်းမအပေါ် နိုင်၍မရသူဆိုပါက မိန်းမအမြင်တွင် အပြစ်မရှိ၊ အနေရှင်းသည်ဆိုသည့် အခြေအနေမျိုးရှိအောင် နေပြထားခြင်းပင်ဖြစ်သည်။

သူတို့လို ယောကျ်ားမျိုးသည် စစ်စစ်မှန်မှန် တန်ဖိုးအရဆုံးဖြတ်စတန်းဆိုမှု ဘာမျှရေရာမည်မဟုတ်သော်လည်း အိမ်ထောင်စုအများအပြားၤ၌မူ မင်းမူခွင့်ရရှိနေကြလေသည်။

ယင်းသို့ မတရားအခွင့်အရေး ရရှိနေကြသည်မှာ အိမ်ရှင်မ၏ အရည်အသွေးနည်းပါးမှု အကြောင်းတရားသည် အဓိက နီးနီးပါဝင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဖြစ်သူသည် အသိပညာနည်းပါးမှုကြောင့် လင်ယောကျ်ားအပေါ် အလွန်အမင်း အထင်ကြီး၏။ ဘုရားတစ်ဆူဝူ တစ်လုံးပမာ ကိုးကွယ်ထား၏။ ယုံကြည်ထား၏။

ဤသို့ ပြုမူဆက်ဆံခြင်းသည်ပင်လျှင် မိန်းမသားများ၏ အမှားပေတည်း။

ယုံမှတ်၍ ပုံအပ်မိသည်၊ ပုံအပ်မိသည့်အတွက် မရှုသာ မရှိုက်သာအောင် မှား၍ဒုက္ခတွေ့ကြရပေါင်းလည်း များပြီဖြစ်၏။ မိန်းမများ ယုံကြည်ရသည့် ယောကျ်ားမျိုးမရှိတော့ မဟုတ်ချေ။ ရှိသည်၊ နည်းပါးလှ၏၊ ယောကျ်ားအများစုသည် မိန်းမများအပေါ် စေတနာအရင်းခံထား၍ မဆက်ဆံကြသည်က များသည်။

ယောကျ်ားတစ်ရာတွင် ကိုးဆယ့်ကိုးယောက်နှင့် တစ်ပိုင်းသည် မိန်းမများကို တစ်နည်းမဟုတ်တစ်နည်းဆိုသလို လှည့်စားပြီး အမြတ်ထုတ်ကြသည်၊ အမြတ်ထုတ်ရာတွင် ဖြောင်ကျကျနည်းကိုလည်း သုံးသည်၊ လိမ္မာပါးနပ်စွာလည်း သုံးသည်။ မည်သို့ဖြစ်စေကာမူ ယောကျ်ားတို့အပေါ် မိန်းမများ၏ ယုံကြည်မှုသည် သိသိသာသာကြီး ယုတ်လျော့၍ မသွားသည်မှာ နားမလည်စရာရာပင် ဖြစ်နေပေတော့သည်။

❋



www.burmeseclassic.com

www.burmeseclassic.com



## ယောကျာ်းတို့ ဘာကြောင့် မိန်းမယူကြရသလဲ

ယောကျာ်းတို့ ဘာကြောင့်မိန်းမယူသည်ကို လေ့လာသည့်အခါ အောက်ပါအကြောင်းပြချက် သုံးရပ်ကို အကြမ်းဖျဉ်းအားဖြင့် တွေ့ရှိရလေသည်။

၁။ သွေးသားတောင့်တမှုဖြေဖျောက်နိုင်ရေးနှင့် မိမိ၏ စားသောက်ဝတ်ဆင်ရေး အဆင်ပြေမှု။

၂။ စားသောက်ဝတ်ဆင်ရေး အဆင်ပြေမှုတို့ အဓိကမထားဘဲ သွေးသားဆန္ဒအပေါ်အဝင် အစဉ်အလာအရ အချိန်တန်၍ ယူခြင်း။

၃။ ဘာဘာညာညာမစဉ်းစားဘဲ ယူချင်၍ယူခြင်း။

ဖော်ပြပါ အကြောင်းအချက်များအနက် အချိန်အရွယ် ရောက်လာပြီးနောက် သွေးသားဆန္ဒပြေငြိမ်းရေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမယူကြသည့် အရေအတွက်ကပိုမို၍ များပြားလေသည်။ အချို့ဆိုလျှင် အရွယ်မရောက်မီ သို့မဟုတ်အရွယ်ရောက်ရောက် ချင်းဆိုသလို မိန်းမယူတတ်ကြသည်။ ကွာခြားချက်တစ်ခုကား ရည်ရွယ်ချက်ထူးထူးခြားခြားရှိသူနှင့် မရှိသူတို့၏ ဆန္ဒပင်ဖြစ် သည်။

ရည်ရွယ်ချက်ထူးထူးခြားခြားမရှိသူများ အနေဖြင့်မူ ဝင်ငွေ တလေး ထမင်းနပ်မှန်သည့် ဝင်ငွေလေးရှိလျှင်ပင် ဘဝကိုကျေ နပ်ကာ စဉ်းစားလေတော့သည်။

လူ့ဘဝတစ်လျှောက်လုံးတွင်လည်း မိန်းမယူရန်ကိစ္စထက် ပို၍ ထူးခြားသည့်လုပ်ဆောင်ချက် မရှိတော့ချေ။ သူဦးနှောက် ထဲတွင် လုပ်ငန်းဆောင်တာအတွက် စဉ်းစားစရာဟူ၍လည်း အာမျှမရှိတော့ပေ။

သူ့ဆန္ဒသည် သူနှင့်မတိမ်းမယိမ်းရည်ရွယ်ချက်ရှိသူများ တဲ့သို့ပင် စောစောအိမ်ထောင်ပြုချင်သည်။ ပြုလည်းပြု၏။ သူ့ လက်အောက်မှ (သို့မဟုတ်) သူနှင့်တန်းတူရည်တူမယားသည် သူ့အတွက် ထူးထူးထွေထွေလုပ်ကိုင်ပေးရန် တာဝန်ရှိချင်မှရှိ မည်ဖြစ်သည်။

ထမင်းကို အချိန်မှီချက်ပြုတ်ပေးမည်။ အဝတ်အထည်ကို လျှော်ဖွတ်၍ မီးပူထိုးပေးမည်ဆိုလျှင် သူကျေနပ်နေမည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

စီးပွားရေး အခြေအနေကြောင့် မယားက်ပါ ဝင်ငွေရရှိရေးအတွက် အလုပ်လုပ်ရပါမူ သူသည် ထိုမျှလောက်ပင် အပြုအစု ခံချင်မှခံရဖို့ ရှိ၏။

သို့သော် သူလိုယောကျ်ားမျိုးသည် မိမိ၏အခြေအနေတို သိပြီးသည့်အလျောက် ခွင့်လွှတ်နိုင်မည်ဖြစ်သည်။ ခွင့်လွှတ်တတ်မည်ဖြစ်သည်။

ယင်းသို့ ခွင့်မလွှတ်လျှင်လည်း အိမ်ထောင်ပြိုကွဲရသာ ရှိပေမည်၊ သူ့အဖို့ အိမ်ထောင်ကွဲသည်အထိတော့ အဖြစ်မခံပေ၊ ရည်ရွယ်ချက် မြင့်မြင့်မားမား မရှိသည့်အလျောက် သံယောဇဉ်တွယ်တာစရာဟူ၍ သည်အိုးသည်အိမ်ပင် ရှိ၍တည်း။

ရည်ရွယ်ချက် မြင့်မားသူများအဖို့မူ အိမ်ထောင်ပြုချိန်နောက်ကျလေ့ရှိကြသည်။ အသက်သုံးဆယ်ကျော်မှ သားနှင့်မယားနှင့် ဖြစ်တတ်ကြသည်။ ဝင်ငွေများပြီး ဂုဏ်ရှိသူများဖြစ်၍ မယားယူခြင်းသည် ထမင်းချက် အဝတ်လျှော်ရန်အတွက် မဟုတ်ပေ။ သွေးသားဖြေဖျောက်မှုအပါအဝင် အစဉ်အလာအရ ယူခြင်းဖြစ်သည်။

သူတို့၏ အိမ်ထောင်ရေးကား ဘီလူးစည်း လူစည်းဆိုသလို ကန့်သတ်ချက်များရှိတတ်၊ ထားတတ်ကြသည်။ ဥပမာစည်း


www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာ၊ သူ ရာထူးဂုဏ်စသည်တို့ဖြင့် ခန့်ခန့်ထည်ထည်နေထိုင်ကြသူများဖြစ်သည်နှင့်အညီ စည်းစိမ်ဥစ္စာငှဲပြီး မည်သူမှ မှန်ရာတို လုပ်ရဲတာတ်ကြပေ။ အများအားဖြင့် ဟန်ဆောင်ခြင်းများ၊ဟန်ပြများနှင့် ပြီးတာတ်ကြသည်။

သူတို့၏ အိမ်ထောင်ရေးသည် စိတ်ချမ်းသာမှု အစစ်အမှန်ရှိချင်မှ ရှိတတ်ပြီး ဘဝစည်းစိမ် မတိမ်းမစောင်းစေရန် ဟန်ဆောင်မှုဖြင့် ထိန်း၍ထားတတ်ကြ၏။

လိုရင်းကို ပြောရလျှင် ယောက်ျားက မိန်းမကို ယူခြင်းထက် စည်းစိမ်ဥစ္စာက ရာထူးဌာနန္တရကို ယူခြင်းမျိုးဆိုသလိုသာ ဖြစ်ချေသည်။

မည်သို့ပင်ဖြစ်စေ ယောက်ျားကို မိန်းမယူကြခြင်း၏ အဓိကအချက်ကား သွေးသားဖြေဖျော်မှုအတွက် ရည်ရွယ်ကြခြင်းပင်ဖြစ်သည်၊ လူ့အဖွဲ့အစည်း၏ ဆိုရိုးယဉ်ကျေးမှုအရ အိုးအိမ်ထိန်းသိမ်းမှုအတွက် ဘာအတွက် ညာအတွက်ဟု ဆိုလေ့ရှိကြသော်လည်း ပွင့်လင်းသည့် အဓိကရည်ရွယ်ချက်ကို အမှန်အတိုင်း ပြောကြဆိုကြစတမ်းဆိုပါမူ အထက်ပါ သွေးသားကိစ္စသည်သာ အဓိကကျသည်ကို တွေ့ရှိရမည်ဖြစ်၏။

သို့ရာတွင် အိမ်ထောင်ရေးဟူသည် သွေးသားကိစ္စတစ်ခုတည်းကား မပြီးချေ။ အဓိကဦးတည်ချက်က မည်သို့ပင်ဖြစ်စေ

www.burmeseclassic.com



ကာမ ဘဝအသိ ရင့်ကျက်လာသောအခါ အဓိကရည်ရွယ်ချက် သည် ပြို၍လာပေတော့သည်။

လူ့အသိုင်းအဝိုင်းတွင် ငွေသည် အဓိကမဟုတ်သည့်တိုင် အောင် အိမ်ထောင်တစ်ခုတွင် ရေရှည်၌ စီးပွားရေးအဆင်ပြေမှု သည် မရှိမဖြစ်ချေ။

ထို့ကြောင့် ယင်းအတွေးအခေါ်များနှင့် သွေးသားကိစ္စ ကိုသာမြင်ပြီး အိမ်ထောင်ပြုကြသည့် ယောကျ်ားများသည် အိမ် ထောင်ရေးအပေါ် အပြစ်အမျိုးမျိုး မြင်လာလေ့ရှိသည်။

စီးပွားရေးအတွက် မလုံးပမ်းနိုင်တော့သည့်အခါ ယခင်က သွေးသား သာယာမှုကိစ္စကို အဓိကထားခဲ့မိသရွေ့သည် အမှား ကြီးမှားကာ ယင်းကိစ္စကိုလည်း စိတ်မဝင်စားနိုင်တော့၊ ဆန့်ကျင် ဘက်လိင်(မိန်းမသားများ)ကို တွေ့လျှင် ငမ်းငမ်းတက် မက်မော လေ့ရှိသည့် စိတ်သည်ပင် တစ်ခါတစ်ရံမှသာလျှင် ရေးရေးမျှ ဖြစ်ပေါ်လာပေတော့သည်။

မိန်းမယူမိသည်ကိုပင်လျှင် မှားသယောင်ယောင် ထင်လာ သည်။ တာဝန်ကြီးသည် ပို၍ပင်လေးလာသည်ဟု ယူဆလာမိ သည်။ အစက မိန်းမဖြစ်သူအပေါ် အပြစ်မမြင်ခဲ့မိသလောက် ခုချိန်တွင် အပြစ်များကို ဆက်တိုက်ဆိုသလို မြင်လာသည်။ စိတ် မရှည်ဘဲ ဖြစ်လာသည်။ အကောင်းလုပ်၍ ကောင်းသည်ပင်



www.burmeseclassic.com

www.burmeseclassic.com



အတောင်းမထင်နိုင်အောင်ရှိလာသည်။

မိမိယူချင်၍ယူဖြစ်သွားသည့်အဖြစ်ကိုပင် မေ့ကာ တရားခံ ရှာချင်လာသည်။ မိန်းမယူသည့် အလုပ်သည် အလကားအ လုပ်ဟူ၍ ထင်လာသည်။ ဘာ့ကြောင့် မိန်းမယူခဲ့သည်ဆိုသော မိမိ၏ လိုအင်ဆန္ဒ အစကိုပင်မေ့လျော့ကာ အိမ်ထောင်ရေး ရည်ရွယ်ချက်သည် ကင်းမဲ့လာသည်။

သွေးသားဖြေဖျောက်မှုကိုသာ အဓိကထားစဉ်းစားပြီး အိမ် ထောင်ပြုသည့် ယောကျ်ားမျိုးဆိုလျှင် ဤအချိန်တွင်ပို၍ ဆိုး၏။ အိမ်ထောင့်တာဝန်ကို ဟုတ္တိပတ္တိထမ်းဆောင်နိုင်ခြင်း မရှိလာ တော့သည်နှင့်အညီ ကိုယ်ကျိုးကိုသာ လုံးလုံးကြည့်ချင်လာ တော့သည်။

ရှင်းရှင်းဆိုရလျှင် မိမိနှစ်သက်ပြီး ယူခဲ့သည့် မိန်းမကို ပစ်ချင်လာသည်။ ပစ်ပြီးနောက် မိန်းမစိတ်ကုန်သွားသလား ဆို တော့လည်း မဟုတ်။ ကောင်းနိုးရာရာ စိတ်ကြိုက်ပြန်လျှင် ခြေ ဝင်ဆေးပြန်သည်။ ယောကျ်ားအတော်များများသည် ယင်းအ တိုင်းပင် ဖြစ်နေကြ၏။

မိန်းမယူမည့်သာ ယူကြသည်။ အစကတည်းက လေးနက် တည်ငြိမ်သော ဦးတည်ချက်မထားကြ။ မရှိကြ၊ မထားတတ်ကြ ပေ။ အချို့ဆိုလျှင် အစဉ်အလာအတိုင်း သူများယူကြ၍သာ



www.burmeseclassic.com

www.burmeseclassic.com



ယူသည်။ ယူပြီး ပြီးရောသဘောမျိုးလောက်အထိ ပေါ့ပေါ့ဆဆပင် ယူကြသည်။

သဘောချင်း မတိုက်ဆိုင်သဖြင့် ကွဲသွားတော့လည်း ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါးနှင့် ဘာမှမဖြစ်သလိုပင် နေနိုင်ကြ၏။

အချို့ ယောကျ်ားများဆိုလျှင် ယင်းနည်းအတိုင်း တစ်ယောက်မကောင်း၍ တစ်ယောက်ပြောင်းသည် သဘောမျိုးလည်း မဟုတ်ဘဲ အခြေအနေကပေးလျှင် ပေးသလို ယူလိုက်ပစ်လိုက်ပြုလုပ်သည်ကို တွေ့ရဖူးလေသည်။

ထိုသို့သော ဖြစ်ရပ်များကို လေ့လာကြည့်သောအခါ ယောကျ်ားတို့ ဘာ့ကြောင့် မိန်းမယူသည်ဆိုသော ဒေမေးအတွက် အဖြေသည် ပေါ်၍လာသော်လည်း မရှင်းဘဲဖြစ်နေ၏။ သွေးသားကြောင့်တော့ သွေးသားကြောင့်ပဲဖြစ်သည်။

သို့ရာတွင် လိုသလို ဖြစ်လာပြီးသည့်နောက် မိန်းမဖြစ်သူအပေါ် သဘောထားပုံ၊ ဆက်ဆံပုံစသည်ကား စိမ်းကားရက်စက်၍ နေတတ်ပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## မိန်းမများအပေါ် ထားရှိသော ယောကျ်ားတို့၏ သဘောထား

မိန်းမများနှင့် ပတ်သက်၍ ယောကျ်ားတို့ဘက်မှ ခိုင်ခိုင်မာမာ ယူဆယုံကြည်ထားသော အချက်တစ်ခုရှိလေသည်။ ၎င်းတား အခြားမဟုတ်၊ မိန်းမများအပေါ် အထင်သေးထားခြင်းပင်ဖြစ်၏။

မိန်းမတစ်ယောက်ကို ယောကျ်ားက ချစ်ရေးဆိုခြင်း။

(ဝါ) မိမိဘက်သို့ ပါအောင်လုပ်ခြင်းသည် တကယ့်အချစ်ကြောင့်ထက် ကိုယ်ကျိုးအတွက် မြော်မြင်မှုက လွန်ကဲလေသည်။

ချစ်သည်ဆိုသည့်သဘောကို စဉ်းစားကြည့်က အထက်ပါတင်ပြချက်သည် ပေါ်လွင်ထင်ရှားလာမည်ဖြစ်၏။ မိန်းမဟူသည် တွေးခေါ်စဉ်းစားနိုင်သည့် အရည်အချင်း နည်းပါးသည်ဟု ယောကျ်ားအများစုက ယူဆထားကြသည်။

ကိုယ်တွေ့ အတွေ့အကြုံများကလည်း ယင်းအချက်ကို



www.burmeseclassic.com

www.burmeseclassic.com



ထောက်ခံထားသလိုရှိသဖြင့် ယောကျ်ားတို့ ဘက်မှ ဝိုး၍ အားရှိပြီး ပြောနိုင် ဆိုနိုင်ကြခြင်းဖြစ်သည်။

အိမ်ထောင်ရှင် ယောကျ်ားတစ်ဦးသည် အခြားမိန်းမတစ်ဦးကို ချစ်လို၊ ရလိုကြောင်းအတွက် ကြိုးပမ်း၏။ ရလို့မှုအတွက် အိမ်ထောင်မရှိပါဟု ဆိုသည်၊ ပထမတော့ မိန်းမရှိက မယုံ၊ ယောကျ်ားက စိတ်မပျက်ဘဲ ဆက်၍ပြော၏။ တစ်ခွန်းမှ နှစ်ခွန်းဆိုလျှင်ပင် မိန်းမပျို့သည် မယုံသေးသည့်တိုင်အောင် အနည်းငယ် တွေဝေလာ၏။

ဟုတ်ပေလိမ့်မည်။ တကယ်ချစ် ရှာခြင်းဖြစ်ပေလိမ့်မည်စသဖြင့် တစ်ဆင့်လျှော့၍ စဉ်းစားလာဖို့ ရှိလေသည်။ နောက်ဆုံးတွင် ယောကျ်ားဖြစ်သူ၏ လိမ္မာပါးနပ်မှု အတိုင်းအတာအရဆုံးမသည် သူ့စိတ်ကို လျှော့လိုက်လေတော့သည်။

ယင်းသို့စိတ်လျှော့လိုက်သည့်အချိန်တွင် မိန်းမသားသည် မိမိလိုက်လျှောနိုင်သမျှကို လိုက်လျှောရန် ဝန်မလေးတော့သည့်အပြင် ယောကျ်ားဆိုသူကလည်း လိုချင်သမျှ အခွင့်အရေးတို လိုသလောက် ယူလေတော့၏။

ယောကျ်ားတို့သည် ပထမအပိုင်ကိုင်၏။ တော၏ ဘုရင်ခြသေ့မင်းက သားကောင်ကြီးငယ်မတူ မိမိရရ ဂရုတစိုက် ဖမ်းယူလေ့ရှိသကဲ့သို့ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်စရာရှိလျှင် သူမတူအောင် ရက်စက်နိုင်ကြခြင်းသည် ယင်းသို့အပိုင်းကိုင်လေ့ရှိသည့် အလေ့အထက အထောက်အကူများစွာ ပေးလေသည်။

ယောက်ျားအများစု၏ မိန်းမသားများအပေါ် ထားရှိသော ကြင်နာယုယမှုဆိုသည်မှာ မိန်းမများအနေဖြင့် မိမိတို့၏ သာယာမှုကို မည်မျှတုံ့ပြန်နိုင်မည်ဆိုသည့် အချက်ပေါ်တွင် အခြေခံ၍ အဆုံးအဖြတ် ပြုကြသည်က များ၏။

ထို့ထက် တိကျစွာ ပြောရလျှင်မူ ယောက်ျားအများစု သည် မိန်းမသားများအပေါ် မကြင်နာတတ်ကြပေ။ မကြင်နာနိုင်ကြပေ။ မိမိ၏ ကိုယ်ကျိုးအတွက် အကျိုးကျေးဇူးမည်မျှ ပေးနိုင်သည်ဆိုသည့် အခြေအနေပေါ်မူတည်၍ မိန်းမသားများအပေါ် အကောင်းအဆိုး တုံ့ပြန်လေ့ရှိကြပေသည်။

ယောက်ျားများ ရိုးရိုးဝန်ခံကြမည်ဆိုလျှင် အမှန်အတိုင်း သိရမည့်အချက်တစ်ခုရှိလေသည်။ ၎င်းကား အခြားမဟုတ်၊ နှစ်အတန်ကြာက ပေါင်းသင်းလာခဲ့ရသည့် သံယောဇဉ်နှင့် သားသမီးအနှောင့်အတွယ် စသည်တို့သာ မရှိလျှင် မိမိတို့၏ ဇနီးများကို အချိန်မရွေး ပျော်ပျော်ရွှင်ရွှင်နှင့် ကွာရှင်းနိုင်ကြသည်ဆိုသော အချက်ပင်ဖြစ်သည်။

ဤနေရာတွင် အမှန်ကိုဝန်မခံသော လူအချို့က ငြင်းဆို



www.burmeseclassic.com

www.burmeseclassic.com



ချက်ကို တရားဝင်စဉ်းစား၍ အမှန်အဖြစ် ယူဆနိုင်လိမ့်မည် မဟုတ်ချေ။

ဤနေရာတွင် ရင်ဖွင့်၍သော ယောကျ်ားတို့အကြောင်းတို့ ပြဆိုသော်လည်း ပြဆိုသည့်အတိုင်းသာ ယောကျ်ားတို့ ထင်ရာ စိုင်းခွင့် ရရှိကြမည်ဆိုပါက ဤလောကဝယ် မိန်းမများ၏ ဘဝ သည် တွေးဝံ့စရာပင် ရှိတော့မည်မဟုတ်ပေ။

ယောကျ်ားသည် လူပင်ဖြစ်သည်။ လူသည် လူ့အသိုင်းအ ဝိုင်း၊ လူ့စည်းကမ်းနှင့် နေထိုင်ရသည့် သတ္တဝါဖြစ်သည်။ လူ့ စည်းကမ်းရှိသည်။ ဖောက်ဖျက်လာလျှင် တရားဥပဒေက ဆုံးမ ရန် အသင့်ရှိသည်။

အတော်အတန် အသိဉာဏ်ရှိသော ယောကျ်ားတို့သည် တရားဥပဒေက ဆုံးမရသည်အထိ မမိုက်မဲတတ်ကြပေ။ မမိုက် မဲဝံ့ကြပေ၊ ဤသို့ မမိုက်မဲသည်မှာလည်း မိမိကိုယ်ကို ချစ်တတ် လွန်းသည် အချက်က လွန်ကဲ၏။

မိုက်ချင်မဲချင်သော်လည်း အသိုင်းအဝိုင်း ကြားထဲတွင် ခေါင်းမဖော်ဝံ့မည်ကို စိုးသည်။ သူ့ဘက် ကိုယ့်ဘက်ဆွေမျိုးအ သိုင်းအဝိုင်းအလယ်တွင် မျက်နှာငယ်မည်ကို ကြောက်သည်။ စစ်စစ်မှန်မှန် ကိုယ်ကျင့်တရား မကောင်းသော်လည်း ဖုံးဖုံးဖိဖိ ကလေး နေတတ်မှုကြောင့် လူကောင်းဟု အများက အသိအ



www.burmeseclassic.com

www.burmeseclassic.com



မှတ်ပြုထားသည့် သရုဖူကို ဆောင်းထားရာသူသို့ ဘီလူးခေါင်း အစစ် အပေါ်မခံနိုင်ပေ။

ဖြစ်နိုင်လျှင် မင်းသားခေါင်းဆောင်းလျက်နှင့် ဘီလူးဇာတ် တိုဆက်၍ ခင်းမြဲခင်းချင်ကြသည်။ ခင်းလည်းခင်းကြသည်။ ယောကျ်ားအများစုသည် ဤနည်းအတိုင်း အိန္ဒြေမပျက်ကလေး စခန်းသွားနေကြသည်။

မိန်းမသားများကို မသိမသာညာနေကြသည်။ ညာမှန်း မသိအောင် ပိပိရိရိ ညာနိုင်ကြသူများလည်းဖြစ်သည်။ ညာ၍ ရမှန်းလည်း သိထားကြသဖြင့် ယောကျ်ားတို့အဖို့ မိန်းမသား များအပေါ် ညာရသည်မှာ အလုပ်မဟုတ်ပေ။

များစွာ မကြိုးပမ်းရပေ။ အိန္ဒြေမပျက်ပေ။ တစ်ခါတစ်ရံ မိန်းမသားများကပင် အကြောင်းမဲ့သက်သက် အစိုးရိမ်လွန်ကာ ယုံထင်ကြောင်ထင် အထင်ခံရသကဲ့သို့ပင် နေပြတတ်ကြသေး၏။ ဟန်ဆောင်တတ်လွန်းခြင်းပင်တည်း။

မိန်းမသားများကား မိမိတို့အပေါ် အထင်မြင်သေးပြီး နှိမ် ချင်သလိုနှိမ်၊ လှည့်ချင်သလိုလှည့်၍ နေကြခြင်းများကို အဟုတ် ကြီးထင်မှတ်ကာ ပျော်နေကြရလေသည်။

စင်စစ်တော့ မိန်းမများသည် ယောကျ်ားတို့က မိမိတို့နှင့် ဆက်ဆံရာတွင် အမြတ်ထုတ်လိုသည့်ဆန္ဒကို အမိကသားကာ



www.burmeseclassic.com

www.burmeseclassic.com



မရှိမသားရှိကြမှန်းမသိမဟုတ် သိကြသည်၊ သို့သော်လည်း သိလျက်နှင့် ယောကျ်ားတို့က ယုတ္တိရှိရှိ ပြောဆိုလှည့်ပတ်လိုက်သောအခါ အရေပျော်ကျသွားပြန်လေသည်။

၎င်းအချက်ကို ယောကျ်ားတို့သည် လေ့နံ့ဓားထစ် သဘောမျိုးပင် မိန်းမနှင့် ယောကျ်ား ဆက်ဆံရာ၌ လက်စွဲအဖြစ် ဆိုလောင်ထားလေ့ရှိကြသည်။ မိန်းမများသည် ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ သာယာနာပျော်ဖွယ် စကားတို့ဆိုလျှင် အများအားဖြင့် ပျော့သွားတတ်ကြောင်းကို ယောကျ်ားတို့က စိုသေနည်းပမာ မှတ်ထားလိုက်ကြပြီဖြစ်သည်။

သည့်ထက်ရှင်းရှင်းဆိုလျှင် ယောကျ်ားတို့သည် မိန်းမအများကို အထင်ကြီးပေ၊ အတွေ့အကြုံအရ အများအားဖြင့် အထင်ကြီးစရာ အကြောင်းများနည်းပါးခဲ့ပေရာ၊ အထင်မကြီးကြသည်မှာ အစော်အတန် သဘာဝကျသည်ဟု တွေးခေါ်ရမည်ဖြစ်သည်။

ယောကျ်ားတို့က မိန်းမများအပေါ် အထင်မကြီးကြသတဲ့သို့ မိန်းမများကလည်း ယောကျ်ားကို အထင်ကြီးအောင် မနေနိုင်ကြ၊ မနေတတ်ကြပေ၊ အရိပ်ပြလျှင် အကောင်ထင်သည့်စမတစ်စုံတစ်ရာ လှုပ်ရှားပြလျှင်ပင် ယိုင်ချင်လာကြသည်၊ လဲချင်လာကြသည်။ အလျော့ပေး၍ သဘောတူလိုက်ချင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်မဟုတ်ကြ။

ယောက်ျားဆိုသော ယောက်ျားကလည်း အကွက်ချောင်းနေကြသူများပီပီ ပိုင်ကွက်တွေ့သည်နှင့် ဇက်ကို အပိုင်ကိုင်လိုက်လေတော့သည်။ မိန်းမများအကြောင်းကို မပြတ်မလပ် လေ့လာနေခဲ့ကြသူများပီပီ မိန်းမများနှင့် ပတ်သက်လျှင် သူတို့အဖို့ အခက်အခဲမရှိလှပေ။

ထင်သည့်အတိုင်းမှန်သည်က များသည်။ မှန်းခြေလည်း ပေါက်ကြသည်။ အတွေ့အကြုံ စုံလင်လာသောအခါ ယောက်ျားတို့အဖို့ မိန်းမသည် အဆန်းမဟုတ်တော့။ ပေါင်းသင်း၍ လာခဲ့ရသည့် အချိန်အတိုင်းအတာအရ သံယောဇဉ်ငြိတွယ်နေသည် ဝဲထား၊ ကိုယ်ရေးကြုံလာသောအခါ မိန်းမသားအပေါ် ငဲ့ညှာလိုစိတ် မရှိလှတော့ချေ။

သည့်ထက် အခြေအနေဆိုးလျှင်မူ လွယ်လွယ်ကူကူ မေ့ပျောက်ရန်လည်း ဝန်လေးသူများ မဟုတ်ပေ။ လောက သဘာဝအရ ဘယ်သူမရှိလျှင် မဖြစ်ဟူ၍ ရှိသည်မဟုတ်ပေရာ ယောက်ျားတို့၏ အမြင်၌ကေန်းသေလျှင် ငွေလာလိမ့်မည်ဟု တွက်ဆထားပြီး ဖြစ်ကြပေပြီ။

မိန်းမအများစုသည် အချိန်တန် အရွယ်ရောက်သည်နှင့် အားကိုးရှာတတ်ကြပေရာ အချို့ဆိုလျှင် အရည်အချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ ထည့်၍မတွက်ဘဲ ယောကျ်ားကို အလွယ်တကူ လက်ခံပြီး ယူလေ့ရှိကြသည်။

ဘ၀ပေးအခြေအနေအရ စဉ်းစားချိန်ဆ၍ စုံစမ်းထောက်လှမ်းနေချိန်လည်းမရ၊ ရစေဦးတော့၊ ချို့ယွင်းချက်များကို ကြားရစေဦးတော့ စားဝတ်နေရေး တံတိုင်းကြီးကို ကျော်လွှားနိုင်ရန်အတွက် တစ်ထစ်လျှော့၍ စဉ်းစားလိုက်ကြရသည်ကများသည်။

ယောကျ်ားတို့သည် မိန်းမသားများဘက်မှ အခက်အခဲကို သိလေ-တင်းလေ ဖြစ်လေတတ်သည်။ မယူချင်နေလေဆိုသည့် တင်းမာသောစကားမျိုးကို ပစ်၍ ကြိုတင်၍နှိမ်ထားတတ်ကြသည်လည်းရှိသည်။ တစ်ကယ် မယူမဖြစ်ကြတော့လည်း ယောကျ်ားဆိုသူတို့သည်လည်း ကြီးကြီးကျယ်ကျယ် မခံစားမိကြ။

ဤသဘောထားမျိုးသည် လူတိုင်းတွင် အများဆုံး ရှိတတ်ကြသဖြင့် မဆန်းဟုဆိုနိုင်သော်လည်း ယောကျ်ားတို့၏ မိန်းမများအပေါ် တန်ဖိုးထားပုံမှာ ပေါ့လွန်းသည်။ အချို့ဆိုလျှင် တင်းရွက် ကန်စွန်းလောက် နီးပါးတန်ဖိုး ထားကြသည်။ အကြောင်းမဲ့ ဖျက်ဆီးသောဖြစ်ရပ်များကို ကြည့်လျှင် ဤအချက်သည် ထင်ရှားပေသည်။

မိမိတို့၏ ခဏသာယာရေးအတွက် မိန်းမတစ်ယောက်၏



www.burmeseclassic.com

www.burmeseclassic.com



အဝတို ဖျက်ဆီးပံ့သည့် စိတ်ဓာတ်သည် သာမန်ကိုယ်ကျိုးကြည့်မှုတစ်ရပ် မဟုတ်နိုင်ချေ။

ဝါသနာ ဗီဇအရ ပျော်ပါးလိုမှုဖြင့် ပျက်စီးနေကြသော မိန်းမစားမျိုးများနှင့် ကြုံဖြစ်တော့လည်း ကြုံသည့်အလျောက် မီးစင်ကြည့်၍ ကကြဖြစ်သည်။ တောရုံစိတ် လွင်နေလျှင်မူ ပို၍လွင့်ချင်လာအောင် လှုံ့ဆော်ပေးတတ်ကြ၏။

ယောက်ျားတို့၏ အားလပ်ချိန်သည် တစ်စုံတစ်ယောက်သော မိန်းမသား ပျက်စီးစေရာ ဖြစ်ပေါ်စေတတ်သည်ဟု ဆိုရမလို ဖြစ်ရပ်သက်သေများက ရှိနေခဲ့လေသည်။ ဖြစ်ပေါ်ဆဲ ဖြစ်ပေါ်လတ္တံ့ အရိပ်အယောင်များကလည်း မဆုံးသေး။

မိန်းမများနှင့် ရောယှက်၍ ပေါ်ပေါက်လာသော သာယာမှုကို ခံစားရသည့် ကိစ္စအတွက် ယောက်ျားတို့၏ ပြုမူချက်များကား နက်နဲကျယ်ပြန့် လွန်းသည်နှင့်အမျှ ဘယ်တော့မှလည်း ဆုံးခန်းတိုင်တော့မည် မဟုတ်ပါချေ။

❀



www.burmeseclassic.com

www.burmeseclassic.com



## အကြံသမား

ယောက်ျားတို့ စိတ်ထဲ (ခေါင်းထဲ)အမြဲရောက်နေလေ့ရှိသော လှုံ့ဆော်ချက်တစ်ခုရှိလေသည်။ ၎င်းကား အခြားမဟုတ်၊ မိမိ၏ဇနီးမယားမဟုတ်သူများနှင့် ထင်သလိုနေခွင့်ရချင်စမ်းပါဘိဆိုသည့် ချဉ်ခြင်းပင် ဖြစ်၏။

"ကိုယ့်မိန်းမကလွဲရင် တစ်ခြားမိန်းမ ဘယ်မိန်းမလာလာ လာစမ်း"ဟု စိမ်ခေါ်သောယောက်ျား တစ်ယောက်ကို တွေ့ခဲ့ဖူးလေသည်။

ထိုယောက်ျားသည် သူပြောသည့်အတိုင်းပင် ရှေ့နောက်မစဉ်းစား၊ မည်သူ့မယားကိုမျှ မရှောင်ဘဲ လက်တဲ့စမ်း၍ ရသရွေ့မိန်းမများနှင့် ပျော်ပါးသည်ကို တွေ့ဖူးလေသည်။

သည်ဘက်တွင် သန့်သည်ဟုဆိုရလောက်အောင် အမျိုးမျိုးကြံ၍ စည်းစိမ်ခံစားသည်ကိုလည်း သတိထားမိ၏။ ထိုယောက်ျားမျိုးသည် ရည်ရွယ်ချက်မယ်မယ်ရရ မရှိသည်ကို လေ့လာတွေ့ရှိသည်။

ဤအချက်သည် အရေးကြီး၏၊ အိမ်ထောင်ရှင်အများစု



www.burmeseclassic.com

www.burmeseclassic.com



သည် ခိုင်လုံသောအလုပ်မှ ဝင်ငွေကလေးရသည်နှင့် ရှေ့တက်လမ်းတို မရှာတော့သည်က များသည်။

ထိုအခါ ခေါင်းထဲသို့ မကောင်းသည့် အတွေးမျိုးစုံ ဝင်လာလေ့ရှိသည်။ ထိုဝင်လာသည့်အတွေးဆိုးကို မထိန်းသိမ်းနိုင်ပါမူ ထိုယောကျ်ားသည် နွားသိုး ကြိုးပြတ်သည့်ပမာ မိန်းမများကို ဒုက္ခပေးလေတော့သည်။

ဒုက္ခပေးသည်ဆိုသော်လည်း ချဉ်းကပ်သည့်နေရာတွင် လိမ္မာပါးနပ်သဖြင့် မသိသာပေ။ နှစ်ဦးနှစ်ဖက် ကျေနပ်သည့် အဆင့်မျိုးသို့ ရောက်အောင် နည်းပရိယာယ် အမျိုးမျိုးဖြင့် ကြိုးစားနိုင်သဖြင့် မိန်းမကပင် လွန်သယောင်ယောင် ထင်ရသည်။ ပြောကြသည်။ စွပ်စွဲကြသည်။

ဤနေရာတွင် မိန်းမများ နုံ့ပုံ၊ အ,ပုံ၊ မလိမ္မာပုံ၊ လိုက်လျောလွယ် လွန်းကြပုံတို့သည် ဖုံးကွယ်၍ မရအောင် ပေါ်လာပေတော့သည်။

ယောကျ်ားတို့သည် လူနာ မျက်ဖြူ ဆိုက်လေ, ဆရာကြိုက်လေ, ဆိုသကဲ့သို့ အ,လေ- ကြိုက်လေ, နုံလေ သဘောကျလေပင် ဖြစ်သည်။

အကြံသမားပီပီ မိမိအတွက် နစ်နာမှုမရှိအောင် အတတ်နိုင်ဆုံး ကြိုးပမ်းထားမည်ဖြစ်သည်။ စီစဉ်ထားမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှုးထားမည်ဖြစ်သည်။

ထိုယောကျ်ားမျိုးသည် အခြားလူမှုရေးကိစ္စရပ်များ၌ ဆတ်ဆံရေး ပြေပြစ်၍ မတရားမှုမပြုလုပ်သူတစ်ယောက် ဖြစ်တောင်းဖြစ်နေမည်။

သို့ရာတွင် ' . . . ကာမဂုဏ်ခံစားရသည်ဆိုလျှင်မူ . . . ဘာကိုမျှ စဉ်းစဉ်းစားစား လုပ်နိုင်ဖို့ မရှိနေပ။ ဤကိစ္စမျိုးနှင့် ပတ်သက်လာလျှင် အားလုံး တရားသည်ဟူ၍ သူ့ကိုယ်သူ လှည့်စား၍နေဖို့ ရှိသည်။

သူ့အလွန်မရှိအောင် အမျိုးမျိုး ကာကွယ်၍ ပြောဆိုမည့် အပြင် ယင်းပြဿနာအတွက် ဗူးလုံးနားထွေး စဉ်းစား၍ ယင်းသို့ပင် မပြတ်မသား ပြုလုပ်မည် ဖြစ်သည်။

ဤပြဿနာမျိုးနှင့် ပတ်သက်၍ ပြောလေ့ပြောထရှိသည့် စကားလုံးနှင့်ပြောရလျှင် 'မှန်' နေခြင်းပင် ဖြစ်၏။

သူ့အဖို့ မကောင်းမှု ဒုစရိုက်ပင် ဖြစ်ငြားသော်လည်း လတ်တလောအရ အဆင်ပြေကာ သာယာ ကြည်နူးဖွယ် အခြေအနေမျိုးဖြစ်၍ နေချင်နေမည် ဖြစ်သည်။

သူများတွေလည်း ဤကဲ့သို့ပင် လည်သလို စားနေကြသည်ဟူ၍ တွေးထင်ကောင်း တွေးထင်ထားမည် ဖြစ်သည်။

ဤလိုအကြံသမား မိန်းမကိစ္စနှင့်ပတ်သက်၍ အကြံကြံနေ



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့်အမျှ ရလည်းရတတ်သည်။ တွေ့လည်း တွေ့လွယ်သည်။ မရှိမရှား လူစားမျိုးဟု ခေါ်ဆိုရလောက်အောင်ပင် တစ်နည်းမဟုတ် တစ်နည်း ဆိုသလို သူ့အတွက်အကွက်အကွင်း ရှိနေမည် ဖြစ်သည်။

နောင်ခါလာ နောင်ခါရေးဟူ၍ သဘောပိုက်သူမိမိ မတောင်းမှုထဲ ပျော်ပိုက်တာ သူ့ အောင်မြင်မှုအတွက် ကျေနပ်အားရနေသည်က များ၏။

ဤလိုအကြံသမား ယောကျ်ားများသည် နေရာတကာတွင် ရှိသည်၊ လူပျိုထက် အတွေ့အကြုံ အတော်အတန်စုံလင်သည့် လူအိုက ပို၍များ၏။

သူတို့သည် ချက်ဆိုနားကွက်က မီးတောက်လောက် အောင် မြင်တတ် ထွင်တတ်ကြသူများတည်း။

မည်သို့အကွက်ဆင်လျှင် မည်သို့ဖြစ်လာနိုင်မှန်း ကြိုတင်၍ အနီးကပ်ဆုံး မှန်ကန်အောင် တွက်ဆနိုင်သည်။ မိမိ၏ စက်ကွင်းထဲသို့ ဝင်အောင် ကြံဖန်နိုင်ကြသည်။ လက်ရှိအနေအထားအရ မိန်းမသားဖြစ်သူအဖို့ နစ်နာနေမည်မှာ သေချာသော်လည်း အကြံသမားသည် ယင်းအထိ မစဉ်းစားသည်က များ၏။

သူ စဉ်းစားသည်မှာ မြွေလည်းမသေ တုတ်လည်း မကျိုးရေးဖြစ်သည်။ ဆိုလိုသည်မှာ . . . မိမိအတွက် နာမည်မပျက်ရေးဖြစ်သည်။ ကျူးလွန်မှုကြောင့် အကောင်အထည်ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



လျက် တစ်နည်းမဟုတ် တစ်နည်းဆိုသလို တာဝန်ရှိလာခြင်း ဖြစ်၍ ယင်းသို့ တာဝန်မရှိလာရေးသာ အကြံသမားတို့၏ အဓိကတ ပန်းတိုင်ဖြစ်သည်။

ငွေရေး ကြေးရေး သုံးစွဲနိုင်သော အကြံသမားဆိုလျှင် ဤကိစ္စသည် အင်မတန် လွယ်ပေသည်။ ငွေလည်း အရာရာတို မဖန်တီးနိုင်သော်လည်း မကောင်းမှု ကိစ္စရပ်များကို ဖုံးဖိရာ၌ လက်တလောတွင် အလွန်ပင် ထိရောက်သောအရာဖြစ်သည်။ အကြံသမားတိုင်းသည် ငွေသုံးနိုင်ကြသည်မဟုတ်ပေ။ အချို့တ ဟန်နှင့်ဟား၏။ အချို့က လေနှင့်စား၏။ အချို့က ရုပ်ရည်နှင့် စား၏။ အချို့က ဂုဏ်အရှိန်အဝါကို ဗန်းပြ၍ စားလေသည်။

မည်သို့ဖြစ်စေကာမူ အကြံသမားတို့၏ အဓိကပန်းတိုင် ကား ကိုယ်ကျိုးရဖို့ပင်ဖြစ်သည်။ ဤကိစ္စသည် သံယောဇဉ်နှင့် မဆိုင်ပဲ သွေးသားပြဿနာသာ ဖြစ်ဝေရာ အကြံသမား တစ်ယောက်အဖို့ တစ်ဖက်မှ မိန်းမသားအပေါ် ညှာညှာတာတာ စဉ်းစားရန် အစီအစဉ် မရှိသလောက်ပင် ဖြစ်သည်။

ရက်စက်စရာရှိလျှင် ပြောင်ပြောင်တင်းတင်းပင် ရက်စက် လေ့ရှိကြသည်။ အချို့ကလည်း အဓာဝလျှင် ဌာနပြန်ခြင်းအား ဖြင့် ဘေးကင်းသည်ဖြစ်ပေရာ၊ လိမ္မာပါးနပ်စွာ ဌာနပြန်သည်။ ခြေရာလည်းဖျောက် ရေလည်းနောက်၍ ဇာတ်သိမ်းပစ်ကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မိန်းမသားများသည် ငါးစာကိုသာ မကြည့်ဘဲ ငါးမျှားချိတ်ကို သတိထားရန်လည်း အလွန် လိုအပ်လှပေသည်။

အကြံသမားသည် မိန်းမသားတစ်ယောက်၏ သွေးသားတို့ မျိုဝါးရန် ချဉ်းကပ်ရာတွင်အလွန်ပင် ပိရိစွာ ကြံစည်နိုင်ကြသူများဖြစ်သဖြင့် မည်မျှသတိထား၍ ပါးနပ်သည့် မိန်းကလေးပင်ဖြစ်စေ၊ တစ်ချက်မဟုတ် တစ်ချက်ဆိုသလို အငိုက်မိသွားလေ့ရှိသည်။ အကြံသမားဆိုသူကလည်း ယင်းအချက်ကို သတိထား၍ ပိုင်အောင်ကြံလေ့ရှိသည်။

မိန်းမသားဟူသည် ယောကျ်ား၏ ထောင်ချောက်ထဲသို့ ဝင်မိပြီဆိုသည်နှင့် ပြန်၍အဖတ်ဆယ်ရန် မလွယ်တော့ပေရာ အကြံသမားသည် ထို ထောင်ချောက်ထဲသို့ မရောက်ရောက်အောင် နည်းအမျိုးမျိုးဖြင့် မောင်းသွင်းတတ်ကြသည်။

ကာယကံရှင် မိန်းကလေး၏အကြိုက်ကို အတတ်နိုင်ဆုံးလိုက်လျောကာ သူ၏ သဘောတူညီချက်ကို ရအောင်ယူ၍ အပိုင်ကိုင်သည့်နည်းပင် ဖြစ်၏။

အကြံသမား ယောကျ်ားသည် ဤကိစ္စမျိုးနှင့် ပတ်သက်သလျှင် အထူးပင် စိတ်ရှည်သည်ကို လေ့လာ တွေ့ရှိရမည်ဖြစ်လေသည်။

❋



www.burmeseclassic.com

www.burmeseclassic.com



## ယောကျ်ားတို့၏ စကားဝိုင်း

မိန်းမများစုမိလျှင် အတင်းအဖျင်းပြောလေ့ ရှိသည်ဟူသောအချက်သည် ထင်ရှားလေသည်။ ထို့အတူ လူသိများသော ယောကျ်ားတို့၏ စကားဝိုင်းတွင် မိန်းမများအကြောင်း မိုးမွှန်အောင် ပြောလေ့ရှိကြပုံသည်လည်း လူသိများ၏။ အလုပ်ဇောတိုက်၍ အလုပ်ကိုင်အကြောင်းကိုသာ စိတ်ဝင်စားသော ယောကျ်ားတို့အား လူနည်းစုဖြစ်သည်။ အလုပ်အကိုင် အပေါ် စိတ်ဝင်စား၍ အလုပ်ကို အလုပ်နှင့်တူအောင် လုပ်ကြသူများ ထဲ၌လည်း အများစုသည် စကား စပ်မိကြလျှင် မိန်းမအကြောင်း ဆီသို့ ဦးတည်လေ့ ရှိကြသည်။

ဆုံမိသူများသည် ရင်းနှီးကြသူများဖြစ်လျှင် ပိုမို၍ ခံစွင်းတွေ့တတ်ကြသည်။ စကားစုံ၍ ပြဿနာလည်း စုံ၏။ ထိုစကားဝိုင်းထဲတွင် တင်ပြကြရာ၌ အသီးသီး တူညီသော အချက်တစ်ရပ်ရှိသည်။ ၎င်းကား အခြားမဟုတ်။ အိမ်သူသက်ထား အပေါ် ငြီးငွေ့နေကြသည်ဆိုသည့် အချက်ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့မှာ နေရာတကာ ဝင်စွက်လွန်းသဖြင့် စိတ်ကုန်ပြီး ငြီးငွေ့သည်။ အချို့က အပြုအစုညံ့၍ ငြီးငွေ့သည်။ အချို့က အလိုက်မသိ၍ ငြီးငွေ့သည်။ အချို့က သွေးသားအရ ညားစ တလောက် ဆွဲဆောင်မှုမရှိတော့သဖြင့် ငြီးငွေ့သည်။

အချို့က ဆွေမျိုးအသိုင်းအဝိုင်းများနှင့် အဆင်မပြေသဖြင့် ငြီးငွေ့သည်။ ယင်းသို့ငြီးငွေ့ပုံငြီးငွေ့နည်းများနှင့် ပတ်သက်၍ အမျိုးမျိုးကွဲပြားမှုများ ရှိကြသော်လည်း အများအားဖြင့်မူ ယောကျ်ားတို့သည် ယူစကလောက် သွေးသားအရ ကျေနပ်မှုကို မပေးနိုင်စွမ်းသဖြင့် ငြီးငွေ့ကြသည်က များ၏။

စကားပိုင်းများတွင် ဤပြဿနာသည် အဓိကနီးပါးတျ တတ်သည်။ လူမှုရေးစည်းကမ်းအရသာ ရှုပ်ပျက်ဆင်းပျက် မချိုးဖောက်ကြသော်လည်း ယောကျ်ားတို့အဖို့ ဤပြဿနာကို နည်းအမျိုးမျိုးဖြင့် ဖြေဖျောက်ရန် ကြံစည်အားထုတ်ကြသည်ကို တွေ့ရသည်။

မယားသေဆုံးသွားပြီးနောက် သမီးအရင်း (အကြီးဆုံး) ကို မယားအဖြစ် ပေါင်းသင်းသည့် ယောကျ်ားကြီးတစ်ယောက် ကိုဝင် တွေ့ခဲ့ရဖူးလေသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံအရ တော်ရုံလူပြုဝံ့သည့် ကိစ္စမျိုး မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပေ။ နှမအရင်းကို ပေါင်းသင်းလျှင်ပင် လူမှုရေးစည်းကမ်းအရ လွန်လှပြီဖြစ်၏။

ယခုမှု ကြားရသူတိုင်းအဖို့ မိုးကြိုးပစ်သံကို ကြားရသကဲ့သို့ သမီးအရင်းကို ဖအေအရင်းက ပြန်ယူသည်ဆိုသည့် ပြုမူချက်မှာ လူမှုရေးသမိုင်းတွင် အရိုင်းပြဆုံး စည်းကမ်းချိုးဖောက်မှုပင် ဖြစ်ပေသည်။ အလားတူ ကြုံရခဲ ကြားရခဲသော သတင်းစကားမျိုးကို ယောကျ်ားတို့၏ စကားဝိုင်းတွင် အများကြားရမည်ဖြစ်သည်။

ခယ်မကို ရအောင်ဆွယ်သည့် ကိစ္စသည် ခယ်မရှိသော အိမ်ထောင်ရှင် ယောကျ်ားအဖို့ ဇာတ်ကယ့် သဲထိတ်ရင်ဖို ပြဿနာဖြစ်သည်။ ခယ်မ အပျိုပါသော အိမ်ထောင်ရှင် တစ်ယောက်သည် အခြားမပါသည့် ယောကျ်ားတို့ထက် မျက်နှာပွင့်တတ်ကြသည်။

ခယ်မကို ညီမလိုသဘောထားပြီး ကိုယ့်စည်းနှင့်ကိုယ်နေသည်ကို သိရကြားရပြန်လျှင်လည်း ထိုယောကျ်ားကို အခြားအပေါင်းအသင်းများက လူနုံ၊ လူအ အဖြစ် ဝိုင်းဝန်းရှုံ့ချလေ့ရှိကြသည်။ သည်လောက်ပဲ ညံ့ရသလားဟု အားပေး အားမြှောက်ပြုကြသည်။

စိတ်ရင်းစေတနာအရ စောင့်ထိန်းသင့်သည်ထင်၍ စောင့်



www.burmeseclassic.com

www.burmeseclassic.com



ထိန်းသူဆိုလျှင်လည်း မကျူးလွန် ကျူးလွန်ချင်အောင် မြှောက်ပင့်ပေးကြသည်။

သည်လိုအခွင့်အရေးမျိုး လူတိုင်းမရ၊ ကုသိုလ်ကံကောင်း၍ ရသဖြင့် အခွင့်အရေးလက်လွတ်မခံရန် ဆွယ်တရား ဟောလေ့ရှိကြသည်။ အချို့တကယ် ရိုးသားသူဆိုလျှင် မည်သို့ မည်သို့ အစပျိုးရပုံတို့ကိုပါ စာရင်းဖယားချ၍ ကူညီလေ့ရှိကြသည်။

အများအားဖြင့်မူ ယောကျ်ားတို့သည် ခယ်မကိစ္စနှင့် ပတ်သက်လာလျှင် (မိန်းမကို အလွန်အမင်းမကြောက်ရလျှင်) ကျွမ်းကျင်ပြီးသားဖြစ်သည်။

ဆယ့်နှစ်ကြိုးအောင်ပြီးသားဖြစ်သည်။ ဘယ်လိုအကွက်ဆိုက်လာလျှင် ဘယ်သို့ ပြုမူလိုက်ပါက တစ်ခါတည်း ကိစ္စပြီးနိုင်ပုံတို့ကို ကျင်လည်ပြီးသားဖြစ်၏။ ယောကျ်ားတစ်ရာတွင် ကိုးဆယ်ကိုးယောက်သည်လည်း ခယ်မပါလျှင် ခယ်မကို အသုံးမချဘဲ သည်အတိုင်း လစ်လျူရှုထားခဲလှသည်။

မယားမသိအောင် အသုံးချ၍ရအောင် ပထမ ကြိုးစားလေ့ ရှိကြသည်။ အရေးကြီးသည်မှာ ခယ်မက မိမိဘက်သို့ ပါဖို့တည်း။ အချို့ မယားအပေါ် နိုင်ရသူဆိုလျှင် ခယ်မကို အပိုင်စီးရေးသည် ထမင်းစားရေသောက် ပြဿနာလောက်ပင် အတွေ့အခဲ မရှိပေ။ ငွေရေးကြေးရေးနှင့် ရာထူးဌာနန္တရ ဩဇာကြီးမား



www.burmeseclassic.com

www.burmeseclassic.com



သူများ ဖြစ်ပါမူ ဤကိစ္စသည် အလွန်အဆင်ပြေလှ ရှိကြ၏။

ခယ်မအပေါ် အမြတ်ထုတ်သည့် ကိစ္စများ၌ ပထမ အတည်မကြံကြသော်လည်း အကြောင်းကြောင်းကြောင့် တိတိ လင်းလင်းယူလိုက်ရသည်လည်း ရှိသည်။ အချို့က ဂုဏ်သိက္ခာ ကြောင့် နားလည်မှုယူကာ စခန်းသွားတတ်သည်။

ပို၍ဆိုးသော ဖြစ်ရပ်မျိုးကား လင်ရှိမယား၊ မရီး စသည် တို့ကို ကျူးလွန်နေခြင်းပင် ဖြစ်၏။ ဤကိစ္စမျိုးတွင် နှစ်ဦး သဘောတူမှုဖြစ်နိုင်၍ နှစ်ဦးစလုံးတွင် အပြစ်သည် မှန်သော် လည်း အစပြုသူမှာ ယောကျ်ားဖြစ်သည်။ မိန်းကလေး တစ် ယောက်အဖို့ ယောကျ်ားတစ်ယောက်အပေါ် မည်သို့ပင်ချစ်နေ စွဲလမ်းနေစေကာမူ အများအားဖြင့် စခွင့်မရကြပေ။

ယောကျ်ားကစမှ ဖြစ်ရသောကိစ္စတည်း။ ယောကျ်ား တစ်ယောက်သည် သူ့မရီးကို စသဖြင့် မရီးက ပါလာပြီးနောက် မှားချင်တိုင်း မှားနေသည်ကို တွေ့ခဲ့ရဖူးလေသည်။

ထိုလူသည် စဉ်းစားဆင်ခြင်နိုင်သော အသိဉာဏ်ရှိ၏။ မကောင်းမှုမှန်းလည်း သိသည်။ သို့ရာတွင် လွယ်လွယ်ရ၍ လွယ်လွယ် မှားနေခြင်းလည်း ဖြစ်သည်။

မယားအပေါ် ငြီးငွေ့လွန်းသဖြင့် အပြောင်းအလဲသဘော ဖြင့် စခန်းသွားနေခြင်းလည်း ဖြစ်သည်။ ထိုသတင်း စတား



www.burmeseclassic.com

www.burmeseclassic.com



များသည် သူ မပြောလျှင် အခြားသူများ သိနိုင်သောကိစ္စမဟုတ်။

သို့ရာတွင် ယောကျ်ားတို့ စကားဆုံမိကြသောအခါ မိန်းမများ စိတ်မချပုံ၊ ယောကျ်ားမသိဘဲ ဖောက်ပြားချင်တိုင်း ဖောက်ပြားပုံ၊ မိန်းမများ ကြောက်စရာကောင်းပုံတို့ကို ပြောဆိုရာမှအစ ယင်းအကြောင်း ယင်းဇာတ်လမ်းများပေါ်၌ လူသိသူသိလာရခြင်း ဖြစ်သည်။

ယောကျ်ားတို့၏ စကားဝိုင်းသည် ဖော်ပြပါအတိုင်း ဖိုမကိစ္စပြဿနာမျိုးစုံကို ကြားရ၏။

ထို့ထက် အတွင်းကျကျ အကြောင်းအရာမျိုးစုံလည်း ပါသည်။ ပြည့်တန်ဆာအကြောင်း၊ ကြိုက်လျှင် လိုက်လျောတတ်သည့် မိန်းမများအကြောင်း၊ ဖောက်ပြားနေသော အိမ်ထောင်ရှင် အမျိုးသမီးများအကြောင်း ရပ်ကွက်ရှိ မိန်းမပျိုများအကြောင်း စသဖြင့် အဇော်စုံလေသည်။

❋



www.burmeseclassic.com

www.burmeseclassic.com



## အသည်းနုသော ယောကျ်ားများ

ယောကျ်ားဆိုသော်လည်း စိတ်သဘောထား နူးညံ့ပြီး မိန်းမသားများလောက်ပင် စိတ်ခံတတ်မခိုင်မာသူ အများအပြား ရှိလေသည်။ သူတို့သည် စိတ်ထားကောင်းသူများ ဖြစ်တတ်ကြ ပြီး အချစ်ရေးနှင့် ပတ်သက်လာလျှင် အထင်ကြီးစရာ အခြေ အနေမရှိပေ။

သူသည် အလှအပနှင့် သာယာမှုစသည်တို့အပေါ် သံယောဇဉ်ကြီးလေ့ရှိသလောက် ဝမ်းသာ ဝမ်းနည်းခြင်းစသည့် ဖြစ်ရပ်မျိုးများနှင့် တွေ့ကြုံရသည့်အခါ တုန်လှုပ်လွယ်၏။ ဆိုလိုသည်မှာ စိတ်ကို မထိန်းနိုင်ကြပေ။ ဝမ်းသာစရာရှိလျှင် ဝမ်းသာလိုက်ကြသည်။ ဝမ်းနည်းစရာရှိလျှင်လည်း ဝမ်းနည်း လိုက်ကြသည်။

အထူးသဖြင့် တစ်ဖက်သားအပေါ် အားနာလွယ်သူများ ဖြစ်သည်နှင့်အညီ တစ်ဖက်သား၏ အလိုဆန္ဒကို ဖြစ်နိုင် သလောက် ဖြည့်တင်းလိုစိတ် ရှိတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ ထိုယောက်ျားမျိုးတွင် အိမ်ထောင်ရှိသည်ပဲထား၊ အခြား မိန်းမပျိုတစ်ယောက်က သူ၏တစ်စုံတစ်ရာသော အရည်အချင်းကို သဘောကျသဖြင့် ယိမ်းညွတ်ချင်ခဲ့ပါမူ သူသည် မိန်းမပျို၏ဆန္ဒပြည့်ဝစေရန် မိန်းမပျိုနှင့် နီးစပ်အောင် ကြံဖန်ချင်စိတ် ပေါ်ပေါက်လာလေ့ ရှိသည်။

ဤနေရာမျိုးတွင် ကိုယ်ကျိုးပါမည့်ဖြစ်သော်လည်း သူတို့၏ စိတ်ဓာတ်အယူအဆသည် ထူးခြားလေသည်။ သူတို့သည် အများအားဖြင့် စိတ်ကောင်းရှိတတ်ပြီး လိုသည်ထက်ပို၍ အားနာတတ်လွန်းကြသည်။

ထိုအားနာတတ်လွန်းခြင်းသည် တစ်ခါတစ်ရံ သူ့ဘဝကို ကောင်းကျိုးမပေးသည်ကို သိလျက်နှင့် ယင်းအကျင့်ကို မစွန့်လွှတ်နိုင်ဘဲရှိသည်ကို တွေ့ရ၏။

ဥပမာ လင်ရှိမယားတစ်ယောက်က ထိုယောက်ျားအပေါ် စိတ်ယိုင်မိသည်ဆိုပါစို့၊ အမျိုးသမီးသည် မိမိကို ချစ်ရမှ စိတ်ချမ်းသာမည်ကို သိရသဖြင့် ထိုအမျိုးသမီး စိတ်ချမ်းသာစေရန် အလိုလိုက်၍ မှားမိမည်ဆိုပါက ပြဿနာ ရှုပ်ထွေးသွားမည်ဖြစ်သည်။

အမှန်စင်စစ် ထိုယောက်ျားမျိုး၏ စိတ်ဓာတ်သည် သစ္စာမှု မလွန်ကဲသော်လည်း မဟုတ်သည့် မဖြစ်သင့်သည့် နေရာတွင် ဖြစ်အောင်လိုက်လျောနိုင်အောင် ကြိုးစားမိသော



www.burmeseclassic.com

www.burmeseclassic.com



အမှားကြောင့် ယုတ်မာသလို ဖြစ်သွားလေ့ရှိ၏။

သူတို့၏ စိတ်အရည်အချင်းသည် အဆင့်အတန်း မနိမ့်သော်လည်း မဟုတ်သည့်နေရာမျိုး၌ အားနာတတ်ခြင်းကြောင့် နာမည် ပျက်ရလေ့ရှိ၏။ ဘဝအရည်အသွေး ရှိသင့်သလောက် ရှိမည်ဖြစ်သည့်တိုင်အောင် ယင်းကိစ္စမျိုး၌မူ မှန်ကန်စွာ ဆုံးဖြတ်နိုင်ခြင်း မရှိချေ။

သူတို့သည် စိတ်နုသူများပီပီ သဘောလွယ်လွန်းသည်။ တစ်ခါတစ်ရံ၌ ယောကျ်ားတစ်ယောက်နှင့်ပင် မတူပဲ အလျှော့ပေးတတ်ကြသည်။ သနားတတ်လွန်း၊ ယုံလွယ်လွန်း၊ ကြင်နာတတ်လွန်းကြသည်။ လူတိုင်းလိုလို မိမိလိုပင် စိတ်ကောင်း ထားနိုင်ကြလိမ့်မည်ဟု ယူဆကာ အမှားမြောက်များစွာကို ပြုလုပ်တတ်ကြသည်။

ချစ်ရေးကိစ္စ၌ သူတို့သည် လူယုတ်မာဆန်ဆန် မကျင့်ကြံတတ်ကြသော်လည်း စိတ်နုသူများပီပီ၊ အလှအပနှင့် သာယာမှုများအပေါ် သံယောဇဉ်ထားတတ်သူများပီပီ စိတ်ကူးယဉ်တတ်လွန်းကြသည်။ စိတ်ကြိုက်တွေ့မိသည့် မိန်းမသားတိုင်းကို ချစ်ရလျှင် စိတ်ချမ်းသာလိမ့်မည်ဟု ထင်တတ်ကြသည်။ ချစ်မိသလောက် ယူနိုင်ရေးအတွက်ကျိတ်၍ ကြံစည်တတ်ကြသူများသည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် စိတ်နေသလောက် ဤကိစ္စမျိုး၌ မဆင်ပြေသည်တာ များသည်။ ချစ်ရေးကိစ္စများ၌ ဇာအောင်မြင်လေ့ ရှိကြသည်။ အများအားဖြင့် သူတို့၏ရုပ်ရည်သည် တင့်တင့် တယ်တယ် ရှိတတ်သည်။ အထူးသဖြင့် မိန်းမကြိုက်ရုပ်မျိုး ရှိတတ်သည်။ သို့မဟုတ်လျှင်လည်း မိန်းမများ အနေဖြင့် အထင်ကြီးနိုင်သော အရည်အချင်းတစ်ရပ်ရပ် ရှိသည်။

လူပီပီ တစ်ခါတစ်ရံ တာဝန်တစ်ရပ် လုံးဝမယူဘဲနှင့် ကြုံလျှင်ကြုံသလို အမြတ်ထုတ် ပျော်ပါးပြီး နေတတ်သလို နေလိုက်ချင်စိတ် ပေါ်ပေါက်လေ့ရှိသော်လည်း တကယ့် အရေးအခင်းတွင်မူ ပစ်ပစ်ပယ်ပယ်ကြီး မရက်စက်ဝံ့ကြပြန်ပေ။

စိတ်ရင်းကောင်းသူများဖြစ်သဖြင့် မိမိတို့ကသာ အနစ်နာခံလိုက်ချင်သော ဆန္ဒက ပြင်းပြ၍နေလေ့ရှိသည်။ တစ်ဖက်ကသာ စိတ်ချမ်းသာမည်ဆိုလျှင် အစွမ်းကုန်ဖြစ်နိုင်သလောက် လိုက်လျောလိုက်ချင်သည်ထက် လိုက်လျောခဲ့သည့် ဖြစ်ရပ်များလည်း ရှိပေသည်။

တစ်ခါက ယောကျ်ားပျိုတစ်ယောက်သည် မိန်းမပျို နှစ်ယောက်ကို ယူရတော့မည့် အခြေအနေတစ်ရပ်ကို ကြုံရ၏။ နှစ်ယောက်စလုံးက တစ်ပြိုင်တည်း ယူထားသည့်ပုံစံမျိုးကို လက်ခံရန်ဆန္ဒ မရှိကြသော်လည်း ထိုနှစ်ယောက်စလုံးသာ ယောကျ်ားပျိုအပေါ် သံယောဇဉ်ကြီးနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေကို ယောကျ်ားပျိုက နှစ်ယောက်စလုံးတို တစ်ပြိုင်တည်း ယူထားလိုက်ရန် လုံးပမ်း၏။ ငွေကြေးလောက် ငှမ္မအတွက် အလုပ်ကို ခါတိုင်းထက်ပိုလုပ်ပြီး အစစ အရာရာ ချွေတာရန် စိတ်ဆုံးဖြတ်လိုက်သည်။ စင်စစ် သူ၏ အခိတ ရည်ရွယ်ချက်သည် သွေးသားကိစ္စကို ထင်တိုင်းကြဲနိုင်ရန် လတ် လှမ်းမီသမျှ ဖမ်းဆွဲထားလိုက်ခြင်းမျိုး မဟုတ်ချေ။

မိမိပယောဂပါပြီး ဤအခြေအနေမျိုး တွေ့ကြုံလာရခြင်း အပေါ် စာနာစိတ်လွှန်ကဲကာ လာမည့်အေးကို ပြေး၍ တွေ့ လိုက်ခြင်းမျှသာ ဖြစ်၏။

ထိုယောကျ်ားပျို၏ စိတ်ခါတ်သည် လူ့သဘာဝအရ သာချင် စံချင်သော်လည်း တကယ့်ကိစ္စမျိုးကြုံရသည့်အခါ အမှန်နှင့် နီးစပ်နိုင်သမျှ နီးစပ်အောင် ကြိုးပမ်းလုပ်ဆောင်လေ့ ရှိသည်။ ကိုယ်ချင်းစာလွယ်သည်။ သူတို့၏ ဘဝသက်တမ်း တစ်လျှောက်တွင် စိတ်ကူးယဉ်မှုများနှင့် ထွေးလုံးရစ်ပတ်တာ သာယာမှုကို ရှာကြလေ့ရှိသည်ကို တွေ့ရမည်ဖြစ်၏။

သူတို့သည် စိတ်နူသူများပီပီ စိတ်ကူးယဉ်သည့်အရသာ လောက်နှင့် ကျေနပ်ပြီး အချိန်ကုန်သွားသည်လည်း ရှိသည်။ အမှန်ကို အဖြစ်နိုင်ဆုံး ချင့်ချိန်၍ တစ်ဖက်သားမနစ်နာစေရ ထည့်သွင်းစဉ်းစားလေ့ ရှိကြသူများဖြစ်၍လည်း မနိုင်သည့် တာဝန်ကို ဇွတ်တိုးပြီးထမ်းရွက်ရန် မကြိုးစားကြချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူတို့သည် စံပြယောကျ်ားမျိုးများဟု မဆိုနိုင်သည့်တိုင် အောင် မိန်းမသားများအပေါ် ရက်စက်နိုင်လွန်းကြသူများကား မဟုတ်ပေ။

စိတ်ဓာတ်သည် မတည်ငြိမ်လှဘဲ ခံစားချက်အရ တစ်ဖက်စွန်းကို ရောက်ရှိသွားတတ်သောကြောင့်သာ မမှားသင့်ဘဲ မှားမိကြရခြင်း ဖြစ်သည်။ သူတို့သည် ယောကျ်ားလူလယ်များကဲ့သို့ မိန်းမသားများ ဒုက္ခရောက်အောင် လုပ်လေ့မရှိပေ။

ဖြစ်နိုင်လျှင် တတ်နိုင်လျှင် မိမိတို့ကသာ မိန်းမသားများ၏ ဒုက္ခကို ခွဲဝေခံစားကြရန် ဆန္ဒရှိသူများ ဖြစ်ကြသည်။

ထို့ကြောင့်ပင် သူတို့သည် ချစ်ကိစ္စနှင့် ပတ်သက်လာလျှင် စိတ်ချမ်းသာမှု နည်းပါးကြရသည်။ ချစ်မိသလိုလို သနားမိသလိုလို စိတ်ဓာတ်ကြောင့် အခက်ကြုံရသည်လည်း ရှိ၏။ အမှားမှား အယွင်းယွင်း ပြုမိသူလည်းရှိ၏။

စိတ်ကူးယဉ်မှုကြောင့် ဘဝတွင် အမှားအများအပြား တွေ့ကြုံရသော်လည်း ထိုယောကျ်ားမျိုးသည် စိတ်ကူးယဉ်ခြင်းကို စွန့်လွှတ်နိုင်ကြသည် မဟုတ်ပေ။

ထပ်တလဲလဲသာလျှင် ကျူးလွန်လေ့ရှိ၏။ အခါများစွာ၌ သူတို့သည် စိတ်ကူးယဉ်ခြင်း၏အရသာ သက်သက်ထဲ၌ နစ်မြောကာ ကျေနပ်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းဆိုလျှင် စိတ်ကူးနှင့် ဖဲရိုက်၍ နေတတ်သည်။ တစ်ခါတစ်ရံတော့လည်း အလှအပနှင့် သာယာနာပျော်ဖွယ်တို့၌ အရသာထူးကဲသည့် အစားအသောက်စသည်တို့၌ နစ်မြုပ်တာ အချိန်ဖြုန်းနေတတ်ပြန်သည်။

အနှစ်နာခံရခြင်းကိုပင် ဘဝ၏အရသာတစ်ပါးအဖြစ် သတ်မှတ်ကာ တမြုံ့မြုံ့ ခံစားနေသူများလည်း ရှိ၏။ ချစ်ရေး ကိစ္စအတွက် မိမိနစ်နာရသည်ကိုပင် အကျေနပ်ကြီး ကျေနပ် ကာ သဘောထားကြီးမှုဖြင့် ချစ်ခြင်းမေတ္တာ၏ နက်နဲမှုအတိုင်း အဆကို ပြတတ်လေသည်။

အခြေအနေပေး၍ မိမိချစ်နှစ်သက်သူနှင့် ပေါင်းသင်းရ သည့်အခါမျိုးတွင်မူ မိန်းမသားအပေါ် ထားရှိသော သူတို့၏ ချစ်ခြင်း မေတ္တာအတိုင်းအဆသည် ပေါ်လွင်လာပေသည်။

ရှင်းရှင်းဆိုရလျှင် သူတို့သည် အလွန်ပင်မိန်းမချစ်တတ်သူ များ ဖြစ်သည်။ ချစ်ခြင်းမေတ္တာနှင့်ပတ်သက်၍ သူတို့၏အစိတ သည် မိမိချစ်သလို မိမိအပေါ် ပြန်၍ချစ်နိုင်မည့် အမျိုးသမီးနှင့် ပေါင်းဖော်ရရေးပင်တည်း။

သူတို့၏ဘဝတွင် ချစ်ရေးသည် အခြားအရေးကိစ္စများတဲ့ သို့ပင် အရေးပါနေတတ်သည်။ တစ်ခါတစ်ရံ အချစ်ရေးတဝင် အလေးကဲကာ အဓိကနေရာ၌ ပါဝင်နေသည်ကိုတွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သဘောထား ကျေနပ်စရာကောင်းသည့် ကြင်ဖော်နှင့် ပေါင်းသင်းရသည့်အခါ ဘဝတွင် ပိုမို၍ အောင်မြင်လာသည်ကို တွေ့ကြုံရခြင်းမျိုး ဖြစ်သည်။

အချို့ဆိုလျှင် အဆင်ပြေသော ချစ်ရေးသက်သက်ကြောင့် ထအားတက်ကာ ဘဝသည် ပို၍တောက်ပြောင်လာသည်။ ချစ်သူအပေါ် တန်ဖိုးထားလွန်းသောကြောင့် အိမ်ထောင်ရှင်ဖြစ်လာသည့်အခါ အရာရာတွင် မျက်နှာမငယ်အောင် ထားနိုင်ရေးအတွက် ကြိုးစား၍ပင် ဖြစ်သည်။

သူဟှိသည် ချစ်ရေးကိစ္စနှင့်ပတ်သက်လျှင်သာ အသည်းနုတတ်သော်လည်း ဘဝတက်လမ်း ရှာကြရာတွင် (အဆင်ပြေ၍ ကျေနပ်စရာကောင်းသည့်ချစ်ရေး) သာရှိပါက သူတစ်ကာထက် ပိုမိုအောင်မြင်လေ့ရှိကြသည်။ သူတို့၏ အသည်းနုပုံမှာ သဘောထားသေးခြင်းနှင့် မရောစပ်ချေ။

ခံစားလွယ်ပြီး ကြင်နာခြင်း၊ ခွင့်လွှတ်နိုင်ခြင်း၊ အနစ်နာခံနိုင်ခြင်း၊ သူတစ်ပါး စိတ်ချမ်းသာအောင် ပြုလုပ်ပေးလိုခြင်း စသည့်အရည်အချင်းများဖြင့်သာ ဘဝကို လှုပ်ရှားနေတတ်ကြပေသည်။ မိမိတို့၏ ဒုက္ခကို သူတစ်ပါး၏ ဒုက္ခဖြစ်အောင် ပြုလုပ်ရန် ဝန်လေးသည့် ယောကျ်ားမျိုးသာဖြစ်၏။

❋



www.burmeseclassic.com

www.burmeseclassic.com



## ယောကျ်ား ပီသသော ယောကျ်ား

မ,တစ်ရာသား သူ့ ယောကျ်ားတို့ထဲတွင် ဆိုးသူများရှိသကဲ့သို့ ယောကျ်ားကောင်းများလည်း အတော်အတန် ရှိ၏။

သူတို့သည် ယောကျ်ားပီသသောယောကျ်ားများပင် ဖြစ်ကြပေသည်။

သူတို့ကို စံပြယောကျ်ားဆိုသည့် နာမည်ပေးကြသည်။ သူတို့သည် ရှားရှားပါးပါး နာမည်ကောင်းရသူများပီပီ ယောကျ်ား တို့သာမက မိန်းမသားများကပင် အတုယူထိုက်ကြသည်။

သူတို့သည် အများအားဖြင့် ပင်ကိုယ်စိတ်ဓာတ် အရည်အချင်းရင့်သန်တတ်ကြသည်။

စိတ်ရင်းကောင်း၏။ မဟုတ်မတရားကိစ္စများကို ဖြုလုပ်ရန် ဝါသနာမပါဘဲ ရှိကြသူများဖြစ်သည်။

ပညာတတ်လူတန်းစားထဲတွင် သူတို့သည် ပါဝင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပညာဆိုရာတွင် အတန်းပညာအရ မြင့်မားမှု ရှိချင်မှရှိမည် ဖြစ်သော်လည်း ဘဝပညာယ (အနေ့ထွေထွေကြိုးပမ်းနေလေ့လာမှု ပညာ) အရအဆင့် အဆင့် မနိမ့်ကြချေ။

မနိမ့်ကျစေရန် အချိန်ရှိသရွေ့ ကြိုးပမ်းနေလေ့ရှိကြသဖြင့် လူနေမှု အဆင့်အတန်းအရလည်း တင့်တယ်ကြပေသည်။

သူတို့သည် လူပီပီ ချို့ယွင်းချက်များ ယိမ်းယိုင်တွေဝေမှုများ အတော်အတန် ရှိကောင်းရှိမည်ဖြစ်သော်လည်း ဖြစ်နိုင်သလောက် ချိန်ဆသူများပီပီ မယုတ်မလွန် ပြောဆိုပြုမူကာ မိမိဘက်မှ အလွန်မရှိအောင် အထူးဂရုစိုက်တတ်ကြသည်။

သူတို့သည် အားနည်းသူများအပေါ်မှသော်လည်းကောင်း၊ အင်အားကြီးမားသူများအပေါ်မှသော်လည်းကောင်း၊အကြောင်းမဲ့ အနိုင်ကျင့် အမြတ်ထုတ်လိုစိတ်လည်း မရှိပေ။ ဖြူစင်သောမာန (မဟုတ်မတရားမလုပ်၊ မိမိကိုပြုလုပ်လာလျှင်လည်း မခံဆိုသည့်မာန) မျိုး ရှိကြသည်ကများသဖြင့် မိန်းမကိစ္စနှင့်ပတ်သက်၍လည်း နာမည်ပျက်မခံကြ။

မိမိက မဟုတ်မတရားလုပ်လျှင် တစ်ဘက်မှပြောဆိုသမျှကို ခံရတော့မည်ကိုလည်း သဘောပေါက်ထားသဖြင့် ယင်းကိစ္စမျိုးကို အတတ်နိုင်ဆုံးရှောင်ကြ၏။

သူတို့သည် ယောကျ်ားစိတ်ရှိသူများဖြစ်၏။ မိန်းမသားများ



www.burmeseclassic.com

www.burmeseclassic.com



အပေါ် စိတ်ဝင်စားကြသော်လည်း အိနြ္ဒေရ၏။

ဆန္ဒက ရှိသည့်တိုင်အောင် လူမြင်၍ မတင့်တယ်စေရန် မပြုမိဖို့ကို အထူးသတိထားသည်။ ထိန်းသိမ်းမှုရှိသည်။

လူတိုင်း သတိထားမိကြလိမ့်မည် ဖြစ်သည့် ဥပမာတစ်ရပ် အရ ပြောရလျှင် ဤသို့ ဖြစ်မည်။

အင်မတန် ဆွဲဆောင်မှုရှိသော မိန်းမပျိုတစ်ယောက်နှင့် မျက်နှာချင်းဆိုင် ဆုံမိပြီးနောက် ထပ်မံ၍ကြည့်ချင် မြင်ချင်သေး သော်လည်း သမင်လည်ပြန်ကြည့်ရင် ဝန်လေးသဖြင့် ဆန္ဒရှိ လျက်နှင့် မြိုသိပ်ထားလိုက်ရခြင်းမျိုးဖြစ်သည်။

အများအားဖြင့်မူ ယောကျ်ားတို့သည် စိတ်ထဲ၌ယာယာမှုရှိ သွားသည့် မိန်းမသားတစ်ယောက်ကို တွေ့လျှင် ဘေး ပတ်ဝန်း ကျင်ကိုမေ့ကာ ကြည့်ချင်တိုင်းကြည့်တတ်ကြသည်။ တကယ့် ယောကျ်ားတို့၏ စောင့်ထိန်းမှုနှင့်ကား အကွာကြီးကွာ၏။

သူတို့၏စိတ်ဓာတ်သည် လူပျိုလူရွယ် ဘဝလောက်က တည်းကပင် လမ်း၌တွေ့ရသော မိန်းမပျိုများကို အိနြ္ဒေမရကြည့် ကာ လိုက်၍စကားပြောလား စာပေးလား ပြုလုပ်လေ့ ပြုလုပ်ထ မရှိကြ။

စိတ်ထဲတွင် ချစ်မိသူရှိကောင်းရှိမည် ဖြစ်သော်လည်း ပညာသင်နေသူဖြစ်လျှင် သို့မဟုတ် ဘဝတက်လမ်းကို ရှာကြံနေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လျှင် ယင်း ချစ်ရေး၊ ကြိုက်ရေးကိစ္စကို တော်ရုံနှင့်မတို့ထိ ဖြစ်တတ်ကြပဲ ရှိသည်ကို လေ့လာတွေ့ရှိရသည်။

ဘဝတွင် မျက်နှာငယ်ရမည့်အရေးကို ကြိုတင်၍တွေးကာ လိုလားနိုင်သူမဟုတ်သဖြင့် ဘဝအဆင့်များကို တစ်ကဏ္ဍဆီ စဉ်းစားစီစဉ်ကြသူများလည်း ဖြစ်သည်။

သူတို့ကိုကြည့်လျှင် ကျန်မာသန့်ရှင်း၍ ကြည်ကြည် လင်လင် တည်တည် ငြိမ်ငြိမ် အေးအေး ဆေးဆေး ရှိသည့် ဇကားကို ချင့်ချိန်ပြီး ပြောတတ်သဖြင့် အများအားဖြင့် စကား နည်းကြ၏။ တည်ငြိမ်သဖြင့် အကြောင်းမသိလျှင် မာနကြီး စိတ် ကြီးဝင်သယောင် ထင်ရသည်။

သူတို့သည် လူငယ်ဖြစ်ချင်လည်း ဖြစ်မည်။ လူလတ်ပိုင်း ဖြစ်ချင်လည်းဖြစ်မည်။ လူကြီးပိုင်းကျချင်လည်း ကျမည်။

အတန်းပညာတတ်ကြီး ဟုတ်ချင်မှလည်းဟုတ်မည်။ မည်သို့ဖြစ်စေကာမူ သူတို့သည် အတွေ့အကြုံ မစုံလင် မများ ပြားစေကာမူ အတွေးအခေါ် အယူအဆနှင့် အသိတရား အဆင့်အတန်း စသည်တို့ကား အညံ့ဘက်တွင် မရှိချေ။

စာဖတ်ခြင်း အတွေ့အကြုံရသမျှ အပေါ်တွင် တန်ဖိုး ထား မှတ်သားခြင်း စသည့် အရည်အသွေးများကြောင့် ယင်းသို့ အဆင့်အတန်းရှိရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ပြီးပြီးရောသဘောဖြင့် အရာရာကို ဖြစ်ကတတ်ဆန်း လုပ်လေ့လုပ်ထမရှိသကဲ့သို့ ချစ်ရေး အိမ်ထောင်ရေး စသည့်ကိစ္စများကို စိတ်ကူးရာတွင်လည်းကောင်း၊ ချဉ်းကပ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် လည်းကောင်း အလောတကြီး နိုင်လေ့ မရှိချေ။

သမီးရည်းစားထားလျှင်ပင် လက်ရွေးစင်ဖြစ်ရန် ကြိုးစားလေ့ရှိသလို စီးပွားရေးခိုင်လုံမှုလည်း အိမ်ထောင်ရှင်ဘဝမျိုးနှင့် တွေ့ရတတ်သည်။

အိမ်ထောင်ဖက်ရွေးချယ်ရာတွင်လည်း ခုမြင်ခုကြိုက်ပုံစံမျိုးကို ကျင့်သုံးလိမ့်မည် မဟုတ်သဖြင့် မိန်းမကိစ္စနှင့် ပတ်သက်ပြီး ရှုပ်ရှုပ်ထွေးထွေးကြားရရန် ခဲယဉ်းသကဲ့သို့ မိန်းမချောချောတွေ့တိုင်း စိတ်ဝင်စားကာ လက်တဲ့စမ်းသည့် စရိုက်မျိုးလည်း မရှိပေ။

အများအားဖြင့် သူတို့သည် မိန်းမများ၏ စိတ်ဝင်စားမှုကို ခံရလေ့ရှိသည်။ အတော်အတန် အတင့်ရဲသော မိန်းမနော့်တပိုးများ၏ သိသိသာသာစခြင်းကိုပင် ခံရတတ်သည်။ မိန်းကလေးရှင်များ၏ ကမ်းလှမ်းချက်များကိုလည်း ခံကြရသည်။

လူ့ဘဝရှိ ထိုကိစ္စများနှင့်ပတ်သက်၍ သာယာမှု အထွေးကြီးခံရသဖြင့် ကျေနပ်နှစ်သိမ့်မှု ရှိသည်သာဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ အေးဆေးတည်ငြိမ်မှုကြောင့် မသိသာချေ။

အကဲခတ်ရန် မလွယ်ပေ။ အတော်အတန် အရှက်ခံပြီး သမက်ဖမ်းသူတို့ကလည်း မှန်းခြေမကိုက်ပဲ ဘေးချော်၍ ထွက်သွားရခြင်းများလည်းရှိသည်။

သူတို့သည် ငွေကြေးနှင့် ဂုဏ်ပကာသနကို မက်မောပြီး မိမိတို့ကို အမိဖမ်းသော မိန်းမကြီးမျိုးကို အလွန်ပင် အထင်သေး လေ့ရှိသည်။

ဆီပေးမှ ဆေးရတတ်သည့် လောက၏သဘာဝကို နား လည်းလက်ခံသော်လည်း လူမှုရေး အတွေးအမြင်မဲ့ဖြင့် စံစား လိုမှုတစ်ခုတည်းကိုသာ ကြည့်မြင်ပြီး ချဉ်းကပ်လာခြင်းမျိုးကို ရွံမုန်းသည်။ မည်သည့်နည်းနှင့်မျှလည်း လက်ခံလေ့ မရှိပေ။

စိတ်ကောင်းရှိ၍ ကြင်နာတတ်သော်လည်း သူတို့သည် အနှစ်မဲ့ အကျိုးအကြောင်းမဲ့ အသနားခံလာရခြင်းမျိုးကိုကား လက်ခံအားပေးတတ်သည် မဟုတ်ပေ။

ယင်းအဖြစ်မျိုးကို ကြိုတင်၍ မြင်ထားသူများဖြစ်သည်နှင့် အညီ ဆန်းသည်ဟူ၍တော့ မယူဆကြ။ အတွေ့အကြုံဆိုးမှ သင်ခန်းစာတစ်ရပ် ရိုးသည်ဟုကာ မှတ်ယူမည် ဖြစ်သည်။

ယောကျ်ားပီသသူ၏ဘဝသည် လူတစ်ယောက်အနေဖြင့် ပင်ကိုယ်ချို့ယွင်းချက်များနှင့် အခြားယိမ်းယိုင်တွေဝေမှုများ



www.burmeseclassic.com

www.burmeseclassic.com



ရှိကောင်းရှိမည် ဖြစ်သည်။

သို့ရာတွင် တစ်ဖက်သားအပေါ် ဒုက္ခတစ်ခုအနေဖြင့် ကျရောက်နိုင်ခြင်းကား မဟုတ်တတ်ပေ။

ဆိုလိုသည်မှာ အများအမြင်အရ စင်းလုံးချော မဟုတ်သည့်တိုင်အောင် နေထိုင်တတ်သူများဖြစ်၍ ထို့ထက်ပြဿနာများ ပိုလာစရာအကြောင်းမရှိချေ။

ဘဝ၏အဓိပ္ပာယ်သည် ခဏသာဖြစ်၍ ပျော်သလိုနေပြီး လည်သလိုစားနေကြသည်။

မိမိတို့လည်း သည်အတိုင်း ကျင့်သုံးကြရမည်ဟု၍ မမြင်ပေ။ တရားမျှတခြင်း အေးချမ်းတည်ငြိမ်ခြင်းနှင့် နည်းလမ်းမှန်ကန်စွာ အသက်မွေးခြင်း စသည်တို့နှင့် အချိန်ကုန်ခြင်းသည်သာ ဘဝမှန်ဟု ယူဆကြလေသည်။

အချစ်ရေး အိမ်ထောင်ရေး၊ စီးပွားရေး၊ ပညာရေး စသော မည်သည့်ကိစ္စတွင်ပင် ကြည့်ကြည့် သူတို့၏ဘဝသည် ဖော်ပြပါ အချက်အလက် အဆင့်အတန်းမျိုးကို မီအောင် သတိထား လှုပ်ရှားလုပ်ကိုင်နေကြသည်ကို တွေ့ရှိကြရမည် ဖြစ်သည်။ အနေအထိုင် အပြောအဆို ထူးခြားမှုကြောင့် သူတို့၏ ရုပ်ရည်သည်လည်း အများကြားတွင် ပေါ်လွင်ထင်ရှား၍နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လိုပင် ကိုယ်စိတ်ဓာတ်အခြေခံရှိသူများသည် သူတို့၏ဘဝ ခြေလှမ်းများကို ကြည့်ပြီး အားကျလေ့ရှိကြသည်။ အတုယူကြသည်။ သူတို့ခြေရာကို လိုက်၍နင်းကြသည်။

သူတို့ကို စံပြထားကာ တက်လမ်းကိုရှာကြသည်။ အတုယူစရာ ကောင်းသူများဖြစ်၍လည်း အမြော်အမြင်ရှိသော လူကြီးမိဘများတို့ကပင် သူတို့ကို စံထား၍ နမူနာပေး ပြောဆိုတတ်ကြသည်။

လူလွတ်ဆိုပါက သမက်တော်ချင်စိတ် ပေါ်ပေါက်နေတတ်သည်။ လူတော်လူကောင်း ရှားပါးသောခေတ်၌ သူတို့လို စံပြယောကျ်ားကောင်းများ၏ တန်ဖိုးသည် လူတစ်ဦးတစ်ယောက်၏ အမြင်၌သာမက တိုင်းပြည်အတွက်ပါ အရေးကြီးလေသည်။

လောက အဓိက မန်းတိုင်သည် လောကသက်တမ်း တစ်လျှောက် သာယာဝပြော၍ လူတိုင်းအေးချမ်းစွာ နေထိုင်နိုင်ငံရေးအတွက် စီစဉ်ဆောင်ရွက်နေကြရန်ပင် ဖြစ်သည်။

သူတို့လို ယောကျ်ားပီသသူများသည် လောက၏ ကောင်းကျိုးကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆောင်ရွက်၏။

သူတို့ကြောင့် ပြည်တန်ဆာများ ပေါ်များလာနိုင်သည် မဟုတ်ပေ။ တစ်လင်တစ်မယားစနစ်ထက် ပိုမိုရှုပ်ထွေးသည့်



www.burmeseclassic.com

www.burmeseclassic.com



အခြား လင်ခန်း မယားခန်းပြဿနာများ မဖြစ်နိုင်ချေ။

သူတို့ကြောင့် မိဘမဲ့ သို့မဟုတ် အဖမဲ့ သားသမီးများ မပေါ်ပေါက်လာနိုင်ပေ။ အခြေအနေတိုးမြှင့်လာခြင်းသည် မိန်းမသားများပိုမို၍ ပျက်စီးရန် အကြောင်းတရားတစ်ရပ် မဖြစ်လာနိုင်ပေ။

ကြင်နာမှုရှိသူများ ဖြစ်သည်မှန်သော်လည်း မိန်းမလယ်တို့က သနားစဖွယ်အဖြစ်မျိုး တန်ဆာဆင်ကာ ကျော့ကွင်းထောင်ခြင်းများကို ရှောင်နိုင်ကြလေသည်။

ရှုပ်ပွသည့် အတွေ့အကြုံများအရ ရှောင်ရှားနိုင်ခြင်းမျိုးကားမဟုတ်။ အသိဆင်ခြင်ဉာဏ်အရ ဘေးအန္တရာယ်ကို ရှောင်ရှားနိုင်တတ်ခြင်းသာ ဖြစ်သည်။ ငွေကြေး သို့မဟုတ် ရာထူးဂုဏ်စသည်တို့ ပြည့်စုံသော အိမ်ထောင်စုများတွင် အများအားဖြင့် ပေါ်ပေါက်လေ့ရှိသည့် ပြဿနာတစ်ခုရှိသည်။

၎င်းကား အိမ်ဖော်အိမ်စေမကလေးများထားပြီးနောက် အိမ်ထောင်ဦးစီးက ဖြေဖျော်မှုအတွက် အသုံးချခြင်းပင် ဖြစ်သည်။

ယောကျ်ားပီသသူတို့၏ အိမ်ထောင်စုသည် အိမ်ဖော်ပြဿနာမရှိနိုင်ပေ။ မိမိထက် နိမ့်ကျသူတို့ကို အနိုင်ကျင့်ဖျက်ဆီးသည့် အကျင့်အကြံမျိုးကို ဝါသနာထုံသူများ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သဖြင့် ယင်းအတွက် ဇနီးဖြစ်သူအပါအဝင် လူအဖွဲ့အစည်းက ပူပင်ရန် မရှိပါချေ။

အထက်တန်းလွှာဟု ဆိုနေကြသော ငွေကြေးနှင့် ရာထူးဝုဏ် စသည်တို့ရှိကြသူများ ဖြစ်လေ့ဖြစ်ထရှိသည့် အိမ်ထောင်ရှင် အချင်းချင်း ဖိုမ ပြဿနာ ရှုပ်ထွေးရာထဲတွင်လည်း သူတို့ပါမိကြမည် မဟုတ်ပေ။

သူတို့၏အနေအထိုင်သည် မြင့်မြတ်စင်ကြယ်ကာ ရှားရှားပါးပါး သီးခြားလူတန်းစားများဟု ခေါ်ဆိုရမလောက် တည်ငြိမ်ကြလေသည်။

❋



www.burmeseclassic.com

www.burmeseclassic.com



## မိန်းမချစ်သော ယောကျ်ား

အိမ်ထောင်သည်လောကတွင် လူသိများသော လျှို့ဝှက်ချက်တစ်ခု ရှိလေသည်။ ယင်းကား ချစ်သလိုလိုနှင့် ယူထားပြီး မကြာမီ မချစ်လှတော့သည့်အချက်ပင် ဖြစ်သည်။

ယောကျ်ားတို့သည် မိန်းမကို ကြောက်ရသည်ဖြစ်စေ၊ မကြောက်ရသည်ဖြစ်စေ၊ ဤကိစ္စကိုမူ မိန်းမကွယ်ရာတွင်သာ ပွင့်လင်းစွာ ပြောဆိုလေ့ ရှိကြသည်။

ယောကျ်ားအချင်းချင်း တွေ့ဆုံ၍ ရင်ဖွင့်ကြသည့်အခါ ထို အကြောင်းသည် ပွဲကြီးဖြစ်၏။ မပါလျှင် မပြီးချေ။

သည်အကြောင်းကိုပင် တကာယ်ခံစားချက်နှင့် မြိန်ရေယှက်ရေ ပြောဆိုတတ်ကြသည်။ မိန်းမအပေါ် ရက်စက်လိုစိတ် အလွန်အမင်း မပြင်းထန်လှသော်လည်း မိန်းမများအပေါ် စိတ်ကုန်ကြသည်ကား အမှန်ပင် ဖြစ်သည်။

သူတို့သည် သဘာဝတရားအရ တွေ့မြင်ထိတွေ့နေသျ



www.burmeseclassic.com

www.burmeseclassic.com



အရာတစ်ခုအပေါ် ငြီးငွေ့မိသည့် စိတ်သဘော၏ ဒဏ်ကို မခံနိုင် မကြွပေ။ သည့်ထက် ရှင်းလင်းစွာ ပြောရလျှင် သူတို့သည် မိမိတို့ ယူထားသည့် ဇနီး (မယား ဝါ မိန်းမ) အပေါ် တကယ် မချစ်တတ်ပေ။ သွေးသားအရ အမြတ်ထုတ်၍ ငြီးငွေ့လာသည် နှင့် ဝေးသည်နှင့် ဝေးကွာရေးအတွက် စိတ်ဖောက်လာခြင်း ဖြစ်၏။

သူတို့သည် သစ္စာရှိမည့် ယောက်ျားမျိုးများ မဟုတ်ပေ။

သူတို့နှင့် လုံးဝဆန့်ကျင်သော ယောက်ျားအချို့ကား မိန်းမ ချစ်တတ်သူများပင် ဖြစ်သည်။

သူတို့သည် စိတ်ကောင်းရှိသည်က များပြီး မိမိတို့အစဉ်ဟ တည်းက ချစ်ခင်စုံမက်၍ ယူထားသည့်မိန်းမများအပေါ် အတတ်နိုင်ဆုံး ဆက်လက်၍ချစ်သွားကြသည်သာ ဖြစ်၏။ သူတို့၏ ချစ်ခြင်းမေတ္တာသည် ရုပ်ရည်ပေါ်တွင် မဟုတ်ချေ။

သူတို့သဘောကျမိသည့်အချိန်အခါက စိတ်ထားအတိုင်း ဖြစ်နိုင်သလောက် အလိုလိုက်၍ ချစ်ခင်ယုယသွားကြသည်သာ ဖြစ်၏။ အချို့ဆိုလျှင် အတော်ပင် ချစ်တတ်လွန်းသည်။

ယူထားသည့်မယားက အမှန်အတိုင်း မြင်တတ်သူ၏ မျက်စိထဲတွင် ကြည့်ရှု၍ အမောမပြေသောရုပ်မျိုးဟု၍သော



www.burmeseclassic.com

www.burmeseclassic.com



အဆုံးအဖြတ်ပြုမည့် အခြေအနေမျိုးကို အမရေးတယူ တယူ တယ ချစ်နေကြသည်ကို တွေ့ရပေသည်။

တစ်ခါတစ်ရံတွင်မူ အရုပ်ဆိုးအကျည်းတန်လှသည့် မိန်းမကို လူရှေ့သူရှေ့တွင်ပင် မရှောင်၍ ဟန်မလုပ်ဘဲ တစ်တယ်ဝင် ကြင်နာယုယစွာ ဆက်ဆံနေသည်ကို တွေ့ရသဖြင့် အံ့ဩစရာ ကောင်း၏။

သူတို့သည် အရှုံးအမှုးချစ်နေ၍ ယင်းသို့ဖြစ်ရသည်ဟု မဆိုသာသော အခြေအနေမျိုးလည်း ဖြစ်သည်။

အလိုလိုက်ပုံများကိုလည်း ကြည့်ပေဦး၊ မိန်းမက မှာသည့် အချိန်တွင် အတိအကျနီးပါး ပြန်လေ့သွားလေ့ရှိသည်။ မိန်းမက မမှာသည့်တိုင်အောင် ကြိုက်တတ်သော အစားအသောက် ကလေးများကို ဝယ်၍ယူကာ မျက်နှာလုပ်လေ့ရှိကြသည်။

သူတို့ကြောက်ပုံ ကြောက်နည်းသည် စိတ်ဝင်စားစရာ ကောင်း၍ တကယ့်တကယ်ကိစ္စတို့တွင် မိမိတို့သာ အဓိက ဆုံးဖြတ်လေ့ရှိသော်လည်း သာမန်ကိစ္စတို့တွင်မူ အလိုလိုက်ခဲ့ သည့် အစဉ်အဆက်ရှိခဲ့ခြင်းကြောင့် တဖြည်းဖြည်းနှင့် ဆရာ မနိုင်ဖြစ်ကာ ချစ်ကြောင်၍လာပုံမျိုးတည်း။

မိန်းမဆိုသော မိန်းမများကလည်း ယောကျ်ားတို့အား အမြဲလိုလိုပင် သွေးတိုးစမ်းနေသူများဖြစ်၏။ နိုင်ကြည့်သည်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းစနှစ်ခွန်းစမှအစ လွှမ်းမိုးကြည့်သည်။

ဩဇာပေးကြည့်သည်။ ယောက်ျားတ သိပ်မပြောလျှင် တတကယ့်ကိစ္စမျိုးကို ပြောရာ၌ပင် တစ်ခွန်းချင်း ပြန်၍ပက်၍ ယောက်ျားက အလျှော့ပေးပုံပေါ်လျှင် တစ်စတစ်စ ဖိလေတော့၏။

ဤကိစ္စတွင် လူ့သဘာဝစာရားများစွာ ပါဝင်လေသည်။ လူဆိုသည်မှာ ခက်၏။ ခံမှန်းသိလျှင် သဘောကောင်းမှန်း အလျှော့ပေးမှန်းသိလျှင် ဖိချင်သည်။

မတရားပြောချင် လုပ်ချင်သည်။ ယောက်ျားနှင့်မိန်းမတို့ ဆက်ဆံရာတွင်လည်း ယင်းသဘောများစွာ အရေးပါ၏။

မျှမျှတတ မှန်မှန်ကန်ကန်နှင့် ဆက်ဆံမှုသည်သာ နေရာတကာတွင် အလိုအပ်ဆုံးဖြစ်သော်လည်း အခြေခံအသိတရား နည်းပါးသူများသည် ယင်းအချက်ကို စဉ်းစားလုပ်ဆောင်လေ့ မရှိဘဲ ရနိုင်သည်ဆိုသည့်ဂုဏ်ကို လိုချင်ကြလေသည်။ မကြာမီ၌ အရသာတွေ့ကြ၏။

ချစ်၍အလျှော့ပေးကာ ဩဇာခံသလို ပြုမူခြင်းသည် ယောက်ျားတစ်ယောက်အဖို့ ကနဦးတွင် အရေးမကြီးလှသော်လည်း ကြာသောအခါ တစ်ဖက်သတ် ဖိစီးမှုကို ခံကြရသည်က များ၏။



www.burmeseclassic.com

www.burmeseclassic.com



အချို့ဆိုလျှင် အိမ်ဦးစီးနှင့်ပင် မတူတော့ဘဲ အိမ်ဖော်အကြီးစားဆို ဖြစ်၍နေတော့သည်။ သေချာစွာ စစ်တမ်းထုတ်ကြည့်ပါက သူတို့၏ ချစ်တတ်လွန်းမှုသည် သူတို့ကိုပင် ကြည့်၍ ဒုက္ခပေးသည်ကို တွေ့ရှိရလေသည်။ 'ငါမွေးသည့် မျောက် ငါ့တိုခြောက်' ဆိုသကဲ့သို့ ကိုယ့်ဇာတ် ကိုယ်မနိုင်၍ ပြန်ခံရခြင်းသာ ဖြစ်၏။

လောကတွင် မယုတ်မလွန် ချိန်ဆမှုသည် နေရာတကာ၌ အရေးကြီးလှသည်။ အစမကောင်းလျှင် အနှောင်းမသေချာဆိုသည့်စကားအတိုင်း ကနဦးဆက်ဆံစ ကတည်းက ဘီလူးစည်း လူစည်း ခွဲခြားထားဖို့ လို၏။ ယောကျ်ားက မိန်းမကိုချစ်ခြင်း၊ ချစ်လွန်းခြင်းသည် အပြစ်မရှိပေ။

သို့သော် နားလည်မှုခေါင်းပါးသော မိန်းမသားမျိုး ဆိုပါက ပေးသည့်အခွင့်အရေးကို တစ်မျိုးတစ်ဖုံယူဆကာ အခွင့်အရေး ပိုမိုရရှိမှုနယ်ပယ်ကို ချဲ့ထွင်လာတတ်သည်ကိုကား ကြိုတင်၍ မြင်ထားနိုင်ရန် ဖြစ်သည်။

ချစ်တတ်လွန်းသော ယောကျ်ားတို့သည် ယင်းအချက်တို့ မေ့လျော့၍ နေတတ်ကြ၏။ သူတို့သည် အကင်းသေမှုဝင် နောင်တရပြီး မနိုင်မနင်းရှိတတ်ကြ၏။

သို့သော် စိတ်ချမ်းသာမှုကား ထင်သလောက်မရှိ၍ချေ။



www.burmeseclassic.com

www.burmeseclassic.com



လိုသည်ထက်ပို၍ အလိုလိုက်ထားမှုကြောင့် ဩဇာပေးရန် အရှိန်ရနေပြီဖြစ်သော မိန်းမဖြစ်သူ၏ တဖြစ်တောက်တောက်မြည်သံများကို ငြိမ်သတ်နိုင်ခြင်းလည်း မရှိတော့ချေ။

သူတို့၏ အိမ်ထောင်ရေးသည် ပဋိပက္ခသိပ်မရှိလှသည့်တိုင်အောင် စံပြအိမ်ထောင်ရေး မဟုတ်ပေ။ သာမန်အချိန်များ သာမန်ကိစ္စများတွင် မိန်းမက အနိုင်ရနေသည်ကို တွေ့မြင်ရနေသော်လည်း တကယ့်ကိစ္စများတွင်မူ ယောကျ်ားသည် သူ့မာန်နှင့်သူ အလျှော့ပေးမည် မဟုတ်သဖြင့် အပျက် အပျက်နှင့် နှာခေါင်းသွေးထွက်သွားနိုင်ပေသည်။

သူတို့၏ အိမ်ထောင်ရေးသည် အဆင်ပြေသယောင်ယောင်နှင့် မမျှော်လင့်သောအချိန်တွင် ပေါက်ကွဲ၍ ပြိုလဲပျက်စီးသွားနိုင်၏။ မိန်းမချစ်တတ်သူများသည် အထွေထွေသော ငှဲညှာထောက်ထားစရာများကို အကြောင်းပြပြီး ရှောင်ခြင်းမျိုးကို လွယ်လွယ်လင့်တကူ ပြုလေ့ပြုထ မရှိကြသော်လည်း သည်းခံရလွန်းသဖြင့် ရင်ထဲ တငွေ့ငွေ့ ခံစားနေကြရလေသည်။ မခံမရပ်နိုင်လွန်းသည့်အခါ တစ်ခွန်းချင်း ပြန်၍ပြောဆိုတတ်ကြသော်လည်း ယင်းအချက်ကို အကြောင်းပြု၍ အမြတ်ထုတ်ရန်ကိုကား စဉ်းစားခြင်းမပြုပေ။

ပွင့်လင်းသူတို့ဆိုလျှင် စိတ်အနှောင့်အယှက်ဖြစ်ရလွန်း



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် တစ်နေ့တွင် အိမ်ထောင်ပြုလဲသွားနိုင်ကြောင်းကို ခံစားရလွန်းသည့်ရန်ပွဲများတွင် ထုတ်၍ပြောလေ့ရှိကြသည်။ ထုတ်ဖော်ပြောသည့်စကားအဓိပ္ပာယ်သည် တစ်နေရာတွင် မြင်လာ၍ အဟောင်းကို ကန်ထုတ်သည့် သဘောမျိုးမဟုတ်ပေ။

သူတို့အနေဖြင့် အပေးအယူ မျှတစေချင်သည်၊ ဘယ်သူ့ကို ဘယ်သူမှုနိုင်ခြင်း၊ ဩဇာပေးခြင်းကို မပြုလုပ်စေချင်ချေ။

မိန်းမဖြစ်သူကို အတော်အတန် အပြောအဆို ထိန်းထိန်းသိမ်းသိမ်း ရှိရေးအတွက် နည်းလမ်းရှာရသည့်အလုပ် လုပ်သည့်သူတို့အဖို့ ရှိနေ၏။ လူတို့လို ညာညာတာတာနှင့် လူမှုရေးစည်းကမ်းကို အလေးဂရုပြုကြသူများကျပြန်တော့လည်း နားလည်မှုရှိ၍ လိမ္မာပါးနပ်သည့် အိမ်ထောင်ရှင် အမျိုးသမီးများနှင့် မတွေ့ရဘဲ ရှိတတ်ကြသည်။

ယောကျ်ားတစ်ယောက်ကို တွေ့ဖူး၏။ သူသည် မြင်ပငွေရှာသည့်အလုပ်ရော၊ အိမ်အလုပ်ပါ လစ်ဟာင်းမှုမရှိအောင် အလုပ်လုပ်၏။ ချုံ၍ဆိုလျှင် အိမ်ထောင့်တာဝန်ကို ကျေပွန်စွာ ယူနိုင်သည့် ယောကျ်ားတစ်ယောက်ပင် ဖြစ်သည်။ သို့ရာတွင် သူယူထားသောမိန်းမကား ညံ့၏။ အလိုက်မသိပေ။ တစ်ခွန်းပြောမှ တစ်ခွန်းနားလည်၏။ တစ်ခါပြောထားပြီးသည့် စကားကိုလည်း မှတ်၍မထားပေ။ ပေါ့ဆပြီး မှတ်ဉာဏ်နည်းပါးပုံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုယောက်ျားသည် မိန်းမအဲတွက်နှင့် မကြာခဏဆိုသလို စိတ်ဆင်းရဲရသည်။ တစ်ခါတစ်ရံ မပေါင်းချင်တော့သည်အထိ စိတ်ကုန်မိကြောင်း ဖွင့်၍ပြော၏။ သို့သော် ရက်စက်သည့်စိတ် မရှိသဖြင့် အပြောမှလွဲ၍ ခွဲခွာရေးကိစ္စကို လက်တွေ့ အကောင်အထည် မဖော်ခဲ့ချေ။

သူတို့လို ယောက်ျားမျိုးသည် မိန်းမများအပေါ်တွင် ချစ်ကြင်နာတတ်လျက် ချစ်ကြင်နာလျက်နှင့် ကံဆိုးကြသူများဖြစ်သည်။ အိမ်ထောင်ရေးနှင့် အကျိုးပေး ညံ့သူများဟု ဆိုရမည်ဖြစ်၏။ လူမှုရေးစည်းကမ်းကို တတ်နိုင်သလောက် စောင့်ထိန်းသူများ ဖြစ်ကြ၍ ဤသို့သည်းခံခြင်းလည်း ဖြစ်သည်။

မိန်းမသားသည် ယောက်ျားယူသည် ဆိုကတည်းက တစ်ဖက်သတ် အားကိုးထားသည်က များပေရာ မိမိတို့က စွန့်လွှတ်လိုက်ခြင်းအားဖြင့် ပျက်စီးသွားနိုင်သည်ကို စဉ်းစားမိပြီဖြစ်သည်။

အသိတရား နည်းပါးမှုကြောင့်သာ အိမ်ထောင်ရေးကို သာယာစိုပြေအောင် မထိန်းသိမ်း မပြုလုပ်နိုင်သော်လည်း မိန်းမသားတစ်ယောက်အနေဖြင့် မဖြစ်သင့်သေးဘဲနှင့် အိမ်ထောင်ပျက် တစ်ယောက်ဖြစ်သွားမည်ကို စိုးရိမ်ကြောင်း နားလည်ထားပြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတိုင်းသည် မိမိကိုက မဖြစ်တော့သည့်အခြေအနေကြောင့် ဖောက်ပြန်မိခြင်းမှလွဲလျှင် သာမန်ကာလ၌ အိမ်ထောင်ရေး ပြိုကွဲမည်ကို မလိုလားကြောင်းကို လေ့လာမိကြပြီးဖြစ်သည်။

အိမ်ထောင်တစ်စု ပြိုကွဲသွားပြီးနောက် မိန်းမသားသည် ယောကျ်ားထက် အဆပေါင်းများစွာ မတည်မငြိမ်ဖြစ်မည်ကိုလည်း သူတို့သည် မလိုလားချေ။ ထို့ထက် ရှင်းလင်းစွာပြောရလျှင် မိမိအပေါ်၊ အလိုက်သိစွာ ဆက်ဆံတတ်ခြင်းမရှိသည့်တိုင်အောင် ဒုက္ခရောက်မည်ကိုမူ မကြည့်ရက်ပေ၊ သနား၏။

ဤသည်ပင်လျှင် မိန်းမချစ်တတ်သော ယောကျ်ားတို့၏ စိတ်ရင်းဖြစ်သည်။

❊



www.burmeseclassic.com

www.burmeseclassic.com



## ယောကျ်ားပျိုတို့၏ ချစ်ခြင်းမေတ္တာ

ယောကျ်ားပျိုများ (အိမ်ထောင်မရှိသည့် လူပျိုများ) မသွားဘဲ မနေသည့် လမ်းတစ်လမ်းရှိလေသည်။ ၎င်းကား မိမိနှစ်သက်သော မိန်းမပျိုကလေးများကို ချစ်ကြောင်း၊ မေတ္တာရှိကြောင်း (ဝါ) ကြိုက်ကြောင်း ပြောဆိုကာ သမီးရည်းစားထားခြင်းပင် ဖြစ်သည်။

အရွယ်ရောက်ပြီးသည့် လူပျိုများ၏ အဓိကဆန္ဒများထဲတွင် ချစ်ခြင်းမေတ္တာနှင့်ပတ်သက်၍ ခံစားရသည့် စိတ်လှုပ်ရှားမှုသည် အပြင်းပြဆုံးဖြစ်သည်။

သူတို့သည် မိန်းမပျိုများထံမှ ချစ်ပါသည်ဆိုသည့်အဖြေ (မေတ္တာ) ကို မရမချင်း တောင်းခံလေ့ရှိကြသည်။ စိတ်ကူးယဉ်မှု လွှမ်းမိုးသူများပိုပို ချစ်ခြင်းမေတ္တာသည် မရင့်ကျက်သေးသည့်အတိုင်း သူတို့အပေါ် မိန်းမပျိုများအဖို့ ယုံကြည်စိတ်ချရန် အကြောင်းမပြည့်စုံပေ။

ယောကျ်ားသည် အများအားဖြင့် အလှမက် ကြ၏၊



www.burmeseclassic.com

www.burmeseclassic.com



လှသည့်မိန်းမသားကိုမှ ချစ်ချင်ကြသည်၊ သမီးရည်းစား ထားချင် ယူချင်ကြသည်။ ယောကျ်ားတိုင်း အလှမကြိုက်သည်မှာ မှန် သော်လည်း မိန်းမသားများအပေါ် စိတ်ဝင်စားကာ တွဲပြား ခြားနားမှု သိပ်မရှိလှချေ။

အထူးသဖြင့် လူပျို လူရွယ်တို့သည် စွဲမက်ဖွယ် မိန်းမသား တို့၏ အလှကြောင့် စိတ်လှုပ်ရှားကာ မတည်မငြိမ် ဖြစ်ကြရ သည်၊ စွဲလမ်းလွန်းသည့်အခါမျိုးတွင်မူ အလုပ်ပျက် အကိုင် ပျက်ပင် ဖြစ်ကြရ၏။

အသိတရားနှင့် အတွေ့အကြုံ မပြည့်စုံသေးသော ယောကျ်ားပျိုများဆိုလျှင် မိမိ၏ အသက်ကိုပင် အဓိပ္ပာယ်မဲ့ စွန့်လွှတ်သည်အထိ ပြုမူကြ၏။ လူအမျိုးမျိုး ရှိကြသည့်အတိုင်း အချို့လူငယ်များသည် အချစ်အတွက်နှင့် အသက်စွန့်လွှတ် လိုက်ရခြင်းကို များစွာပင် ဂုဏ်ယူသည်ကို တွေ့ရ၏။

ယင်းသို့သော ချစ်ခြင်းမေတ္တာမျိုးသည် အနှစ်မဲ့၏။ တန်ဖိုး မရှိပေ။ ချစ်ခြင်းမေတ္တာကို ပိုင်ဆိုင်၍ထင်သလိုချယ်လှယ်နိုင် ခွင့် ရယူလိုသည့် သဘောထားတစ်ရပ်ဖြစ်သဖြင့် စိတ်ဓာတ် အရည်အချင်းအရ ဆုံးဖြတ်ပါမူ လုံးဝတန်ဖိုးမရှိကြောင်း ပြောဆို နိုင်ကြမည်ဖြစ်၏။

သူတို့၏ စိတ်ဓာတ်အခြေအနေသည် ကြံ့ခိုင်မှုများစွာ လို



www.burmeseclassic.com

www.burmeseclassic.com



ပေသည်။ လိုချင်သော ချစ်ခြင်းမေတ္တာကို ရရှိသည့်တိုင်အောင် ယင်းအပေါ် စွဲမြဲစွာ စောင့်ထိန်းနိုင်မည့်သူများ မဟုတ်နိုင်ပေ။

ချစ်ခြင်းမေတ္တာကို သာယာမှုသက်သက် အနေဖြင့်သာ မြင်တတ်၊ ခံစားတတ်သူများဖြစ်ကြောင်း ထင်ရှား၏။ ချစ်ခြင်းမေတ္တာ၏ အတိမ်အနက်ကို ငုံမိနိုင်သူများလည်း မဟုတ်ချေ။

လွယ်လွယ်နှင့် ရှင်းရှင်းပြောရလျှင် အချစ်အကြောင်းကောင်းစွာမလေ့လာမိခင် ရေတိမ်အနစ်ခံလိုက်ခြင်းပင်တည်း။ အချစ်သည် ဘာမျှမဟုတ်ဟုလည်း မြင်၍ဖြစ်သည်။ အချစ်သည် ဘဝ၏အချုပ်ဟုလည်း ဆို၍ဖြစ်သည်။ အချစ်သည် သိမ်မွေ့နက်နဲသဖြင့် ရုတ်ချည်းအဆုံးအဖြတ်နှင့် မမှန်ကန်ကြောင်းကိုကား ပုံသေအနေဖြင့် ယူထားရမည်ဖြစ်သည်။

တိမ်ယောင်နှင့်နတ်၊ လွယ်မယောင်နှင့်ခက်ဆိုသည့်စကားသည် အခြားပြဿနာများကို ဥပမာပေးရာ၌ ထိရောက်မှု ရှိသင့်သလောက်ရှိသည်ကား မှန်၏။

သို့ရာတွင် ယင်းဆိုရိုးစကားသည် အချစ်ကိစ္စအတွက် သီးသန့်ပေါ် ပေါက်လာရသကဲ့သို့ ချစ်ကိစ္စသည် ခန့်မှန်းရန် လွယ်ကူခြင်းမရှိသည်ကို ထောက်ပြသလိုရှိ၏။

လူငယ်အများစုသည် အချစ်ကိစ္စအပေါ် ပေါ့ပေါ့မြင်သကဲ့သို့ ပေါ့ပေါ့ကလေးပင် ပါဝင်လှုပ်ရှားလေ့ ရှိသည်။ သမီးရည်းစား



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမှအစ အိမ်ထောင်ရေး ပြဿနာအထိ ငှက်ပျောသီး အခွံနှင့် သကဲ့ပင် ပြုလေ့ရှိကြသည်။

သူတို့သည် ပညာရေး၊ စီးပွားရေး စသည်တို့ကို ပေါ့ဆစွာ ပြုလုပ်လေ့ မရှိသော်လည်း ချစ်ရေးကိစ္စကိုမူ အပျော်သဘော လောကသဘာ သဘောထားသည်။ ချစ်ရေးကို အခြေခံပြီး သာယာမှုရှာကြံလေ့ရှိကြသည်။

လူငယ်တို့၏ဘဝတစ်ပိုင်းကို လေ့လာကြည့်မည်ဆိုပါက အခြားအရေးအခင်းများကို သိပ်မတွေ့ရဘဲ ချစ်ရေးကိစ္စများ ဖြင့်သာ လွှမ်းမိုးနေသည်ကို တွေ့မြင်ရမည် ဖြစ်သည်။

လူငယ်ချင်းတူသည့်တိုင်အောင် ချစ်ရေးကိစ္စကို ဝါသနာ ထုံပြီး ဒိုးလိုမွှေနေသူများသည် သာမန်ဝါသနာရှင် လူငယ်များ၏ ဘဝထက် ချစ်ရေး အတွေ့အကြုံစုံ၏။

ပြဿနာများ၍ ပြဿနာများသည်။ ရည်းစားများ၍ပင် ဖြစ်သည်။ အချို့ကလည်း ချစ်ခြင်းမေတ္တာကို အယောင်ပြကာ အပျော်ရည်းစားထားကာ ပျော်ကြသည်၊ သာယာနေကြသည်။

အချို့ဆိုလျှင် ပျော်လွန်းရာမှ ပျက်စီးစပင် ပြုလာသည်။ ပျက်စီးနေပြီဟူ၍ပင် ပြောဆိုခြင်းကို ခံနေကြရပြီ ဖြစ်သည်။ အဆိုးဆုံးကား ချစ်ရေးကိစ္စအပေါ် အထင်သေးရာမှ လိုက်စား ရင်း အကောင်းသော မပြဿနာများ ပါဝင်လာပြီး ကျန်းမာရေး



www.burmeseclassic.com

www.burmeseclassic.com



ပါ ထိခိုက်လာသည်အထိပင်၊ ရှင်းရှင်းဆိုရလျှင် လူငယ်အချို့သည် ကိုယ်လက်ပျက်သည်အထိ မိုက်မဲကြသည်။ အချို့က ကိုယ်လက်မပျက်သည့်တိုင် ငယ်ငယ်ရွယ်ရွယ်နှင့် ရောဂါရနေလေပြီ။

ဤအဆင့်သို့ ရောက်ခဲ့ရသည့် ပထမအဆင့်ကား ချစ်ရေးကိစ္စအပေါ် အထင်အမြင်သေးကာ ပျော်ချင်တိုင်းပျော်မိခြင်းပင်ဖြစ်သည်။ ချစ်ရေးကိစ္စ (ပြဿနာ) သည် လူငယ်တို့ ထင်သလို ပျော်မှုသက်သက် မဟုတ်ပေ။ သာယာမှုကိုချည်းလည်း မဖန်တီးပေးချေ။ စောင့်စည်းမှုနှင့် တာဝန်ပိုင်းဟူ၍ ရှိလေသည်။

ချစ်ရေးကိစ္စသည် အများအားဖြင့် လူငယ်များက ကြိုးပမ်းလိုက်လျှင် ဖြစ်လာသည်က များသော်လည်း စောင့်စည်းမှုနှင့် တာဝန်ပိုင်းကိုမူ မေ့နေကြသည်။ သတိရသည့်တိုင်အောင် အလေးအနက်မထားကြပေ။ သူ့အလိုလို ပြီးပျောက်သွားမည်ကဲ့သို့ မစဉ်းမစားပြုကြ၏။

မစဉ်းစားသည်မှာ စေတနာမပါ၍ပင် ဖြစ်သည်။ လူငယ်တို့သည် ဤအခြေအနေထိလည်း မလေးနက်နိုင်ကြသေးပေ။ အသက်အရွယ် အတွေ့အကြုံအရ အရာရာတွင်လည်း လေးလေးနက်နက် စဉ်းစားနိုင်ကြသည် မဟုတ်၍ဖြစ်သည်။

လူငယ်တို့၏ ပထမဆုံး လူမှုရေးအတွေ့အကြုံသည်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရေးပင်ဖြစ်၍ ချစ်ရေးကိစ္စနှင့် ပတ်သက်ပြီး အဆုံးအဖြတ်ပြုခြင်း၊ ပြဿနာဖြေရှင်းခြင်း စသည်တို့၌ အံဝင်ဂွင်ကျမရှိဘဲ ကမောက်ကမ ဖြစ်ကြရသည်မှာ အလွန်မရှိလှချေ။ သဘာဝကျသော အပျက်တရားတစ်ခုပင် ဖြစ်၏။

ချစ်ရေးကြောင့် ဘဝတစ်မျိုးတစ်ဖုံ (အကောင်း) ဘက်သို့ ပြောင်းလဲ၍ အောင်မြင်သွားသည့်လူငယ်များ အတော်အတန်ရှိပေသည်။ သူတို့၏ အတွေးအခေါ်ကား ချစ်ရေးကို အပျော်သဘောမျိုး မမြင်ချေ။ အစကောင်းကြသူများပင် ဖြစ်၏။

သူတို့သည် အပျော်ရည်းစား ထားချင်သူများ မဟုတ်ပေ။ ထားလည်း မထားပေ။ ရည်းစားထားဖို့ကိုပင် ချိန်ဆလွန်းကြ၏။ စိတ်ကြိုက်တွေ့သဖြင့် ရည်းစားထားသည်ပဲထား ဘာမျှ မဟုတ်ကြသေးခင်ကတည်းက အမြတ်ထုတ်ထားရန် ရည်ရွယ်ချက်နှင့် ကြိုးပမ်းမှုများမရှိချေ။ သူတို့၏ ချစ်ခြင်းမေတ္တာသည် သန့်စင်၏၊ အဆင့်မြင့်၏။ ညစ်ညမ်းခြင်းနှင့် ဝရှုန်းသုန်းကားကိစ္စများ မပါဝင်ချေ။

ချစ်ခြင်းမေတ္တာသည် အနစ်နာခံခြင်းဆိုသော သဘောသည် သူတို့၏ လက်သုံးဆောင်ပုဒ်နှင့် နီးစပ်ပေသည်။ စိတ်တွေ ယဉ်ပြီး ဦးတည်ချက်မဲ့ဖြင့် မစဉ်းမစားလုပ်လေ့ရှိသော လူငယ်များမဟုတ်သဖြင့် သူတို့၏ချစ်မှုရေးရာ ကိစ္စများတွင် ရေတိုရည်



www.burmeseclassic.com

www.burmeseclassic.com



တချရခြင်းများ၊ ပူဆွေး၍ ဒုက္ခရောက်ရခြင်းများနှင့် မရှုနိုင်၊ မတာယ်နိုင် ဖြစ်ရပ်များ စသည်တို့ မရှိချေ။

မိန်းကလေးတစ်ယောက်ကို တစ်ကယ် ချစ်ခင်စုံမက်ခြင်း မရှိဘဲ အယောင်ဆောင် အချစ်ဘမ်းပြကာ ဖျက်စီး၍ အမြတ်ထုတ်လိုစိတ် ရှိသူများ မဟုတ်သဖြင့် မည်သည့် မိန်းကလေးကို မျှ လိုသည်ထက်ပို၍ အခွင့်အရေးပေးသည်ကို တွေ့ရဖို့ မရှိပေ။

သူတို့သည် လူငယ်ပီပီ ချစ်ရေးကိုစိတ်ဝင်စားသော်လည်း အိနြေ္ဒရသဖြင့် မိန်းကလေးကပင်ပြန်၍ အရိပ်အယောင်ပြခြင်း ခံရသူများဖြစ်ကြသည်။ မိန်းကလေးများအား အိနြေ္ဒပျက် လောက်အောင်ကြည့်ခြင်း၊ လမ်းတွင်ဆီး၍စာပေးခြင်း၊ စကားပြောခြင်း စသည်တို့ကို ပြုလုပ်လေ့ မရှိသူများဖြစ်၍ မိန်းကလေး များ၏ လေးစားမှု အထင်ကြီးမှုတို့ကို ခံစားရသူများ ဖြစ်ကြ၏။

အမှန်စင်စစ် သူတို့သည် စန်းပွင့်သူများဖြစ်၍ စန်းပွင့်သည်မှာ အနေအထိုင်တတ်မှု၊ စည်းကမ်းရှိမှု၊ မိမိကိုယ်ကို ရိုသေစောင့်ထိမ်းမှု စသည့် အရည်အချင်းများကြောင့်ပင် ဖြစ်သည်။

သူတို့သည် ဒီဂရီတစ်ခုခုရရှိရန် အချိန် သိပ်မဝေးတော့သော တက္ကသိုလ်ကျောင်းသားများ ဖြစ်ပါမူ သမီးရှင်များ၏ မျက်စေ့ကျခြင်းကို မုချခံရသူများ ဖြစ်သည်။

အဆင့်အတန်းရှိသော နေထိုင်တတ်မှုမှ ပေါက်ဖွားသည့်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရေးကိစ္စအပေါ် ရှုမြင်သုံးသပ်ချက် မှန်ကန်၍ တည်ငြိမ်သန့်စင်ခြင်းကြောင့် တန်ဖိုးမြင့်လာရခြင်းတည်း။

သူတို့သည် သမီးရည်းစားထားခြင်းမှအစ အိမ်ထောင်ရေးနယ်အထိ အေးချမ်းမှုဖြင့်သာ အစစအရာရာကို ပြီးမြောက်စေချင်သူများ ဖြစ်သည်။

ထိုရည်စူးချက်အရ သူတို့သည် မိမိတို့နှင့် အဆင့်အတန်းတူသူတို့ကိုသာ ရွေးချယ်လေ့ရှိသည်။ ပညာအရည်အချင်းအရသော်လည်းကောင်း၊ ဘဝအတွေ့အကြုံနှင့် အသိတရားအရသော်လည်းကောင်း၊ မတိမ်းမယိမ်းရှိသူများကိုသာ ရွေးချယ်တတ်ကြသည်။

စိတ်ရင်းကောင်းသူများ၊ စိတ်ထားမြင့်မြတ်သူများ၊ အသိတရားနှင့် အဆင်ခြင်ဉာဏ်ရှိသူများ၊ စာဖတ်သူများ၊ တတ်လမ်းကို အစဉ်တစိုက် ရှာဖွေသူများ၊ ခွင့်လွှတ်တတ်သည့် အမြင်လောကအပေါ် ကြည့်မြင်နိုင်သူများသည် သူတို့နှင့် ပေါင်းဖက်၍ ဖြစ်နိုင်သူများပင်တည်း။

ချစ်ရေးကိစ္စနှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင် ပြုမူသူများဖြစ်၍ ယင်းပြဿနာအပေါ် ဆိုးဝါးစွာ မြင်လေ့မရှိပေ။ အသည်းကွဲခြင်း၊ လွမ်းနာကျခြင်း၊ အချိန်တုန်ပြီး လေလွင့်နေခြင်းစသော ချစ်ရေးကိစ္စ အဆွယ်အပွား ဒုက္ခများနှင့်လည်း တွေ့ခဲလှသူများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝတွင် တတိယအဆင့်အနေဖြင့်သာ စဉ်းစားစီစဉ်ရမည့် ယင်းကိစ္စအတွက်နှင့် အချိန်ကုန်မခံနိုင်ကြချေ။

အချစ်ရေးအတွက်နှင့် ပုံပျက်ပန်းပျက် ပူဆွေးတမ်းတရခြင်းများသည် သူတို့နှင့်မဆိုင်ပေ၊ စိတ်ကိုဖြေ၍ အစားထိုးနိုင်သော အချစ်အတွက် တန်ဖိုးရှိလှသောဘဝကို အဆုံးသတ်ရေးကိစ္စကို သူတို့သည် စိတ်ကူး၍ပင်မရချေ။

ချစ်ရေးကိစ္စကိုလည်း တာဝန်ကြီးတစ်ရပ်အနေဖြင့် လေးနက်စွာ စဉ်းစားလုပ်ဆောင်သင့်သည်ဟု ယုံကြည်သဖြင့် အချို့သမီးရည်းစားပင် ထားချိန်မရလိုက်ချေ။

ယောကျ်ားများကို အလှဖြင့်ဖျားယောင်းပြီး ချစ်တမ်းကစားတတ်ကြသော မိန်းမလှလေးများ၏ အန္တရာယ်ကိုကား အရှောင်ဆုံးဖြစ်၏။

ထိုမိန်းကလေးများနှင့် သူတို့သည် စပ်စပ်ယှက်ယှက်ဆက်ဆံခြင်းပြုသည်ကို တွေ့ရလိမ့်မည် မဟုတ်ပေ။ အလှကိုပြ၍ ဆွဲဆောင်သော ချစ်ခြင်းမေတ္တာသည် ပေါ့ပျက်သဖြင့် သူတို့သည် နှစ်သက်လိမ့်မည် မဟုတ်ကြောင်း သိသာ၏။ သူတို့သည် အဆင်းသမားများကို အထင်ကြီးသူများမဟုတ်၍ အဆင်းသမားများ မိန်းမချောကလေးများ၏ အလှနှင့် ချောက်ခြားအောင်မြူဆွယ်ခြင်းများကလည်း တုန်လှုပ်ကာ ယိုင်ကျသွားရန် ခဲယဉ်းလှ၏။



www.burmeseclassic.com

www.burmeseclassic.com



လူငယ်သည် လူငယ်ပီပီ အလှအပ (အဆင်း) ကိုမက်မော စိတ်ရှိသော်လည်း အချင်းစိတ်ဓာတ်ကောင်းမွန်မှု အရည်အချင်းနှင့်တွဲမှသာလျှင် ထိုအဆင်းသမားကို ဆက်ဆံလက်ခံမည် ဖြစ်သည်။

အဆင်းကို အဓိကထားသော ချစ်ရေးသည် ရွှံ့တုံးကို ရေစိမ်၍ထားသကဲ့သို့ တဖြည်းဖြည်း ပျော်သွားမည်ကို နားလည်ပြီး ဖြစ်သည်။

သူတို့နားလည်မှုသည် ရင့်ကျက်သဖြင့် အဆင်းကို တပ်မက်ပြီး ပေါ်ပေါက်လာသည့် အရှုပ်အထွေးနှင့် အခြားမလို လားအပ်သော ပြဿနာများ မရှိနိုင်ချေ။ မရှိနိုင်အောင်လည်း သူတို့တွင် သတိနှင့်တွဲလျက် အသိဆင်ခြင်ဉာဏ်ရှိ၏။

ချစ်မှုရေးရာသည် ဘဝနှင့်ကင်းကွာသည့် ပြဿနာ တစ်ရပ်မဟုတ်ပဲ ဘဝ၏အစိတ်အပိုင်းတစ်ခုပင် ဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်ကြ၏။ သဘောပေါက်ထားသည်နှင့် အညီ ဘဝ၏ ရှန်းကန်လှုပ်ရှားမှုနှင့်အတူ သီးခြားစဉ်းစားလေ့ မရှိပေ။

အမှန်စင်စစ်လည်း ချစ်ရေးချစ်ရာသည် ဘဝ၏အစိတ် အပိုင်းတစ်ဝက်နှင့် ဆိုင်လေသည်။ အကြောင်းကား ရှိ၏။ ဘဝ သည် အခြားလူမှုရေးများကြောင့် အသက်ဝင်လှုပ်ရှားနေသကဲ့



www.burmeseclassic.com

www.burmeseclassic.com



သို့ အချစ်ရေးကိစ္စ ကင်းမဲ့ပြန်ပါကလည်း မလွဲမသွေ သာယာမှု တင်းမဲ့သွားမည် ဖြစ်သောကြောင့်တည်း။

ချစ်မေတ္တာအပေါ် အမြင်မှန်ရှိသော လူငယ်တို့၏ အမြင်သည် ယင်းအတိုင်းပင်ရှိ၏။

ယင်းအတိုင်းပင်ဆိုသည်မှာ ချစ်မှုရေးရာသည် ဘဝတွင် အရေးမကြီးသော်လည်း သူတို့ကို အမိကထား၍ မရကြောင်း မဖြစ်ကြောင်းဆိုသည့် အချက်ပင် ဖြစ်သည်။

သူတို့သည် အချစ်ကိစ္စနှင့်ပတ်သက်ပြီး ရှေ့လော မကြီးချေ။ အတင်း မဖန်းတီးပေ။ မိန်းကလေးက စာလာမှသာ ဖြစ်နိုင်မည်ဟူ၍လည်း ယောကျာ်းမာန် တစ်ခွဲသားနှင့် တင်း၍ မခံနေတတ်ပေ။

တစ်ဖက်သတ်အနိုင်မယူတတ်ပေ။ အသာရနေစေဦးတော့ ငွေကြေးဂုဏ်ပကာသနအရှိန်အဝါဖြင့် မိမိထက် ဆင်းရဲနွမ်းပါးသည့် မိန်းကလေးကို ဖိလေ့နိုင်ထက်စီးနင်းပြုတတ်ကြခြင်း မရှိသည်ကို တွေ့ရလေသည်။

သူတို့သည် ချစ်ယာင် နှစ်သက်ယောင်ဖန်းပြပြီး ဖျက်လိုဖျက်ဆီး လုပ်လေ့ ရှိသူများ မဟုတ်သဖြင့် မိမိတို့၏ သိက္ခာထိပါးရလောက်အောင် ပုံမျက်ပန်းပျက် လိုက်လျောခြင်း၊ တွေ့ဝေခြင်း၊ ယိမ်းယိုင်ခြင်း ဖြစ်ကြလိမ့်မည် မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ချစ်တတ်သည့် စိတ်သည် ယိုစိမ့်၍ ထွက်လေ့ရှိသော စိမ့်စမ်းရေပမာ ရှားရှားပါးပါး နိုင်လှ၏။ မချစ်လျှင်အမြဲချစ်လျှင်လည်း စွဲစွဲမြဲမြဲ ဆိုရလောက်အောင် ချစ်ခြင်း၊ စိတ်ဝင်စားခြင်း စသည်ရှိပြီး ပြတ်သား၏။

တစ်ကယ်ချစ်ရကောင်းမလား၊ အပျော်ကြံရကောင်းမလား ဆိုသည့်တွေဝေမှု မရှိချေ။ အပျော်ကြံမည့်စိတ်ကူးနှင့်လည်း တွေဝေပြီး အချိန်ကုန်လေ့ မရှိ။

လူငယ်တို့၏ ချစ်ခြင်းမေတ္တာကား မတည်မငြိမ်သည်တများသော်လည်း ပါရမီရှိသူများပမာ ချစ်မှုရေးရာ၌ ဖြူစင်မှုတစ္စာစဉ်းစားပြုမူနိုင်သူများ ရှိပေရာ လူငယ်တို့၏ ချစ်ခြင်းမေတ္တာသည် ဤသို့ဤနှယ် တစ်ပုံစံတည်း ရှိသည်ဟူ၍ကား ဆုံးဖြတ်၍ရမည် မဟုတ်ချေ။

အချစ်ရှူး ရူး၍ မိုက်မဲစွာပြုမူတတ်သော လူငယ်အချို့တို့ကြည့်ပြီး လူငယ်တို့၏ ချစ်ခြင်းမေတ္တာ အတိမ်အနက်နှင့် အသိတရားပေါင်းစပ်သည့် အယူအဆရေးရာတို့ကို သိရှိနိုင်ဖို့ မလွယ်ကူကြောင်း နားလည်ရန်လို၏။

အချစ်မှုရေးရာပြဿနာသည် လူငယ်တို့၏ ဘဝပထမပိုင်းတို့ အတော်ပင် ကိုင်လှုပ်နိုင်စွမ်းရှိသော်လည်း သတိတရား အသိ



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်ဉာဏ်တရားရှိသော လူငယ်တို့၏ ဘဝကား စိတ်ဝင်စား မွဲလောက်သာ တတ်နိုင်ပေသည်။

အချစ်သည် တစ်ဖက်စွန်းသို့ ရောက်အောင် စိတ်ကူးယဉ်လွန်းသော လူငယ်တို့၏ ဘဝကိုသာ ယိမ်းယိုင်အောင်ပြုလုပ်နိုင်စွမ်းရှိ၏။

သူ့အချစ်သည် လူငယ်တိုင်း၏ ဘဝကို အဆုံးအဖြတ်ပေးနိုင်သည့် လူမှုရေး တစ်ရပ်တော့ မဟုတ်ချေ။

❋



www.burmeseclassic.com

www.burmeseclassic.com



## အချစ်နှင့်ပတ်သက်၍ ယောကျာ်းတို့၏ တကယ့်ခံစားချက်များ

ယောကျာ်းတို့သည် အခွင့်အခါကောင်းများကို အသုံးချ၍ မိန်းမသားများအပေါ် အမြတ်ထုတ်သော ဖျော်ပါးတတ်ကြသော်လည်း ခံစားချက်သူများပင်ဖြစ်၍ အချစ်နှင့် ပတ်သက်ပြီး တကယ့် ခံစားချက်များ ရှိကြသည်သာ ဖြစ်သည်။

တကယ့် ခံစားချက်များရှိသည်ဟုဆိုရာတွင် လူနည်းစုသာ ဖြစ်၏၊ ယောကျာ်းအနည်းစုသည် သမီးရည်းစားထားသည့် တိစ္ဆမှအစ အိမ်ထောင်ပြုသည်အထိ မိမိကိုတကယ်ချစ်ခင်စုံမက်သော မိန်းမကိုမှ အချိန်ပေး ရွေးချယ်လေ့ရှိသည်၊ အချိန်ပေး၍ ရွေးချယ်သည့်အတိုင်း တစ်ကယ်ပင် ချစ်ကြင်နာစွာ ပေါင်းသင်း ဆက်ဆံကြလေသည်။

ကြည့်ရှု၍ ဘယ်လိုမှ ဝင့်တယ်ခြင်းမရှိသော မိမိ၏ ဇနီးသည်အား လူရှေ့သူရှေ့တွင် ကလေးငယ်တစ်ယောက်ပမာ ကြင်နာယုယစွာပြုစုသည့် ယောကျာ်းတစ်ယောက်ကို တွေ့မြင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရဖူးသည်။ ယင်းဖြစ်ရပ်သည် ယောကျ်ားဏ် တကယ့်မေတ္တာဖြစ်သည်။

ယောကျ်ားတို့သည် မိန်းမသားအပေါ် ဖြူစင်သန့်ရှင်းစွာချစ်နိုင်ရန် ခဲယဉ်းလှသည်။

ဆိုလိုသည်မှာ မိန်းမသားတစ်ယောက်အပေါ် ထားရှိသောယောကျ်ားတစ်ယောက်၏ချစ်ခြင်းမေတ္တာသည် ထောင့်ငါးရာစိတ်ကများပြီး အကြောင်းရှိလျှင် အတော်အတန် အနစ်နာခံနိုင်သည့် ငါးရာ့နှစ်ဆယ့်ရှစ် မေတ္တာမျိုးက နည်းပါး၏။

ချစ်၍ယူထားသော မိမိ၏ ဇနီးကို သာယာမှုယူပြီးသည်နှင့်လှည့်၍ပင် မကြည့်ချင်တော့ဟု ဆိုသည့် ယောကျ်ားအများအပြား၏စကားကို ထောက်လျှင် ယောကျ်ားအများစု၏ မိန်းမများအပေါ် ထားရှိသည့် ချစ်ခြင်းသည် မည်သည့်အဆင့်တွင်ရှိသည်၊ မည်သို့သောသဘော သက်ရောက်သည်ကို အလွယ်တကူ သိနိုင်ကြလေသည်။

ဤသဘောထားယူဆချက်သည် ယောကျ်ားအများစု၏တစ်ကယ့်ဖြစ်ရပ်မှန်ကို အရှိအတိုင်း မီးမောင်းထိုးပြချက် တစ်ရပ်ပင် ဖြစ်သည်။ အပိုမပါပေ။ လို၍ဖြည့်ရန်သာ ရှိမည်ဖြစ်၏။

တကယ့်ခံစားချက်နှင့် မိန်းမသားတစ်ယောက်အပေါ် ထားရှိသော ယောကျ်ားတစ်ယောက်၏ ချစ်မေတ္တာသည် ဖော်ပြပါ



www.burmeseclassic.com

www.burmeseclassic.com



သဘောထားနှင့် လုံးဝကွဲပြားလေသည်။ သူတို့လို ယောကျ်ားမျိုးများသည် အဆင့်အတန်းအားဖြင့် ပြောပလောက်အောင်ရှိချင်မှရှိမည်ဖြစ်သော်လည်း ချစ်တတ် ကြင်နာတတ်သည့် စိတ်ထားကား မိန်းမသားတစ်ယောက်အတွက် လုံလောက်အောင်ရှိလေသည်။

မိန်းမသားအပေါ် ချစ်ကြင်နာရသည့်အတွက် အတော်အတန် ဒုက္ခတွေ့ရခြင်းကိုပင် အရသာအဖြစ် ခံစားကြရသည်။ သူတို့တွင် မည်သူ့ကိုမျှ ရက်စက်တတ်ခြင်း မရှိသကဲ့သို့ မိန်းမသားတစ်ယောက်အပေါ်တွင်လည်း အမြတ်ထုတ်၍ သွေးစုပ်ရန် မကြံစည်ရက်ပေ။ နားလည်လွယ်သော စကားနှင့်ပြောရလျှင် သူတို့သည် သွေးသားသောင်းကျန်းသည့် ယောကျ်ားတို့ထဲတွင် ပါဝင်သူများမဟုတ်သဖြင့် အချစ်နှင့်ပတ်သက်လာလျှင် မိမိတို့ဘက်မှ အနစ်နာခံ၍ ချစ်ရခြင်းမျိုးကိုသာ စဉ်းစားလေ့ရှိကြပေသည်။

စင်စစ် မှန်မှန်၊ တိတိ ကျကျ ဟုတ်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ 'ချစ်ခြင်းသည် ရယူရန်မဟုတ်၊ ပေးအပ်ရန် ဖြစ်သည်' ဆိုသည့် သဘောကို နှလုံးပိုက်ထားကြသူများ ဖြစ်၍ နီးစပ်ရေးကို ကြိုးစားပြီး လိုရာကိုနှိုက်၍ သုံးသည့် ချစ်ခြင်းမျိုးလည်း မဟုတ်ချေ။ သူတို့၏ ချစ်ခြင်းမေတ္တာသည် စံပြနေရာတွင် မှတ်

www.burmeseclassic.com



သည့်တိုင်အောင် တော်ရုံအဆင့်အတန်းရှိ မိန်းမများအဖို့ ညင်းဆန်ဖို့ မရှိချေ။

သူတို့သည် အခြား ယောကျ်ားတို့ကဲ့သို့ပင် မိန်းမများ၏ ဓလေ့စရိုက်(အကြောင်း)ကို သိကြသည်သာ ဖြစ်သည်။ မိန်းမဟူသည် စိတ်ဓာတ်အားနည်းသည့်အလျောက် ဟိတ်ဟန်အစရှိသော တုန်လှုပ်ဖွယ်ရာများနှင့် ခြိမ်းခြောက်လျှင် တစ်နေ့မဟုတ်တစ်နေ့၊ တစ်ကြိမ်မဟုတ် တစ်ကြိမ်တွင် ပျော့ကျသွားသည့်တများကြောင်း သိမြင်ကြဖူးရုံသာမက အတွေ့များလည်း ရှိခဲ့ကြမည်သာ ဖြစ်သည်။

သို့ရာတွင် ယင်းအားနည်းချက်ကို ဆုပ်ကိုင်၍ အပေါ်စီးယူရန် စိတ်ကူးကြမည် မဟုတ်ပေ။ မိန်းမမြင်လျှင် ဘယ်ပုံဘယ်နည်းဖြင့် အမြတ်ထုတ်ရပါ့ဆိုသည့် သိုက်တူး ယောကျ်ားအချို့နှင့် စေတနာထားပုံခြင်း ကွာခြားလှ၏။ အချစ်(ဝါ) ချစ်ခြင်းသည် မိမိတို့အဖို့ နစ်နာမှု အတော်အတန်ပါသော အကျိုးအမြတ်တစ်စုံတစ်ရာကို ပေးလိုက်သည့်အနေမျိုးသာ ဖြစ်သည်။ ဖြစ်သင့်သည်ဟု မြင်ကြသလို အနစ်နာမခံချင်သည့်တိုင်အောင် မျှတမှုရှိစေရန်ကား သတိထားကြ၏။

သူတို့၏အမြင်တွင် ချစ်ရေးကိစ္စကို လူမှုရေးတစ်ရပ်အနေဖြင့် အဆင့်အတန်းရှိရှိ သတ်မှတ်ထားကြလေသည်။ ချစ်ရေးကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်နှင့် သွေးသားအတွက် ဖြေဖျော်စရာတစ်ရပ်အဖြစ် မယူဆပေ၊ မိန်းမများကို မိမိတို့ထက် နိမ့်ကျသည့် (အထင်သေးစရာကောင်းသူများ) ဟူ၍လည်း စွဲလမ်းချက်မရှိ။

မိန်းမသားများဘက်မှ အလွန်အမှားရှိလာသည်ပဲထား၊ အေးချမ်းတည်ငြိမ်စွာ စဉ်းစားကာ ခွင့်လွှတ်နိုင်သယောက်ျား ခွင့်လွှတ်လေ့ ရှိကြသည်၊ မိမိတို့၏ အမှားများတမင် ဖန်တီး၍ ကိုယ်ကျိုးရှာကြကာ ဖြူမူခဲ့ခြင်းများ ရှိခဲ့သည်ကို ပြန်လည်သတိရပြီး စာနာထောက်ထားလေ့ရှိကြသည်၊ အပေါ်စီးရသည့်တိုင် စိတ်ကိုထိန်း၍ မလွန်မကျွံစကားမျိုးကိုသာ ပြောဆိုနိုင်ကြ၏၊

အတွေ့အကြုံ နည်းပါးသော လူငယ်ပိုင်းအနေဖြင့်မူ အချစ်နှင့်ပတ်သက်လာလျှင် တမင်ဖန်တီး၍ပင် ခံစားချက်ထားလေ့ရှိသည်ကို တွေ့ရှိရ၏။ သူတို့လို လူငယ်များသည် အချစ်ကို ကိုးကွယ်ရာပမာပင် ထင်သည့်အခါများ ရှိခဲ့လေသည်၊ သူတို့တွင် အချစ်နှင့်ပတ်သက်လာလျှင် စိတ်ကို လွှတ်၍ ပေးထားတတ်ကြသည်ဟူ၍ ဖြစ်၏။

ယင်းသို့သာ စိတ်အရသာခံစား၍ အတွေ့နယ်ချဲ့တတ်ကြသော်လည်း စစ်စစ် မှန်ကန်သော ခံစားမှုများ ပေါက်ကြောင်းတော်ရှုနှင့် မရိပ်မိကြပေ၊ မသိကြချေ၊ စိတ်ကြိုက်မိန်းကလေးတွေ့တိုင်း ချစ်ချင်သလို ဖြစ်မိတတ်ကြသည်။ အခါအခွင့်သင့်



www.burmeseclassic.com

www.burmeseclassic.com



လျှင် မြေစမ်းခရမ်းပျိုး ပြုချင်ကြသည်။

တိကျစွာဆိုရလျှင် ချစ်သည်လည်းမဟုတ်၊ အမြတ်ထုတ်သည်လည်း မမြည်ဘဲ ရှုပ်ရှုပ်ထွေးထွေးတွေးကာ . . . စိတ်ဆန္ဒရှိသည့်အတိုင်း အကောင်အထည်ဖော်ချင်ကြသည်၊ စည်းမစောင့်သောလူငယ် အများအပြားသည် အချစ်ကို ယင်းသို့ပင် သရုပ်ဖော်ကြလေသည်။ အပျော်ဟုဆိုပြီး စည်းကျော်ကာ ဒုစရိုက်ပြုသည့်အဖြစ်သို့ ခြေချမိပြီးသား ဖြစ်သွားကြ၏။ သူတို့ထဲတွင် အချစ်နှင့်ပတ်သက်ပြီး ကြားချက်ကို ယင်းသို့ပင်ထင်ကာ တစ်ဒင်ပျော်ပါ၊ နောက်ဆုံးတွင် မထင်သည့် ဝေဒနာတစ်ရပ်ကို ခံစားရလေတော့၏။

အသည်းကွဲသည်ဆိုသည့် ဝေဒနာပင်ဖြစ်သည်။ မိန်းမသား တစ်ယောက်သည် အချစ်ရေးကိစ္စနှင့်ပတ်သက်ပြီး မှားမိမည်သာ ဖြစ်သည်။ အချို့ကား အမှားကြီးကြီး သေးသေးဆက်၍ မမှားသင့်တော့ဟု မြင်လာချိန်တွင် နစ်နာမှုနှင့်ပင် ဖြတ်တောက်ကာ ဘဝကို ရဲရဲဖြတ်သားစွာ စတင်၍ ပြုပြင်လေတော့သည်။ အထူးသဖြင့် မိမိကို ချစ်ပါသည်ဆိုသော ယောကျာ်းတစ်ယောက်၏ ချစ်မေတ္တာအပေါ် လုံးဝသံသယဝင်ကာ အယုံအကြည်ရှိ၍ မရတော့ချိန်တွင်ဖြစ်သည်။

ထိုအချိန်တွင် လူငယ်သည် စိတ်ကူးယဉ်မှုကို ဦးစားပေး



www.burmeseclassic.com

www.burmeseclassic.com



ကာ အပျော်သဘောထားခဲ့မိသည့် စိတ်ခံစားချက်သည် ပြောင်းလဲပြီး အသည်းကွဲတတ် သွားလေတော့သည်။ သည်နေရာတွင် လူ့သဘာဝပါ၏။ လွတ်သည့်ငါး ကြီးသွားခြင်းလည်းဖြစ်သည်။ ယောကျ်ားစိတ်ဆိုသော်လည်း ရအောင်ကြိုးစား၍ ရသည့် အကျိုးအမြတ်အပေါ် စိတ်ဝင်စားမှု လျော့သွား၍ အာမှုမထင်ဘဲလက်လွတ်သွားပါမှလွမ်းလားဆွေးလားလုပ်ကြပြန်လေသည်။

အချို့က မိုက်မဲမှုကို သတ္တိထင်ကာ အချစ်အတွက်နှင့် အသက်ကို အဆုံးရှုံးခံကြ၏။ ယင်းခံစားချက်သည် ဖိုမတို့ကြားတွင် ရှိထိုက်သည့် စိတ်အရည်အချင်းတစ်ရပ် မဟုတ်ချေ။ သို့သော် သူတို့သည် ထိုမျှလောက်အထိ အသိနယ်ပယ်တို ချုံ့ထွင်ချိန်မထားဘဲရှိသဖြင့် အလွမ်းအဆွေးထဲ လူးလိမ့်ရှင်းရှုံးမူးနေကြခြင်းဖြစ်သည်။

အချစ်အတွက် ခံစားချက်သည် မရှိမဟုတ်ရှိ၏။ ရှိသော်လည်း လူမြင်သူမြင်၊ လူသိသူသိ ဖြစ်ရလောက်အောင်ထိန်းသိမ်းနိုင်ခြင်း မရှိသော ခံစားချက်သည် ရောဂါဆိုသာဖြစ်ကြောင်း မြှရာရောက်လေသည်။ လူနားလည်လွယ်အောင် ပြောရလျှင် ပေါကြောင်ကြောင် ခံစားချက်သာ ဖြစ်လေသည်။

လေးနက်စွာ စဉ်းစားသူတိုင်းက သူတို့၏ ချစ်ဝေဒနာနှင့် ခံစားချက်ဒုက္ခတိုကြည့်ပြီး ပြုံးကြသည်ကို သူတို့သိကြပုံ ရသည်



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အမွေအနှစ်ခံစားသည့်နှယ် . . . လူငယ်အဆက်ဆက် ယင်းခံစားချက်ကိုပင် ဆက်လက်၍ ထိန်းသိမ်းခဲ့ကြ၏။ အချစ်၏ တစ်ကယ့် ခံစားချက်သည် လူသိသူသိ ပွဲဆွဲးခြင်းမဟုတ်ပေ။ မျက်ရည်ကလေး တစ်စမ်းစမ်းနှင့် မဖြစ်နိုင်သည်များကို တမ်းတကာ အလဟဿ အချိန်ကုန်ခံခြင်းလည်း မမည်ချေ။

အချစ်နှင့်ပတ်သက်ပြီး လူတိုင်း အနည်းနှင့်အများဆိုသလို ခံစားဘူးကြဖို့ရှိလေသည်။ သို့ရာတွင် . . . အတွေ့အကြုံများ အရ တို့ထိရုံကလေး ခံစားဘူးသူ (အပျိုကြီး၊ လူပျိုကြီး) အထူးဖြစ်ခဲ့ဘူးသူများဆိုလျှင်လည်း တစ်ဖက်သတ် စိတ်ကူးယဉ်ပြီး ခံစားချင်၍ ခံစားခဲ့ရခြင်းမျိုးသာ ဖြစ်ပေလိမ့်မည်။

သူတို့မှလွဲလျှင် ဖြစ်ရိုးဖြစ်စဉ်အတိုင်း မြူမှုနေထိုင်ကြသူများအနေဖြင့်မူ ခံစားချက်ရှိကြမည်သာ ဖြစ်သည်။

မိန်းမသားများကား စိတ်ခံစားနုနည်းသူများဖြစ်၍ အချစ်ခံစားချက်ကြောင့် သူတို့သည် ကြုံလာလျှင် အလူးအလိမ့် ခံစားကြရသည်က များလေသည်။ ယောကျ်ားတို့အဖို့မူ သူတို့ထက် ခံသာသော်လည်း မိန်းမသားများထက်ပိုခံသော ယောကျ်ားအချို့လည်း ရှိ၏။

အချိန်အခါကိုစောင့်ပြီး လက်ထပ်ရန် စီစဉ်ကြသည့်ကို



www.burmeseclassic.com

www.burmeseclassic.com



သည်းခံ၍ မစောင့်နိုင်သဖြင့် သေကြောင်းကြံစည်သည့် ယောကျ်ားတစ်ယောက်၏ ညှဲ့ဖျင်းသည်ကို တွေ့ခဲ့ရဘူးပေ သည်။ စဉ်းစားကြည့်လျှင် ပုံသေတွက်၍မဖြစ်နိုင်သော အချက် တစ်ချက်ကို တွေ့ရပေသည်။ အချစ်နှင့်ပတ်သက်၍ ခံစားချက်တစ်ခုသည် အားပြော့သည်ဖြစ်စေ၊ အရှိန်အဟုန် ပြင်းထန်သည်ဖြစ်စေ ခံစားရသူတို့၏ အသိဆင်ခြင်ဉာဏ် ပြည့်ဝ မှု လျော့နည်းမှုပေါ်တွင်တည်၍ ခံစားရခြင်း ဝေဒနာ အပေါ် အပြင်းကွာခြားလေသည်။

ယောကျ်ားတို့သည် အချစ်ကိစ္စနှင့် ပတ်သက်၍ အလေး အနက်မထားသည်က များသော်လည်း လူသားများပင်ဖြစ်၍ တကယ့်အရေးအခင်းများ ကြုံသည့်အခါ ဖြစ်ရပ်ကိုလိုက်၍ အနည်းနှင့်အများ ခံစားကြရသည်သာ ဖြစ်သည်။ လူငယ်ပိုင်း တွင် အသည်းကွဲသည်ဟုဆိုသော စိတ်ဝင်စားဖွယ်အရေးအခင်း များ ရှိသော်လည်း၊ အခြားလူ့ဖြစ်ရပ်များထက်စာလျှင် သာမည ပြဿနာတစ်ခုသာ ဖြစ်လေသည်။

အသည်းကွဲပါသည်ဆိုသော လူငယ်တို့၏ ယောင်ရမ်း၍ မြည်ကျွေးသံတို့ကား ရေရှည်မခံပေ။ နာကျင်တုန်း၊ အရှုံးအမူး ဖြစ်တုန်း သက်သာစိမ့်သောဝှာ အော်ဟစ်လိုက်ခြင်းမျိုးသာ ဖြစ်၍ အရေးတယူပြုလျှင် ပြုသူသာ အရှုံးဖြစ်ဖို့ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ လူငယ်တို့၏စိတ်သည် မွေ့မွေ့ပျောက်ပျောက် မြိုးမြိုးပျောက်ပျောက်ပင် ဖြစ်သွားခြင်းပင်တည်း။

အချစ်ကိစ္စအပေါ် အထင်မကြီးဟုဆိုသော်လည်း မထင်ဘဲ ခံစားကြရသည့်အခါ ပေါ်ထွက်လာလေ့ရှိသော အသည်းကွဲစကားများသည် တကယ်ခံစားရကြောင်း သိသာလောက်ပေသည်။

❋



www.burmeseclassic.com

www.burmeseclassic.com



# ယောကျ်ားတို့ သံယောဇဉ်
# ထားတတ်သလား

သံယောဇဉ်ခေါ်တွယ်တာမှု အနှောင်အထဲသည် လူတို့တွင်သာမက လူလောက်အသိဉာဏ်မရှိသည့် တိရိစ္ဆာန်များတွင်လည်း ရှိလေသည်။ သံယောဇဉ်သည် နီးခြင်းဝေးခြင်းအပေါ်အတော်အတန် တည်ကြောင်း အတွေ့အကြုံများသူတိုင်း ပြောပြနိုင်ကြသော်လည်း ပုံသေမှန်ကန်သည်ကား မဟုတ်ပေ။

အမှန်တရားတစ်ခုမဟုတ်ဟု ဆိုခြင်းသည် သံယောဇဉ်ငြိတွယ်ခြင်းတိစ္စသည် ချစ်ရေး ချစ်ရာကဲ့သို့ သိမ်မွေ့နက်နဲလှ၏။ သည်နေရာသည် အဖြစ်အပျက်တစ်ခုတွင် မှန်မည်ဖြစ်သော်လည်း အရှေးအနှောင်း သို့မဟုတ် တစ်ခြားဖြစ်ရပ်တစ်ခုတွင် လွဲချော်ချင် လွဲချော်နေမည်ဖြစ်၏။

အိမ်ထောင်ပြိုကွဲပြီးနောက် ကျန်ရစ်သည့် သားသမီးများတို့ ယောကျ်ားကလုံးဝတာဝန်ယူလိုက်သည့်အဖြစ်လည်း ရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်၊ မိန်းမက လုံးဝတာဝန်ယူလိုက်သည့်အဖြစ်လည်း ရှိသည်။ ယင်းသို့ တာဝန်ယူသည့် နေရာတွင် သံယောဇဉ်ကိစ္စသည် အဓိကနိုးနိုး ပါဝင်၏။ သားသမီးများအပေါ် အမှန်ပင် သံယောဇဉ်ရှိသော်လည်း စီးပွားရေးကျွမ်းကျင်မှုကြောင့် တာဝန်မယူနိုင်သည့် ဖြစ်ရပ်များ ရှိသကဲ့သို့ တာဝန်ယူနိုင်လျက်နှင့် တမင်တာဝန်မဲ့ ပြုလုပ်သည့်ဖြစ်ရပ်များလည်း ရှိပေသည်။

တာဝန်ယူခြင်း သို့မဟုတ် တာဝန်မဲ့ပြုခြင်းသည် ယောကျ်ားဖြစ်ချင်လည်းဖြစ်မည်၊ မိန်းမဖြစ်ချင်လည်း ဖြစ်မည်၊ အဓိကအချက်ကား သံယောဇဉ်ထားတတ်သည့် စိတ်ဓာတ်နှင့် စီးပွားရေး အခြေအနေတို့ပင်ဖြစ်သည်။ သားသမီးများအပေါ် သံယောဇဉ်ကြီးမားသော်လည်း မိမိသည်ပင် အနိုင်နိုင် ရှာဖွေစားသောက်နေရသဖြင့် မျက်စိမှိတ်လိုက်ရသည့် မိန်းမများကို မကြာခဏ တွေ့ကြရလေသည်။

အချို့ မိန်းမပွေသော ယောကျ်ားမျိုးကျပြန်တော့လည်း မိမိသွေးပါသည့် သားသမီးများကို ဟင်းရွက်ကန်စွန်းပမာ လှည့်၍ပင် မကြည့်တော့ဘဲ ဇာတ်မြှုပ်ပစ်လိုက်တတ်ကြ၏။ မိမိနှင့်ရထားသော (လူသား) သားသမီးများကို ကျောက်ခဲဆလဲကဲ့သို့ တန်ဖိုးမထားဘဲ မေ့ဖျောက်ထားလိုက်ကြသည်။

သားသမီးများကို ရက်ရက်စက်စက်ပစ်၍ ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



နေရာတွင် မိန်းမသားများထက် ယောကျ်ားဦးရေက ပိုမိုများပြားလာသည်။ အကြောင်းတစ်ရပ်အနေဖြင့် ကြည့်ရှုသုံးသပ်ပါမူ အောက်ပါ အချက်အလက်အချို့ကို တွေ့ရှိရ၏။

(က) ယောကျ်ားသည် မိမိသွေးပါသည်မှန်သော်လည်း ကိုယ်တိုင်ဒုက္ခခံ၍ မမွေးရသဖြင့် ကိုယ်တိုင်မွေးရသည့် မိန်းမသားထက်စာလျှင် သားသမီးများအပေါ် သံယောဇဉ် လျော့နိုင်ခြင်း။

(ခ) လူ့သဘာဝအရ လူသည် အလွန်အမင်း အကျပ်အတည်းတွေ့ရှိရသည့်အခါမျိုးတွင် မိမိကိုယ်တိုင် ကိုယ်လွတ်ရုန်းရန်မှအပ အခြားနည်းကို စဉ်းစားလေ့မရှိခြင်း။

(ဂ) ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ မူလစိတ်ဓာတ်ကိုကပင် ရက်စက်ကြမ်းယုတ်သည့် အခြေအနေမျိုး ကိန်းအောင်းနေခြင်း။

ဤဖော်ပြချက်များသည် အမှန်တရား မဟုတ်သည့်တိုင်အောင် လက်တွေ့ဖြစ်ရပ်များအပေါ် အနီးစပ်ဆုံးသုံးသပ်ချက်များသာ ဖြစ်၏။ သံယောဇဉ်ထားခြင်း၊ ထားတတ်ခြင်း စသည်တို့သည် ဗီဇဆိုးယုတ်မှုဖြင့် အသိတရားရှိလာခြင်း၊ သိတတ်မှု ညွှန်းရှင်းလျက်ရှိသည့် အသိတရားထက်ပို၍ မတိုးပွားလာ



www.burmeseclassic.com

www.burmeseclassic.com



ခြင်း စသည်တို့ အပေါ်တွင်လည်း တည်ပေသည်။

သံယောဇဉ်ထားခြင်းနှင့်ပတ်သက်၍ ယောကျ်ားတိုင်း၏ သဘောထားသည် အရှင်ဖြစ်၏။ ပုံသေကားကျ မဟုတ်ကြောင်း အထက်ဖော်ပြပါ ဖြစ်ရပ်အချို့ကို စဉ်းစားဆင်ခြင်ခြင်းဖြင့် သိရှိနိုင်၏။ သံယောဇဉ်ထားခြင်းသည် အနေနီးမှု ဝေးမှု စသည်တို့ အပေါ်တွင်လည်း တည်ကြောင်း ပြောဆိုရဦးမည်ဖြစ်သည်။

အလွယ်တကူ ရထားသဖြင့် မိမိ၏ ဇနီးအပေါ် ချစ်ခင်စုံမက်လှခြင်း မရှိဟုဆိုသော ယောကျ်ားတစ်ယောက်ကို တွေ့ခဲ့ဖူးလေသည်။ ထိုယောကျ်ားသည် သူကြွေးကျော်သည့်အတိုင်း သူ့မိန်းမကို စိတ်ဝင်စားခြင်း မရှိလှသည်ကို တွေ့ရသည်။ သူ့တွင် အပြန်အလှန် စိတ်ဝင်စားသည့် မိန်းမပျိုသုံးယောက်ရှိသည်။ သို့ရာတွင် ထိုယောကျ်ားသည် ပြောမည့်သာပြောရသည်။ ငွေရပါက လက်ရှိမိန်းမကိုသာ ဝယ်ပေးဆင်ပေးခဲ့လေသည်။

ချစ်ခင်စုံမက်လှခြင်းမရှိသည်ကို သံသယရှိစရာအကြောင်း မမြင်သော်လည်း နေ့စဉ်နှင့်အမျှ တွေ့မြင်ပြီး အတူတကွ နေထိုင်ခဲ့ကြသဖြင့် ထိုသို့ ဝယ်ပေး ချမ်းပေးနေခြင်း ဖြစ်သည်။ သူ ဆက်သွယ်နေသော မိန်းမပျိုများကိုမူ အလုပ်များလွန်းမှုကြောင့် ထင်သလောက် ဂရုမစိုက်နိုင်ခဲ့ချေ။

မည်သို့ဖြစ်စေကာမူ အခြေအမြစ်ကို ဆန်းစစ်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့်အခါ နီးစပ်မှုကိုသွား၍ တွေ့ရှိရ၏။ ဘယ်လိုပင်ဆိုစေ သဘောထားစေကာမူ လူသဘာဝ နီးစပ်မှုအပေါ် ပို၍ သံယော ဇဉ် ပိုကြသည်သာ ဖြစ်ကြပေသည်။ ယောကျ်ားတို့သည်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။

နေ့စဉ် မြင်တွေ့ရဖန်များပြီး သံယောဇဉ်တွယ်ကာ ယူဖြစ် သွားကြသည့် အိမ်ထောင်အချို့ကို ဆန်းစစ်ကြည့်လျှင် နီးစပ်မှု ၏ အရေးပါပုံကို မြင်နိုင်ကြမည် ဖြစ်သည်။ သံယောဇဉ်သည် အသိဉာဏ်ရှိသော လူသားတို့တွင်သာမက တိရစ္ဆာန်များ၌လည်း အနည်းနှင့်အများဆိုသလို ရှိကြသည်ကို တွေ့ကြုံဖူးကြလေ သည်။

လူဆိုကတည်းက ယောကျ်ားတို့သည် ပါဝင်ပါသည်ဟု အထူးဆိုဖွယ်ရာ မလိုတော့ချေ။ သို့ရာတွင် ယောကျ်ားတို့သည် သားမယားအဖါအဝင် အိမ်ထောင်တစ်ခုအပေါ် မည်မျှသံယော ဇဉ် ကြီးမားကြောင်းကိုမူ ကြည့်ဖို့ရှိ၏။ ကြည့်ရှုလေ့လာသည်မှာ ယောကျ်ားတို့ဘက်မှ မထောင့်ကိုကြည့်လိုက်သည့်အခါ သံယောဇဉ် မထားချင်ကြသကဲ့သို့ တွေ့မြင်လာတတ်ခြင်းသာ ဖြစ်သည်။

၌ပြသနာတွင် အခြားအခြားသော အကြောင်းအချက် များအပြင် ယောကျ်ားတို့ သံယောဇဉ်ထားရာတွင် ပေါ့ဆသလို ရှိသည်မှာ ဘာကြောင့်ဆိုသည့် မေးခွန်းအတွက် အဖြေရှာရပေ



www.burmeseclassic.com

www.burmeseclassic.com



တို့ တွေ့မြင်နိုင်သေး၏။ ကောက်ချက်ချရန် အကြောင်းတစ်ရပ်ရှိသေး၏။ ၎င်းကား အခြားမဟုတ်၊ မိန်းမများထက်စာလျှင် အများအားဖြင့် စိတ်ဓာတ်ခိုင်မာသောကြောင့်ပင်တည်း။

အလုပ်အကိုင်ကြောင့် သားမသားများကို ထားခဲ့ပြီးနောက် အလုပ်ရှိရာသို့ ပြောင်းရွှေ့သွားရသည့် ယောကျ်ားတစ်ယောက်၏ အသည်းနှလုံးသည် နဂိုအတိုင်း မာကျောကျောကြီး ရှိနေမည်မဟုတ်ပေ၊ စိတ်ပူခြင်း၊ စိတ်မချခြင်း၊ စိတ်မကြည်လင်ခြင်း၊ ဝမ်းနည်းခြင်း၊ သက်ပြင်းချခြင်း စသည့် သံယောဇဉ်ရှိကြောင်း အရိပ်လက္ခဏာများကို တွေ့ရှိရမည်ဖြစ်သည်။ တစ်ရပ်တစ်ရွာတွင် ငါးစိမ်းမြင်ပြီး သံယောဇဉ်အသစ်ထားခြင်းတို့မှ တစ်မျိုးတစ်ဖုံ (သီးခြား) စဉ်းစားရမည်ဖြစ်သည်။

အချို့ဆိုလျှင် လှေနံနှစ်ဖက်နင်းမိသော်လည်း ကိုယ့်အမှားကိုသိကာ နှစ်ဖက်စလုံးအတွက် ကြိုးပမ်းမှုပြုသည်ကို တွေ့ရဖူး၏။ သူသည် စိတ်ဓာတ်အတော်အတန် ကြံ့ခိုင်သည့် ယောကျ်ားတစ်ယောက်ဖြစ်လင့်ကစား လူ့အစဉ်အလာ လူ့သဘာဝအရ နှလုံးသား၏ ခံစားမှုကိုကား လုံးဝတွန်းလှန်နိုင်၍ ဖြစ်သည် မဟုတ်ချေ။ သံယောဇဉ်ကြောင့် စိတ်မချမ်းမသာဖြစ်ရသည့် အစဉ်အလာသည် ရက်စက်လွန်းသူ အချို့သည်ပင် ပြန်ပြောင်း၍ ခံစားရသည်ကို မြင်တွေ့ကြားသိကြရဘူးမည် ဖြစ်၏။

သံယောဇဉ်သည် လူနှင့် သက်ရှိသတ္တဝါတို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



သာမညကိစ္စတစ်ရပ်မဟုတ်ချေ။

အိမ်ရှင်အနေကလည်း မိမိအိမ်မှ ခွေးသည် ဝဲစားမျိုးခင် ဖြစ်စေကာ သံယောဇဉ်ကြောင့် ဖြစ်နိုင်သလောက် ကျွေးမွေးလေသည်၊ အကာအကွယ်ပေးလေသည်၊ ဤအကြောင်းဖြစ်ရပ်တို့ ထောက်ဆလျှင် ယောကျ်ားတို့သည် သံယောဇဉ်တို့စွတို့ ဝစ်ပစ်ခါခါ ပြုနိုင်စွမ်းရှိကြမည် မဟုတ်ကြောင်း ထင်ရှားသည်။

လူသည် ကောင်းလည်း ကောင်းနိုင်သည်၊ ဆိုးလည်း ဆိုးနိုင်သည်၊ တစ်ခါတစ်ရံ အသိဆင်ခြင်ဉာဏ် လက်လွှတ်ပြီး ရုတ်စက်၍ ပြုမူလိုက်ခြင်းအပေါ် မူတည်၍ စဉ်းစားဆုံးဖြတ်တာ လူတစ်ယောက်၏ဘဝကို တရားသေ သတ်မှတ်ချက်ရရန် မဖြစ်ပေ၊ သံယောဇဉ်သည် ယင်းသဘောများပါသည်၊ ဆိုလိုသည်မှာ အထက်တွင် ပြဆိုခဲ့သည့် ဖြစ်ရပ်များအတိုင်း အခြေအနေအကြောင်းကြောင်းကြောင့် ပစ်၍ထားခြင်းများ ပြုလုပ်သည့်တိုင်အောင် သံယောဇဉ်မကုန်ဘဲ ရှိတတ်၏။

သံယောဇဉ်သည် သဘာဝတရားဖြစ်သည်၊ လူသားဖြစ်သော ယောကျ်ားတို့သည် သဘာဝတရားကိုကား လွန်ဆန်နိုင်စွမ်း ရှိရလောက်အောင် အစွမ်းအစရှိကြသည် မဟုတ်ကြောင်း နားလည်ကြရဖို့ရှိ၏။

❖



www.burmeseclassic.com

www.burmeseclassic.com



## ယောကျ်ားတို့၏အကြောင်း နိဂုံး

ယောကျ်ားဆိုးတစ်ယောက်နှင့် နှစ်ရှည်လများ ပေါင်းခဲ့ရဖူးသော မိန်းမတစ်ယောက်သည် ယောကျ်ားဆိုသည့် နာမည်ကိုပင် မကြားချင်လောက်အောင် ဖြစ်သွားတတ်သည်ကို ကြုံရကြားရဖူးလေသည်။

BURMESE CLASSIC

အချို့ကား ဤမျှမခါသော်လည်း သွားသတိ၊ စားသတိဆိုသကဲ့သို့ပင် ယောကျ်ားတို့နှင့် ဆက်ဆံရသည့်အခါမျိုးတွင် အထူးသတိထားလေ့ရှိကြသည်။

ဟုတ်လည်းဟုတ်ပေသည်။ ဖြစ်သင့် ဖြစ်ထိုက်သော ရွံ့မုန်းမုန်းသွားခြင်းဟူ၍လည်း ဆိုရမည်ဖြစ်၏။ ယောကျ်ားအချို့သည် အခြားအရေးများတွင် ဆိုးချင်သည့်အခါ ပြောစမှတ်ပြုရလောက်အောင် ဆိုးလေ့ရှိသကဲ့သို့ မိန်းမသားများ အပေါ်တွင်လည်း အမြတ်ထုတ်၍ ဆိုးကြလေသည်။

အခြားကိစ္စများတွင် ဆိုးသည့်အခါ ယောကျ်ားမှုတစ်



www.burmeseclassic.com

www.burmeseclassic.com



ထောတ်သည် ထောင်ထဲသို့ သွားရရှိခဲ့သော်လည်း မိန်းမ
သားများနှင့်ပတ်သက်ပြီး လိမ်မာပါးနပ်စွာ ဆိုလာသည့်အခါတွင်
မူ ခံစားရသူ မိန်းမသားအဖို့ မျက်ရည်ကျရသည့် ဒုက္ခမှအစ
ထော်စန်းကျင်အသိုင်းအဝိုင်း၌ အရှက်တကွဲ အကျိုးနည်း ဖြစ်ရ
သည်အထိ မဟာဝရဲ၌ ကြုံရလေတော့သည်။

စင်စစ် မိန်းမသားများကို သေသေချာချာ ဒုက္ခပေးနိုင်ကြ
သူများတား ယောကျ်ားတို့သာ ရှိလေသည်။ ယောကျ်ားသည်
မိန်းမသား၏ သဘာဝ အပေါင်းအဖော်ဟု ဆိုသော်လည်း
ထိုယောကျ်ားဖြစ်သူက ကောက်ကျစ်စဉ်းလဲစွာ ဆက်ဆံလိုတ်
သည်နှင့် အလွန်ကြောက်စရာကောင်းသည့် အတွင်းရန်သူ
ဖြစ်သွားပေတော့သည်။

BURMESE CLASSIC

အမှန်လည်း ယောကျ်ား အတော်များများသည် မိန်းမ
သားများတို့ အယုံသွင်းပြီး ဖျက်လိုဖျက်ဆီးပုံစံမျိုး ပြုနေကြသည်
မှာ များ၏။ တိကျပြတ်သားသလို ထင်ရသည့် ယောကျ်ားတို့၏
စိတ်ဓာတ်သည် အချစ်ရေး အိမ်ထောင်ရေးတို့နှင့် ပတ်သက်လာ
လျှင် ပြွတ်သားသည်ကများ၏။ ချစ်ခင်စုံမက်သဖြင့် မိန်းမ
သားတို့ ရာသက်ပန် ပေါင်းဖော်ခွင့်ကို မရရအောင် တောင်း၏။

နောက်ဆုံး ရရှိသွားသည်။ ထိုအခါ စိတ်သည် တစ်ဖို့
ပြောင်းလျှော့နိုင်သည်။ ရထားသည့် မိန်းမသားကပင် ကြေနပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



မရှိသယောင်ယောင် ငြီးငွေ့သယောင်ရယောင် ဆိုလေ့ ရှိကြသည်။

ဤအချိန်တွင်မှ ဤစကားမျိုးကို ပြောလာသဖြင့် မိန်းမသားကား စိတ်မချမ်းမသာ ဖြစ်ရသည်မှအပ ဘာမျှ မတတ်နိုင်တော့ချေ။

အားလုံးခြေလွန်လက်လွန် ဖြစ်ခဲ့ကြပေပြီ။ အချို့ကလည်း သားသမီးများရရှိကာမှ ယင်းသို့ ပြုမူပြောဆိုတတ်သည်။

မရခင်ဖျာလိုလိပ် ထိပ်ပေါ်တင်၊ ရပြီး ဖျာလိုခင်း ခြေနင်းဆိုသည့် ယောကျ်ားစိတ် သဘာဝ သရုပ်ဖော်စကားရပ်ကား မှန်ကန်လှပါဘိ၏။

BURMESE CLASSIC .com

ဤသည်ပင်လျှင် ယောကျ်ားတို့အကြောင်းအတွက် မခံသည့် နိဂုံးပင် ဖြစ်၏။

သန်းဇေမြင့်

❁



www.burmeseclassic.com